# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၂၈၁)


# ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သူများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၇

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများနှင့် ဘက်စုံပညာ ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

### တက်ရောက်

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မြဝင်း(အငြိမ်းစား)၊ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### အမှန်တကယ်တတ်မြောက်ကြရန် လို

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ နိုင်ငံတော်တွင် လိုအပ်နေသည့် နည်းပညာနှင့် လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများဆိုသည့် ပညာရေးစတုဂံ အားကောင်းရန်လိုကြောင်း၊ ကျောင်းသားက ပညာကိုတတ်အောင်ကြိုးစားသင်ယူ၊ ဆရာများကပညာကို တတ်မြောက်အောင် သင်ကြားပေး၊ မိဘများက သားသမီးများအတွက် ပညာရေးကို အားပေး၊ အုပ်ချုပ်ရေး တာဝန်ရှိသူများက ရုပ်ဝတ္ထုများနှင့် သင်ထောက်ကူပစ္စည်းများအပါအဝင် အေးချမ်း၊ လုံခြုံ၊ ပျော်ရွှင်စွာဖြင့် ပြည့်စုံသည့် သင်ကြားရေးပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးပြီး ဝိုင်းဝန်းကူညီ အထောက်အကူပေးကြခြင်းဖြင့်


စာမျက်နှာ ၃ ကော်လံ ၁ ❑





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ပထမဆုရ မဆုလင်းထက်အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**ကလေးသူငယ်များ မုဒိမ်းမှုကျူးလွန်ခြင်းမခံရအောင် အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေ၊ မိမိကိုယ်ကို ကာကွယ်ခုခံနိုင်စွမ်းမရှိသေးတဲ့ ကလေးသူငယ်တွေ၊ ကိုယ်စိတ်နှစ်ပါး တစ်ခုခု ချို့ယွင်းနေသူတွေကို မိဘအုပ်ထိန်းသူတွေက သတိထားပြီး စောင့်ရှောက်ဖို့လိုပါတယ်**


စကားဝိုင်းဆွေးနွေးပွဲ စာ » ၈


**အာဖဂန်တွင် ငြိမ်းချမ်းရေးရရှိရေးအတွက် တာလီဘန်များနှင့် အာဖဂန်နိုင်ငံရေးသမားများ တွေ့ဆုံ**


နိုင်ငံတကာသတင်း စာ » ၁၄



C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

မြန်မာ့အလင်း

# ပုဂံအမွေအနှစ်ဒေသကို အကြောင်းပြု၍

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ် (၄၃) ကြိမ်မြောက် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက ဆုံးဖြတ်သတ်မှတ်လိုက်သည့်သတင်း ထွက်ပေါ်လာသောအခါ မြန်မာနိုင်ငံသူ နိုင်ငံသားများ ဝမ်းသာအားရဖြစ်ကြ၊ ဂုဏ်ယူဝင့်ကြွားကြသည်ကို တွေ့မြင်ရသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်နှင့် ပတ်သက်၍ ဂုဏ်ယူနေကြချိန်တွင် ရန်ကုန်တက္ကသိုလ်ဝင်းထဲက ကျောင်းသားသမဂ္ဂ အဆောက်အအုံ ပြိုကျပျက်စီးခဲ့သည့် (၅၇) နှစ်ပတ်လည်ကာလနှင့် တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုဖြစ်နေသည်။

ရန်ကုန်တက္ကသိုလ်ဝင်းထဲက ကျောင်းသားသမဂ္ဂအဆောက်အအုံသည် မြန်မာ့သမိုင်းအမွေအနှစ်၊ အမျိုးသားအမွေအနှစ် တစ်ခုဟုဆိုလျှင် မမှားပါ။ အဆိုပါ ကျောင်းသားသမဂ္ဂ အဆောက်အအုံထဲမှာ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၏ တိုက်ပွဲခေါ်သံများ မြည်ဟိန်းခဲ့သည်။ သည်အဆောက်အအုံထဲကပဲ အပြီးသတ် မြန်မာ့လွတ်လပ်ရေးကို မရအရယူခဲ့ကြသော နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး တပ်ဦးခေါင်းဆောင် အများအပြားကို မွေးဖွားပေးခဲ့သည်။ သည်သမဂ္ဂအဆောက်အအုံအတွင်းမှာ တိုင်းပြည်နှင့် လူမျိုးအတွက်၊ အမှန်တရားအတွက်၊ လူ့အခွင့်အရေးအတွက်၊ ဒီမိုကရေစီရေးအတွက် စွန့်စားရဲဝံ့သော အနစ်နာခံခဲ့ကြသော ခေတ်အဆက်ဆက်က သူရဲကောင်းတို့၏ ဝိညာဉ်များ ရှိနေခဲ့သည်။

မြန်မာ့လွတ်လပ်ရေးရရှိခဲ့ရာတွင် သမဂ္ဂအဆောက်အအုံ၏ ကျေးဇူးများ များစွာပါရှိခဲ့သည်ဟုလည်း ဆိုနိုင်ပါမည်။

လွတ်လပ်ရေးရပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအထွေထွေ ပြန်လည်ထူထောင်ရေးတို့ကို အတော်အတန် တည်ငြိမ်မှုရအောင် တည်ဆောက်နေချိန်မှာ အာဏာသိမ်းမှုဖြစ်သည်။ ထိုအာဏာသိမ်းမှုနှင့်အတူ ပါလီမန်ဒီမိုကရေစီစနစ်ကို လုံးလုံးလျားလျား ဖျက်သိမ်းပစ်လိုက်သည်။

ထိုအချိန်မှစ၍ မြန်မာနိုင်ငံသည် ဒီမိုကရေစီအခွင့်အရေးများ တစစယုတ်လျော့လာခဲ့ပြီး အခွင့်ထူးခံများ ကြီးစိုးလာခဲ့ကာ ဒီမိုကရေစီအမှောင်ဖုံးသွားတော့သည်။

ထိုစဉ်က အာဏာသိမ်းအစိုးရ၏လုပ်ရပ်ကို စတင်၍ အကြီးအကျယ်ဆန့်ကျင်ပုန်ကန်ကြသူများမှာ ကျောင်းသားများဖြစ်၏။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ၏ ကန့်ကွက်မှု၊ ဆန့်ကျင်မှု အရှိန်အဝါကား ကြီးမားလှသည့်အားလျော်စွာ အစိုးရသည် ပြင်းပြင်းထန်ထန် ကိုင်တွယ်နှိပ်ကွပ်ခဲ့သည်။ သည်လို နှိပ်ကွပ်ရာတွင် ကျောင်းသားဆန့်ကျင်မှုကို ကိုင်တွယ်သည့် သဘောသက်သက်မျှမကတော့ဘဲ အာဃာတပါ ပါဝင်လာသည့်အခါ အလွန်အကျွံဖြစ်သော တုံ့ပြန်မှုများက ပိုမိုဆိုးရွားသည့် ရလဒ်များကို ဖြစ်ပေါ်စေခဲ့လေသည်။

အထူးသဖြင့်မူ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့လက်အောက်မှာကတည်းက စတင်သည့် ခေတ်အဆက်ဆက် အစဉ်အလာကြီးမား၍ သမိုင်းတန်ဖိုးမြင့်မားလှသည့် ကျောင်းသားသမဂ္ဂအဆောက်အအုံကို လက်နက်အင်အားသုံးကာ ဖြိုချဖျက်ဆီးလိုက်ခြင်း၊ ကျောင်းသားများအား ကိုယ်ထိလက်ရောက် အန္တရာယ်ပြုဖြိုခွဲခြင်း၊ ကျောင်းသားကျောင်းသူ အများအပြားကို ဖမ်းဆီးအရေးယူခဲ့ခြင်း စသည်တို့က အာဏာသိမ်းအစိုးရနှင့် ကျောင်းသားလူငယ်တို့အကြား စေ့စပ်မရနိုင်လောက်အောင် ဖြစ်ခဲ့ရသည့် အကြိတ်အခဲကြီး ဖြစ်ခဲ့သည်။

အထက်တွင်ဆိုခဲ့သကဲ့သို့ ကျောင်းသားသမဂ္ဂဟူသည်က မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ၏ တပ်ဦးသဖွယ်ဖြစ်သည့် အဖွဲ့အစည်း။ ကျောင်းသားသမဂ္ဂ အဆောက်အအုံဆိုသည်က လွတ်လပ်ရေးတိုက်ပွဲ၏ ကျယ်လောင်မြည်ဟည်းသော တိုက်ပွဲခေါ်သံပေါ်ထွန်းခဲ့ရာ ဘူမိနက်သန် နေရာမှန်ဖြစ်ခဲ့သည်နှင့်အညီ သမိုင်းတန်ဖိုးများ၊ လွတ်လပ်ရေး၏ အနှစ်သာရများပါဝင်နေသည့် အမျိုးသားအမွေအနှစ် အဆောက်အအုံတစ်ခုဟု ဆိုရပါမည်။ ယင်းအမျိုးသားအမွေအနှစ် ကျောင်းသားသမဂ္ဂအဆောက်အအုံ မရှိတော့ပြီ။

ဤသို့ ဥပမာများက မြန်မာနိုင်ငံတွင် များစွာရှိနေသည်။ သည်လိုကြားကပင် နိုင်ငံအတွင်းမှာ သဘာဝအမွေအနှစ်များ၊ သမိုင်းအမွေအနှစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များက အများအပြားကျန်ရှိနေသေးသည်။

သမိုင်းအမွေအနှစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားအမွေအနှစ်များဆိုသည်က တန်ဖိုးထားကာ ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါသည်။ တန်ဖိုးနားမလည်၍ သမိုင်းကို ကွယ်ဖျောက်ဖျက်ဆီးလို၍ဖြစ်စေ၊ မသိလိုက်မသိဘာသာဖြစ်စေ၊ ငွေရလိုမှု အစရှိသည့် ရေတိုအကျိုးစီးပွားကိုသာမြင်၍ဖြစ်စေ အလွယ်တကူဆုံးရှုံးသွားအပ်သည့် အရာများမဟုတ်ပါ။

အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သည့် ခိုင်မာသော ဥပဒေများနှင့် ထိုဥပဒေတို့အတိုင်း လိုက်နာကျင့်ဆောင်အောင် ထိန်းချုပ်ကိုင်တွယ်နိုင်ရေး အစရှိသည်တို့ကို အလေးအနက်ထား ဆောင်ရွက်ကြရမည့် အချိန်ရောက်ပြီဟု တင်ပြလိုက်ရပါသည်။ ။

## (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲ ကျင်းပ

**သုံးခွ ဇူလိုင် ၇**

ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတ တိုးပွားလာစေရန်နှင့် စာဖတ်ရှိန်မြင့်မားလာစေရန် ရည်ရွယ်၍ ပညာရေးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျင်းပသော (၇၂) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် (မြို့မ) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်ထွေးက အာဇာနည်နေ့သမိုင်းကြောင်းနှင့် လူကုန်ကူးမှု အန္တရာယ်တားဆီးကာကွယ်ရန်အသိပညာပေး ဟောပြောခဲ့ပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာနဒုဦးစီးမှူး ဒေါ်စန်းစန်းမော်က စားသုံးရန်မသင့်သည့် အစားအသောက်များနှင့် အန္တရာယ်ဖြစ်စေနိုင်သော အစားအစာများ၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးနည်းလမ်းများ ပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူ ၄၀၀ တက်ရောက်ခဲ့ပြီး ပြန်/ဆက်ဦးစီးဌာနတို့မှ ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုမှတ်သားကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အာဇာနည် တိုင်းပြည်အထွတ်မို့

❊ လွမ်းမျက်ရည် ဖြိုင်ဖြိုင်ကျ
ဇူလိုင်လ ဆယ့်ကိုးမှာ။
မသမာ လူတစ်သိုက်
ရိုင်းမိုက်ခဲ့ရာ။
ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေမှာ
သက်၊ ခန္ဓာစတေး။
ယနေ့တိုင် မေ့မရတယ်
တမ်းတ ပူဆွေး။

❊ တိုင်းပြည်အတွက် အသက်ကိုပေးလို့
သွေးနဲ့ရေးခဲ့ တစ်ရံခါဆီ
သမိုင်းသက်သေတည်။
ကိုယ်ကျိုးမကြည့် မြတ်ဂုဏ်ရည်
လူပီတဲ့ လူသား။
အာဇာနည် တိုင်းပြည်အထွတ်မို့
ဦးညွှတ်တို့များ။ ။

**အောင်မြင့်စိုး(ရေစကြို)**

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် နိုင်ငံတကာအဆင့် အင်ဂျင်နီယာပညာရေးအသိအမှတ်ပြုခံရရေး ကြိုးပမ်းဆောင်ရွက်နေ

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် နိုင်ငံတကာအဆင့် အင်ဂျင်နီယာပညာရေး အသိအမှတ်ပြုခံရရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လမ်းမတော်မြို့နယ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးတွင် ယမန်နေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက အဖွင့်အမှာစကားပြောကြားသည်။

“ကျွန်တော်တို့ရဲ့အင်ဂျင်နီယာ အရည်အသွေးဟာ ၂၀၀၄ ကတည်း ကစခဲ့တာပါ။ အခု ၂၀၁၉ ခုနှစ် ဇွန်လအတွင်းမှာတော့ ထူးခြားတဲ့မှတ်တိုင်နှစ်ခု ဖြစ်ခဲ့ပါတယ်။ တစ်ခုကတော့ အင်ဂျင်နီယာပညာရေး အရည်အသွေးအာမခံမှုဆိုင်ရာလုပ်ငန်းစဉ်ကို ဒေသတွင်းမှာ အသိအမှတ်ပြုခံရပါတယ်။ အဲဒီဒေသက အာရှ-ပစိဖိတ် ဒေသတွင်းပါ။ သူတို့အဖွဲ့အစည်းနာမည်က ဖီးယက်လို့ခေါ်ပါတယ်။ အာရှနဲ့ ပစိဖိတ် ဒေသတွင်းမှာရှိတဲ့ အင်ဂျင်နီယာအဖွဲ့အစည်းတွေရဲ့ အသင်းချုပ်လို့ ပြောလို့ရတာပေ့ါ။ သူတို့ရဲ့ စံချိန်စံညွှန်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ ကိုက်ညီတယ်ဆိုပြီး အသိအမှတ်ပြုတာခံရပါတယ်။ နောက်တစ်ခုက နိုင်ငံတကာ ဝါရှင်တန်သဘောတူညီချက်ဆိုင်ရာ အင်ဂျင်နီယာမဟာမိတ်အဖွဲ့ဆိုတာ ရှိပါတယ်။ အဲဒီအဖွဲ့က ဒီနှစ်မှာတော့ ကျွန်တော်တို့ကို ယာယီအဖွဲ့ဝင်အဖြစ် လက်ခံလိုက်ပါတယ်” ဟု အင်ဂျင်နီယာ အထူးပြုဘာသာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌဒေါက်တာ ဇော်မင်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥပဒေနှင့်အညီ ဖွဲ့စည်းပြီးနောက် ပထမအကြိမ် အာဆီယံနိုင်ငံများ၏ အပြန်အလှန် အသိအမှတ်ပြုမှု အစီအစဉ်အရ အာဆီယံဒေသတွင်းအဆင့်၊ ဒုတိယအာရှ-ပစိဖိတ်ဒေသတွင်းအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်အထိ တက်လှမ်းနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်တွင် အင်ဂျင်နီယာပညာရေးနှင့် မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာများ အချင်းချင်းအပြန်အလှန် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်ခွင့်ပြုရေးတို့ပါဝင်ပြီး သတ်မှတ်ချက်များ၊ စံနှုန်းများပြည့်မီအောင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် ကြိုးစားဖြည့်ဆည်းခဲ့ကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နည်းပညာတက္ကသိုလ်များ၏ ဘွဲ့သင်တန်းများ၊ စိစစ်အသိအမှတ်ပြုရေးဆိုင်ရာလုပ်ငန်းများ၊ Awareness training နှင့် workshop များ၊ အင်ဂျင်နီယာများ၏ အရည်အချင်း အရည်အသွေး ပြည့်ဝမှုဆိုင်ရာလုပ်ငန်းများနှင့် training workshop များ၊ တွေ့ဆုံဆွေးနွေးပွဲများ မြောက်မြားစွာကျင်းပ၍ စနစ်ကျအောင် မဟာဗျူဟာစီမံချက်များချမှတ်ခဲ့ပြီး နိုင်ငံတကာ အဖွဲ့အစည်းများတွင် နိုင်ငံကိုယ်စားပြု အဖွဲ့ဝင်အဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ကြိုးပမ်းမှုအရ အာဆီယံနိုင်ငံများ ဒေသတွင်းအဆင့် ACPE လက်မှတ်များ၊ RFPE လက်မှတ်များထုတ်ပေး၍ အပြန်အလှန်အသိအမှတ်ပြု ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ Washington Accord တွင် Full Signatory Status အဆင့်ရရှိပါက နိုင်ငံတကာအဆင့် အင်ဂျင်နီယာ ပညာရေးအသိအမှတ်ပြုခံရရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# တာမွေမြို့နယ်၌ ရာသီတုပ်ကွေးရောဂါ အသိပညာပေး

**ရန်ကုန် ဇူလိုင် ၇**

တာမွေမြို့နယ်အတွင်းရှိ ပြည်သူများ ရာသီတုပ်ကွေးရောဂါ Influenza A (H1N1)အပါအဝင် လေထုထဲမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများအကြောင်း သိရှိနားလည်ပြီး ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်တတ်စေရန် ရည်ရွယ်၍ ယနေ့ နံနက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ရာသီတုပ်ကွေးရောဂါ ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များအား မြို့နယ်အတွင်းရှိ ကားမှတ်တိုင်များ၊ ဈေးများ၊ ဘူတာများ၊ လက်ဖက်ရည်ဆိုင်များနှင့် လမ်းဆုံလမ်းခွ များအပါအဝင် လူစည်းကားရာနေရာများတွင် ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။

အဆိုပါလက်ကမ်းစာစောင်များတွင် ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်၍ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်တတ်သော နည်းလမ်းများ၊ မကူးစက်နိုင်အောင် ကာကွယ်နည်းများ၊ ရောဂါလက္ခဏာများ၊ ရောဂါဖြစ်ပွားတတ်သည့် အသက်အရွယ်၊ အပိုင်းအခြားများ၊ ရာသီတုပ်ကွေးရောဂါမှတစ်ဆင့် ပြင်းထန်အဆုတ်ရောင်ရောဂါဖြစ်ပွားမှုများ၊ ရောဂါဖြစ်ပွားပါက ကုသနည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းစွာ နေထိုင်ခြင်းများအကြောင်း အသေးစိတ် ရှင်းလင်းတင်ပြထားသည်။

**နိုင်လင်းအောင်(တာမွေ)**




လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးစဉ်။

# လုံ့လဝီရိယ လျှော့လို့မဖြစ်

**ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့ မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။**

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

❑ *ရွှေဖုံးမှ*

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကဏ္ဍသည် တိုးတက်လာမည်ဖြစ်ကြောင်း၊ ပညာရေးစနစ်များ မည်သို့ပင် ပြောင်းလဲသင်ကြားသည်ဖြစ်စေ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သတ်မှတ်ထားသည့် အတန်းလိုက် ပညာရပ်များအား အမှန်တကယ် တတ်မြောက်ကြရန် လိုကြောင်း ပြောကြားသည်။

**ဘောင်အကန့်အသတ်မရှိ နက်ရှိုင်းကျယ်ပြန့်**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ယနေ့ကမ္ဘာ့နိုင်ငံ အသီးသီးသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတ မည်မျှပင် ပေါကြွယ်ဝသည်ဖြစ်စေ လူသားအရင်းအမြစ် ကြွယ်ဝမှုမရှိလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကောင်းစွာဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူသားအရင်းအမြစ် ပေါကြွယ်ဝစေရန်အတွက် မျိုးဆက်သစ်လူငယ်များကို ပညာရေးကဏ္ဍ အထူးမြှင့်တင် ဆောင်ရွက်ပေးနေကြသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ယနေ့ လူငယ်များဖြစ်သည့် မောင်မယ်တို့သည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်ကြမည့် မျိုးဆက်သစ်များဖြစ်ကြောင်း၊ အခြေခံပညာများကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မောင်မယ်တို့သည် အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူကြရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာများကို သင်ယူကြသည့် အခါတွင်လည်း မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ဆက်လက်သင်ယူကြရန်၊ မိမိတို့၏ ဘာသာရပ်သင်ရိုးညွှန်းတမ်းများအပြင် အထွေထွေဗဟုသုတများကိုလည်း ဆက်စပ်လေ့လာကြရန်လိုအပ်ကြောင်း၊ ပညာဆိုသည်မှာ ဘောင်အကန့်အသတ်မရှိ နက်ရှိုင်းကျယ်ပြန့်ကြောင်း၊ ထို့ကြောင့် မိမိ၏ကာယ၊ ဉာဏစွမ်းအားအပေါ်မူတည်ပြီး ထူးချွန်ထက်မြက်မည်ဖြစ်ကြောင်း၊ ပညာတတ်ချင်းတူလျှင် စဉ်ဆက်မပြတ်လေ့လာ ဆည်းပူးနေသူက သာလွန်သည်ကို အစဉ်သတိချပ်ရန် လိုသည်ကို မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ ဘက်စုံထူးချွန်လူငယ်များ၊ နိုင်ငံတော်အဆင့်ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း ဆုရရှိသူများနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ခံရသော ကျောင်းသား၊ ကျောင်းသူများ၏ ထူးချွန်ဆုရရှိမှု၊ ဂုဏ်ပြုဆုချီးမြှင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာ အထက်တန်းကျောင်း၊ တပ်မတော်ပညာရေးကျောင်းများမှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် အကောင်းဆုံးပထမဆုရရှိသော အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(မင်္ဂလာဒုံ) အောင်ဆန်းသူရိယလုသောင်းကျောင်း၊ ဒုတိယဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၊ တတိယဆုရရှိသည့် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း(သိန်းနီ)တို့မှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံ အရာရှိများအားလည်းကောင်း၊ အောင်ချက် အကောင်းဆုံးပထမဆုရရှိသော အမှတ်(၃) တပ်မတော်ပညာရေး ကျောင်း(အောင်ပန်း)၊ ဒုတိယဆုရရှိသည့် အမှတ်(၂) တပ်မတော် ပညာရေး ကျောင်း(မိတ္ထီလာ)၊ တတိယဆုရရှိသည့် အမှတ်(၆) တပ်မတော်ပညာရေးကျောင်း (မော်လမြိုင်)တို့မှ ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအား လည်းကောင်း၊ တပ်မတော် အခြေခံပညာ အထက်တန်းကျောင်း ၂၆ ကျောင်းနှင့် တပ်မတော်ပညာရေး ကျောင်း ကိုးကျောင်းအတွက် ငွေသားဆုများကို တာဝန်ရှိသူများအား လည်းကောင်း ပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ၂၀၁၈-၂၀၁၉ ပညာသင်နှစ် စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားများနှင့် အခြေခံပညာ စတုတ္ထတန်း အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ပထမဆုရရှိသော မဆုလင်းထက်တို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက (၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသူများအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (၆)ဘာသာဂုဏ်ထူး ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသားများအား လည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က (၆)ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

**အဝေးရောက်ချီးမြှင့်**

ယနေ့ကျင်းပပြုလုပ်သော ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော် အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်း၊ တပ်မတော်ပညာရေးကျောင်း သုံးကျောင်း၊ (၁)ဘာသာနှင့် (၂)ဘာသာဂုဏ်ထူး ရရှိခဲ့သူစစ်သည် ၃၂ ဦး၊ တပ်မတော် သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သား အမှုထမ်းများ၏ သားသမီးများဖြစ်သော (၆)ဘာသာ ဂုဏ်ထူးရှင် ၃၈ ဦး၊ (၅)ဘာသာ ဂုဏ်ထူးရှင် ၇၂ ဦး၊ (၄)ဘာသာ ဂုဏ်ထူးရှင် ၈၈ ဦး၊ (၃)ဘာသာ ဂုဏ်ထူးရှင် ၁၀၆ ဦး၊ နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၆ ဦးကို လည်းကောင်း၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲဆုရရှိသူ ငါးဦး၊ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ပညာသင်ဆုရရှိသော တပ်မတော်သားမိသားစုဝင်များနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီး ၈၃ ဦး စုစုပေါင်း ၄၆၀ တို့အား ဂုဏ်ပြုရွှေပြားဆု၊ ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အတူပညာဒါနစေတနာရှင် အလှူရှင်များမှ လှူဒါန်းငွေများဖြင့် တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများမှ (၁)ဘာသာ ဂုဏ်ထူးရရှိသူ ၆၉၃ ဦးနှင့် (၂) ဘာသာဂုဏ်ထူးရရှိသူ ၂၀၇ ဦး စုစုပေါင်း ၉၀၀ တို့အား ဂုဏ်ထူး (၁)ဘာသာလျှင် ဂုဏ်ပြုငွေ ၁၀၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း အဝေးရောက်ချီးမြှင့်ခဲ့သည်။

**ပြည်ပလေ့လာရေးခရီး စီစဉ်ဆောင်ရွက်**

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သား အမှုထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ခုနှစ်မှ စတင်ပေးအပ်ခဲ့ရာ ယခုအကြိမ်သည် အဌမအကြိမ်မြောက်ဖြစ်ပြီး စုစုပေါင်း (၆) ဘာသာဂုဏ်ထူးရှင် ၃၁၆ ဦး၊ (၅)ဘာသာဂုဏ်ထူးရှင် ၆၄၆ ဦး၊ (၄) ဘာသာဂုဏ်ထူးရှင် ၁၀၃၈ ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၁၁၉၅ ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် ၁၅၆၃ ဦးနှင့် (၁) ဘာသာဂုဏ်ထူးရှင် ၅၄၀၃ ဦးတို့အား ဂုဏ်ပြုရွှေသားဆုနှင့် ငွေသားဆုများ ချီးမြှင့်ပေးခဲ့သည်။ ထို့ပြင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ပညာသင်ဆုများကိုလည်း ချီးမြှင့်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ၇၂ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၈၆ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၈၂ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၈၁ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၈၄ ဦးနှင့် ယခုနှစ်တွင် ၈၃ ဦး ပေးအပ်ခဲ့ပြီးဖြစ်သဖြင့် စုစုပေါင်း ၄၈၈ ဦးအား လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်းနှင့် ဆုရရှိသူများအနက် ထူးချွန်စစ်သည်များနှင့် ဘက်စုံထူးချွန်လူငယ်များကို ၂၀၁၃ ခုနှစ်မှ စတင်၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း ထပ်မံ၍ ပြည်ပလေ့လာရေးခရီး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၇**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မောင်တောမြို့တွင် ၄ ဒသမ ၁၄ လက်မ၊ ညောင်လေးပင်မြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ပလက်ဝမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ တောင်ငူ(လေကြောင်းမိုးလေဝသ)တွင် ၂ ဒသမ ၈၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မဒေါက်မြို့တွင် ၂ ဒသမ ၄၈ လက်မနှင့် သံတွဲမြို့၊ အမ်းမြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ဘောဇနသာလာ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီး ဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ မြသိန်းတန်ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လှူဒါန်းပြီးသော ဘောဇနသာလာ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြသိန်းတန်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဇာဂရနှင့် အလှူရှင်ကျောင်းဒါယကာကြီး သုဓမ္မဇောတိကဓဇ ဦးထွန်းဖေနှင့်ဇနီးကျောင်းဒါယိကာမကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်တို့က ဘောဇနသာလာ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇ အဂ္ဂမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြသိန်းတန်ကျောင်းတိုက် ပဓာနနာယက မဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တဇာဂရနှင့် အလှူရှင်တို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ရေစက်ချပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဗန်းမော်ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အလှူရှင်မိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

**ပရိတ်တရားတော်များ နာယူ**

ယင်းနောက် ဆရာတော်ကြီးများနှင့် သံဃာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြသိန်းတန်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇာဂရနှင့် အလှူရှင်တို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်

ယင်းနောက် ဘဒ္ဒန္တ နာရဒါဘိဝံသ(လှုရတနာ)ဆရာတော်အား အမှူးထား၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် မဟာဗောဓိဉယျာဉ် ဗုဒ္ဓခြေတော်ရာပါဒစေတီဂန္ဓကုဋီကျောင်းတော်အတွက် အလှူငွေ ၁၀၈ သိန်းကျပ်ကို အလှူရှင်မိသားစုက ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက သြဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စေတီယင်္ဂဏပဝရ သိရီမဟာ ဓမ္မဂုရု လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး၊ အလှူရှင်မိသားစုနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်

ရန်ကုန် ဇူလိုင် ၇

**မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟိုဆောက်လုပ်ရေးသင်တန်းကျောင်း (သုဝဏ္ဏ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်သမားတစ်ဦးအား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်စဉ်။** သတင်းစဉ်

**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ NSSA ကော်မတီဝင်များ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၊ GIZ၊ Swiss-contact နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ရ လုပ်သားများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)အနေဖြင့် လုပ်ငန်းခွင်တွင်းရှိ ကြီးကြပ်ရေးမှူးအဆင့်နှင့် ကြီးကြပ်ရေးမှူးအောက်ရှိ လုပ်သားများ၏ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်ရေး အတွက် တာဝန်ယူဆောင်ရွက်လျက် ရှိကြောင်း၊ ကျွမ်းကျင်မှုအဆင့်များကို အဆင့် (၄)ဆင့် ခွဲခြားသတ်မှတ်၍ စစ်ဆေးလျက်ရှိကြောင်း၊ လက်ရှိတွင် ကျွမ်းကျင်မှုအဆင့် (၁) နှင့် အဆင့် (၂) တို့ကို စတင်စစ်ဆေး အကဲဖြတ်နိုင်ခဲ့ကြောင်း၊ အဆင့် (၃) နှင့် အဆင့် (၄) ကို ဆက်လက်စစ်ဆေး အကဲဖြတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်သားများကို ၂၀၁၄ ခုနှစ်မှစ၍ လုပ်ငန်း ကျွမ်းကျင်မှုအလိုက် စစ်ဆေးအကဲဖြတ်ခဲ့ရာ ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းမှ ဖြေဆိုသူပေါင်း ၁၃၄၄၅ ဦးရှိပြီး အမျိုးသား အဆင့်ကျွမ်းကျင်မှုအဆင့် (၁)နှင့် အဆင့် (၂)တွင် ၁၁၉၀၀ အောင်မြင်ခဲ့၍ ကျွမ်းကျင်လုပ်သားအဖြစ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း။

**ပူးပေါင်းဆောင်ရွက်ရန်လို**

NSSA သည် လုပ်ငန်းခွင် စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေး၊ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်အလုပ်အကိုင် ပြောင်းလဲမှု (Future of Work) နှင့်အတူ အလုပ်သမားများအတွက် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလေ့ကျင့်မှုများနှင့် ကျွမ်းကျင်မှု ဆန်းစစ်မှုများအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရန်လိုကြောင်း၊ NSSA သည် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်ကို အရည်အသွေးအာမခံချက်ရရှိရေး ISO 9001:2015 လက်မှတ်ရယူခဲ့ပြီး အာဆီယံနိုင်ငံများအတွင်း ကျွမ်းကျင်မှုစွမ်းရည် အပြန်အလှန်အသိအမှတ်ပြုနိုင်ရေး (Mutual Recognition of Skill) ကို ISO အကူအညီဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့စျေးကွက်တွင် Industrial 4.0 အတွက် ပြင်ဆင်နေကြပြီး နည်းပညာပြောင်းလဲမှုနှင့်အတူ Green Skill အပါအဝင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးပါ ပြောင်းလဲရန် လိုအပ်၍ အမျိုးသားအဆင့်လုပ်ငန်းစဉ်တွင် နယ်ပယ်အလွှာအသီးသီးမှ အားတက်သရော ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအထိ ရန်ကုန်တိုင်းဒေသကြီးနှင့် အောက်မြန်မာပြည်ရှိ NSSA ၏ စိစစ်အကဲဖြတ်ရေးဌာနများ၌ အလုပ်အကိုင် ၁၇ မျိုးတွင် စိစစ်အကဲဖြတ် အောင်မြင်ခဲ့သော ကျွမ်းကျင်လုပ်သား အမျိုးသား ၇၃၇ ဦး၊ အမျိုးသမီး ၄၃၅ ဦး စုစုပေါင်း ၁၁၇၂ ဦးကို အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သား Level 1 အသိအမှတ်ပြု လက်မှတ်များပေးအပ်၍ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၁၁ ခု၊ စစ်ဆေးရေးမှူး ၃၈ ဦးကို NSSA ၏ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ရာ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သည် မြန်မာတစ်နိုင်ငံလုံး အလုပ်အကိုင် ၂၃ မျိုးအတွက် ကျွမ်းကျင်လုပ်သား အမျိုးသား ၈၆၃၁ ဦး၊ အမျိုးသမီး ၃၂၆၉ ဦး စုစုပေါင်း ၁၁၉၀၀ ကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇေယျာသီရိမြို့နယ်၌ တောင်သူများအား နည်းပညာပေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ သစ်တပ်အုပ်စု သပြေပင်ကျေးရွာ၊ ရှားစေးဖိုကျေးရွာနှင့် ကျွန်းရောင်းအုပ်စု ရွှေပေးကျေးရွာများရှိ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ခင်းများအတွင်း ငမြှောင်တောင်ပိုးကျရောက်မှု ရှိမရှိကို ဇူလိုင် ၄ ရက်က နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်မြမြလွင်၊ ဥတ္တရခရိုင် ဦးစီးမှူး ဦးထိန်လင်းဟန်၊ ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ကျေးရွာများရှိ ပြောင်းစိုက်တောင်သူများနှင့် တွေ့ဆုံကာ ငမြှောင်တောင်ပိုးကာကွယ်နှိမ်နင်းရေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ သင်ခန်းစာဆွေးနွေးပို့ချ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၅/ ၂၀၁၉)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

**ရန်ကုန် ဇူလိုင် ၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ဖွင့်လှစ်ကျင်းပသည့် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၅/ ၂၀၁၉)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သင်ခန်းစာဆွေးနွေးပို့ချသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာ ဆရာမများ အဓိကဆောင်ရန်ရှောင်ရန် ကိစ္စရပ်များကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စာရင်းတွင်ရှိသော်လည်း ကျောင်း၌မရှိသည့်ကိစ္စရပ်များ၊ ခွင့်မဲ့ကိစ္စရပ်များ၊ လူမှုရေးရှုပ်ထွေးသည့်ကိစ္စရပ်များကို လုံးဝမဖြစ်ပေါ်လာစေရန် အရေးကြီးပါကြောင်း၊ ထို့ပြင် ဘဏ္ဍာရေးကိစ္စများကိုလည်း လုပ်ထုံးလုပ်နည်းများအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ညွှန်ကြားချက်များထုတ်ပြန်ထားသည့်အတိုင်း လက်ဆောင်ပစ္စည်းများပေးခြင်း၊ ယူခြင်းကိုလုံးဝမပြုလုပ်ရန် လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုကို တိုက်ဖျက်နေခြင်းဖြစ်သည့်အတွက် ဆရာ ဆရာမများအနေဖြင့် စံပြပြုမူနေထိုင်ကြစေလိုပါကြောင်း၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအနေဖြင့် အလယ်တန်းပြီးမြောက်ပြီး အထက်တန်းသို့တက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို ဘာသာတွဲရွေးချယ်မှု မှန်ကန်စေရန် အကြံပြုလမ်းညွှန်သင့်ပါကြောင်း၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံဘာသာများတွင် ထူးချွန်ကြသည့် A အဆင့်ဖြင့်အောင်သော ကျောင်းသား ကျောင်းသူများသည် ဝါသနာပါရှိပါက မည်သည့် ဘာသာတွဲကိုမဆို သင်ယူသင့်ပြီး B ၊ C အဆင့်နှင့်အောင်မြင်သူအနေဖြင့် ဘာသာတွဲရွေးချယ်မှုမှန်ကန်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် A ဖြင့် အောင်မြင်သည့် ကျောင်းသား ကျောင်းသူများကို A+ အဆင့်ဖြင့် ပိုမိုထူးချွန်ထက်မြက်လာအောင်၊ B အဆင့်ဖြင့်အောင်သည့် ကျောင်းသား ကျောင်းသူများကို A အဆင့်ရောက်လာအောင်နှင့် C အဆင့်ဖြင့်အောင်သည့် ကျောင်းသား ကျောင်းသူများကို B အဆင့်သို့ရောက်လာနိုင်ရေးအတွက် သင်ကြားပို့ချပေးရန် လိုအပ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် သင်တန်းတွင် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအတွက် ပိုမိုအကျိုးရှိစေရန် သင်ရိုးများကို အသစ်ပြင်ဆင်ရေးဆွဲထားပြီး စီမံဘဏ္ဍာဘာသာရပ်၊ သင်ကြားရေးဘာသာရပ်နှင့် ကြီးကြပ်အကဲဖြတ်ဘာသာရပ်များကို အဓိကထားဆွေးနွေးပို့ချသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းတွင် သင်ခန်းစာပို့ချခြင်း၊ ဆွေးနွေးခြင်းနှင့်လက်တွေ့လုပ်ဆောင်ခြင်းများဖြင့် သင်တန်းကာလအတွင်း သင်တန်းနည်းပြများမှ ဆွေးနွေးခြင်းကို နားထောင်ရုံသက်သက်မဟုတ်ဘဲ သင်တန်းသားများမှ မိမိတို့ကိုယ်တိုင် ပါဝင်ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီးများအနေဖြင့် သင်ခန်းစာများကိုစိတ်ပါဝင်စားစွာလေ့လာခြင်းအားဖြင့် သင်တန်းမှသင်ကြားလိုက်သည့် သင်ခန်းစာများနှင့် မိမိတို့၏ အတွေ့အကြုံကောင်းများကိုပေါင်းစပ်၍ မိမိတို့ကျောင်းများကို ပိုမိုတိုးတက်စေရန် စီမံခန့်ခွဲနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "Survey of Improvements and Challenges in Basic Education"ခေါင်းစဉ်ဖြင့် ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက သိရှိလိုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အလယ်တန်းကျောင်းအုပ်နှင့် အထက်တန်းကျောင်းအုပ်သင်တန်းသား သင်တန်းသူ ၂၉၈ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇူလိုင် ၇ ရက်မှ ဇူလိုင် ၂၇ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပရောက်နီပေါနွယ်ဖွားများ၏ အာရှ-ပစိဖိတ်ဆိုင်ရာ သတ္တမအကြိမ်ညီလာခံနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယအကြိမ်မြောက် အမျိုးသမီးညီလာခံကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

ပြည်ပရောက်နီပေါနွယ်ဖွားများ၏ အာရှ-ပစိဖိတ်ဆိုင်ရာ သတ္တမအကြိမ်ညီလာခံနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယအကြိမ်မြောက် အမျိုးသမီးညီလာခံကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့တာမွေမြို့နယ်ရှိ Chatrium Hotel ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။ **(ဓါတ်ပုံ)**




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Krishna Udas၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Prakash Sharan Mahat နှင့် တာဝန်ရှိသူများက ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ အခမ်းအနားတွင် ပြသထားသည့် မြန်မာနိုင်ငံရှိ ထင်ရှားသော နီပေါနွယ်ဖွား(ဂေါ်ရခါး) လူမျိုးများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာ-နီပေါနှစ်နိုင်ငံ နိုင်ငံတော်သီချင်းကို ဖွင့်လှစ်အလေးပြုကာ နီပေါရိုးရာဆီမီးကို ထွန်းညှိ၍ ညီလာခံကိုဖွင့်လှစ်ပြီး နီပေါရိုးရာအကများ၊ မြန်မာ့တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ပြည်ပရောက် နီပေါနွယ်ဖွားများအသင်း- မြန်မာ (NRNA-Myanmar) ဥက္ကဋ္ဌ ဦးဝင်းတင်(ခ) S.B Chetry၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Krishna Udas ၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Prakash Sharan Mahat တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ပရောက် နီပေါနွယ်ဖွား ကိုယ်စားလှယ်များက နီပေါနွယ်ဖွား ဂေါ်ရခါးလူမျိုးများ၏ စွမ်းဆောင်ချက်များနှင့် စီးပွားရေး၊ လူမှုရေးတို့နှင့်စပ်လျဉ်း၍ တွေ့ရှိချက်များအပေါ် အကြံပြုဆွေးနွေးကြသည်။

ပြည်ပရောက် နီပေါနွယ်ဖွားများ၏ အာရှ-ပစိဖိတ်ဆိုင်ရာ ညီလာခံကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ဇူလိုင် ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခြင်းဖြစ်ကာ အခမ်းအနားသို့ မြန်မာနိုင်ငံရှိ နီပေါနွယ်ဖွား တစ်ရာကျော်နှင့်အတူ အာရှ-ပစိဖိတ်ဆိုင်ရာ ဒေသတွင်းရှိ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ နီပေါနွယ်ဖွား ၁၃၀ ကျော် တက်ရောက်ကြပြီး ဆဋ္ဌမအကြိမ် ညီလာခံကို ဟောင်ကောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်ပရောက်နီပေါနွယ်ဖွား(ဂေါ်ရခါး) များအနေဖြင့် အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်ရန်၊ မိမိနေထိုင်ရာနိုင်ငံနှင့် နီပေါနိုင်ငံတို့အပေါ် အလုပ်အကျွေးပြုနိုင်ရန်တို့အတွက် ရည်ရွယ်၍ ပြည်ပရောက် နီပေါနွယ်ဖွားများအသင်းက ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၆ ရက် နံနက် ၇ နာရီခွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ် (၈)၊ (၃၈) နှင့် (၄၅) တို့၌ တစ်ပြိုင်တည်း ကျင်းပစိုက်ပျိုးခဲ့သည်။ **(ယာပုံ)**



အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ဒုတိယရဲချုပ်များနှင့် ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ရုံးအမှတ် (၈)၊ (၃၈)နှင့် (၄၅) တို့၏ ပတ်ဝန်းကျင်သတ်မှတ်နေရာများတွင် ရတနာတန်းဝင်ကျွန်းပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်းပျိုးပင် ၁၂၀၀ ကျော်တို့အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပွင့်သောပန်းတိုင်း မွှေးအောင် ...

**တိုက်မောင်း**

**လူတိုင်း သစ်ပင်စိုက်ဖူးချင်မှ စိုက်ဖူးပါလိမ့်မည်။ လူအတော်များများကတော့ စိုက်ဖူးလိမ့်မည်ထင်ပါသည်။ အချို့က အစေ့မှ၊ အချို့ကအပင်ပေါက်ကလေး၊ အချို့က ကိုင်းဖြတ်၍ဖြစ်စေ တစ်နည်းနည်းဖြင့် စိုက်ပျိုးကြပါလိမ့်မည်။ မည်သို့ပင်ဆိုစေ မိမိစိုက်ပျိုးထားသောသစ်ပင်ကလေး အစေ့မှ အညှောက်ပေါက်လာပုံ၊ အညှောက်ကလေးမှ အရွက်ကလေးနှစ်လွှာထွက်လာပုံ ပြီးမှ အညွန့်ကလေးတလူလူ တက်လာပုံတို့ကို ဆင့်ကဲဆင့်ကဲတွေ့မြင်ရသည်မှာ ဥယျာဉ်မှူးအဖို့ မည်မျှကြည်နူးနေလိုက်မည်နည်း။**

အပင်တစ်ပင်ရှင်သန်ရန်ဆိုသည်မှာ မျိုးစေ့၊ ရေခံမြေခံ၊ ရာသီဥတု၊ ဥယျာဉ်မှူးတို့အပေါ်တွင် များစွာမူတည်နေပါသည်။ မျိုးစေ့ကောင်းသော်လည်း မြေမကောင်း၊ ရေမကောင်းလျှင် အပင် မရှင်သန်နိုင်။ ရေမြေကောင်းသော်လည်း ရာသီဥတု၊ ပိုးမွှားဖျက်ဆီးလျှင် အပင်မကြီးထွားနိုင်။ ရာသီဥတုကောင်းသော်လည်း ဥယျာဉ်မှူးက ပေါင်းမြက်မရှင်း၊ လျစ်လျူရှုထားခြင်းခံရလျှင် အပင်မှာ ကြီးထွားတန်သလောက် မကြီးထွား။ ငုံ့စိစိဖြစ်နေပါမည်။ အပင်တစ်ပင် ကြီးထွားသန်စွမ်းရန်ဆိုရာတွင် ထည့်သွင်းသင့်သည့်မြေဩဇာ Input များထည့်တန်သလောက်ထည့်မှသာ Output အဖြစ် မွှေးကြိုင်လန်းဆန်းသောပန်းရနံ့များ သင်းပျံ့လာမည်ဖြစ်ပါသည်။

**မျိုးစေ့မှန်က အပင်သန်မည်**

ထိုနည်းတူစွာ ကျွန်တော်တို့ ရင်မှဖြစ်သော သားသမီးများကို လူကောင်းလူတော်၊ လူလိမ္မာလေးများဖြစ်လာစေရေးအတွက် ပြုစုပျိုးထောင်ပေးကြရန် မိဘများတွင် တာဝန်ရှိနေပါသည်။ မိဘတိုင်းက သားသမီးတိုင်းကို ချစ်ကြသည်မှာ ကမ္ဘာဦးအစကတည်းက ဖြစ်သည်။ လူများအတွက်မဆိုထားဘိ။ ကြက်ကလေး၊ ငှက်ကလေးများပင် သူတို့၏ သားသမီးများကို အရွယ်ရောက်လာသည်အထိ ပြုစုစောင့်ရှောက်ကြသည်မှာ ကျွန်တော်တို့ပတ်ဝန်းကျင်တွင် နိစ္စဓူဝမြင်တွေ့နေရပါသည်။ လူရော၊ တိရစ္ဆာန်ပါ ရင်မှဖြစ်သောသားသမီးများကို ချစ်ခင်သည့်စိတ်မှာ အတူတူပင်ဖြစ်ပါသည်။ ချစ်ကြသည်ဆိုသော်လည်း ချစ်ပုံချစ်နည်းတော့ ကွဲပြားမှုအနည်းငယ်စီ ရှိနိုင်ပါသည်။ အချို့မိဘများက ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝကြ၏။

သူတို့၏ သားသမီးများကို အထူးကုဆေးရုံများတွင် မွေးဖွားကြသကဲ့သို့ ခြွေရံသင်းပင်းစုံလင်စွာဖြင့် ကြီးပြင်းခဲ့ကြရ၏။ အရွယ်ရောက်လာသော် နာမည်ကြီးသော ကျောင်းများတွင် ပညာသင်ကြားရန် ပို့ပေးနိုင်ကြ၏။ လောကလူ့ရွာ၌ လူတိုင်းငွေကြေးဥစ္စာပြည့်စုံသည်မဟုတ်။ သာမန် စားနိုင်သောက်နိုင်သော လူလတ်တန်းစားများရှိသကဲ့သို့ စားဝတ်နေရေးအတွက် ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရသောမိသားစုများလည်း ဒုနဲ့ဒေး ဆိုသလိုရှိနေပါသည်။ ထိုအရာများသည် ဘုရားဟောဒေသနာများအရ အတိတ်ကံအကျိုးပေးနှင့်ဆိုင်သကဲ့သို့ လက်ရှိဘဝ၏အလုပ်နှင့်လည်း ဆက်စပ်မှုရှိမည်ထင်ပါသည်။ ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည် လောကဓံတရားမို့ ရဲရဲရင့်ရင့် ရင်ဆိုင်ရုံမှတစ်ပါး အခြားမရှိ။ ရှောင်ကွင်း၍ကား မရ။ သားသမီးများအဖို့မူကား ချမ်းသာသောမိဘအိမ်တွင် နေချင်သည်၊ ဆင်းရဲသောမိဘအိမ်တွင် မနေချင်ဟူ၍ ရွေးချယ်ပိုင်ခွင့်မရှိ။ ကံ အကျိုးပေးအတိုင်းသာ ရောက်ရှိကြမည်။ မိဘများ၏အခြေအနေသည် ရေခံမြေခံ၊ ဓာတ်မြေဩဇာ၊ ဥယျာဉ်မှူးများ၏ အခန်းကဏ္ဍနှင့် တူပါသည်။ သားသမီးများမှာကား မျိုးစေ့ပင် ဖြစ်တော့သည်။ မျိုးစေ့မှန်က အပင်သန်မည်သာ ဖြစ်၏။



မည်မျှပင်ချို့တဲ့စေကာမူ ကြိုးစားက ထိပ်ဆုံးအထိ ရောက်နိုင်ပါသည်။ ကျေးလက်ဇနပုဒ်မှ လင်ကွန်းဆိုသော လူငယ်လေးသည် ငယ်စဉ်က အလွန်ဆင်းရဲ၏။ သာမန်ပညာရေးကို ၁၈ လ ခန့်သာ သင်ကြားခဲ့ရပြီး မီးလင်းဖိုဘေးတွင် မီးသွေးခဲဖြင့် မြေကြီးပေါ်၌ စာရေးစာဖတ်လုပ်ခဲ့ရသူဖြစ်လင့်ကစား သူ၏ ရိုးသားကြိုးစားမှုကြောင့် အမေရိကန်နိုင်ငံ၏ ၁၆ ယောက်မြောက် သမ္မတဖြစ်ခဲ့၏။ အပင်တစ်ပင် ရှင်သန်ကြီးထွားရန်မှာ ရေခံမြေခံသည် အကြောင်းမဟုတ်၊ မျိုးစေ့မှန်ရန်သာ အဓိကဖြစ်သည်ကို လင်ကွန်းက သက်သေပြခဲ့သည်။ ဆင်းရဲခြင်းသည် အပြစ်မဟုတ်။ ဆင်းရဲခြင်းမှ ရုန်းထွက်နိုင်ခြင်းကသာ လောကဓံကို ရင်ဆိုင်ရဲသူဖြစ်သည်ဟု ဆိုချင်ပါသည်။

**အခမဲ့ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေး**

မိမိတို့၏ သားသမီးများကို ကျောင်းနေစဉ်အရွယ်တွင် ပညာသင်ကြားရန် စာသင်ကျောင်းများသို့ ပို့ကြရမည်မှာ မိဘများ၏ ဝတ္တရားဖြစ်သည်။ ယခုအချိန်တွင် နိုင်ငံတော်မှအခြေခံပညာရေး၌ အခမဲ့ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိရာ ငွေကြေးအတွက် ပူပန်စရာမလိုတော့။ ကျောင်းဝတ်စုံများပင် ထောက်ပံ့ပေးနေပြီမို့ ကျောင်းဝင်းအတွင်း ရောက်အောင်သာ ပို့ကြရန်လိုအပ်ပါသည်။ ပညာရေးနှင့် ပတ်သက်၍ ကျောင်းသင်ခန်းစာများသာမကဘဲ အရွယ်အလိုက် ပြင်ပဗဟုသုတရနိုင်သည့် ရသ၊ သုတစာပေများကို ဖတ်ရှုနိုင်အောင် မိဘများ၊ ဆရာဆရာမများကပါ လမ်းညွှန်ပေးရန်လိုအပ်ပါသည်။ ကလေးသူငယ်များအတွက် အသက်အရွယ်အလိုက် ဖတ်ရှုလေ့လာနိုင်သော စာအုပ်စာပေများကို စီစဉ်ပေးထားကြရပါမည်။ စာရိတ္တပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေးအတွက် လောကနီတိ၊ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များမှအစ ဗုဒ္ဓစာပေများနှင့် အခြားဘာသာရေးဆိုင်ရာအခြေခံများကိုလည်း အလျဉ်းသင့်သလို သင်ကြားပြသပေးရပါမည်။ စာသင်ကျောင်းများသည် နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များကို အရည်အသွေးရော အရည်အချင်းပါ မြှင့်တင်ပေးနေသော စမှတ်နေရာဖြစ်ပါသည်။ အစကောင်းမှ အနှောင်းသေချာမည်ဆိုသည့်အတိုင်း အခြေခံပညာရေးကို စနစ်တကျ အုတ်မြစ်ချထားနိုင်ရန် အရေးကြီးပါသည်။

ကျောင်းသားလူငယ်များအနေဖြင့် ပညာသင်ကြားချိန်တွင် အပတ်တကုတ် ကြိုးစားကြရန် တာဝန်ရှိပါသည်။ ငယ်စဉ်အခါတွင် ပညာကို ရှာဖွေဆည်းပူးကြရမည်။ အချိန်ရှိခိုက် လုံ့လစိုက်ကြဖို့လိုသည်။ ယနေ့လူငယ်များသည် နောင်အနာဂတ် နိုင်ငံတော်ကြီးကို ယခုလူကြီးများထံမှ ပခုံးလွှဲပြောင်း၍ တာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်သည်ကို သတိမူကြစေချင်ပါသည်။ အရည်အသွေးရှိသော၊ စွမ်းရည်မြင့်မားသော လူငယ်များအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ငယ်စဉ်ကတည်းက ကြိုတင်ပြင်ဆင်ကြရန်လိုအပ်ပါသည်။ ဥယျာဉ်မှူးနှင့်တူသော မိဘ၊ ဆရာသမားများက တာဝန်ကျေပွန်စွာ ပေါင်းသင်၊ အစာကျွေး၊ ရေလောင်းပေးနေချိန်တွင် မိမိတို့ဘက်ကလည်း သန်သန်မာမာနှင့် ရှင်သန်နိုင်အောင် လုံ့လဝီရိယစိုက်ထုတ်ရပေလိမ့်မည်။ မျိုးစေ့ကောင်းများ ဖြစ်ကြရပါမည်။

**ကမ္ဘာပေါ်တွင် စံပြုထိုက်သောလူမျိုးများ**

ဂျပန်လူမျိုးများသည် ၎င်းတို့ ထုတ်လုပ်သည့်မော်တော်ကားများ၏ အရည်အသွေးနှင့် ပတ်သက်၍ မည်သည့်အခါမှ ကျေနပ်တင်းတိမ်ရောင့်ရဲမှု မရှိတတ်ကြ။ အမြဲတမ်းဆန်းသစ်တီထွင်ကြံဆနေကြပြီး တစ်နေ့ထက်တစ်နေ့ ပိုမိုကောင်းမွန်အောင် ကြိုးစားနေကြ၏။ အချိန်ကိုအကျိုးရှိစွာအသုံးချမှုနှင့် ပတ်သက်၍ ကမ္ဘာပေါ်တွင် စံပြုထိုက်သောလူမျိုးများမှာ ဂျပန်များပင်ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်အချိန်တွင် ပြာပုံဘဝရောက်ခဲ့သော်လည်း အချိန်တိုအတွင်း ရုန်းထနိုင်ခဲ့သည်မှာ ၎င်းတို့၏ အောင်မြင်လိုသောစိတ်ဓာတ်နှင့်အချိန်ကို အကျိုးရှိစွာအသုံးချခဲ့မှုကြောင့်ဆိုလျှင် မှားမည်မထင်ပါ။ အောင်မြင်နေသောနိုင်ငံများမှ အတုယူသင့်သည်များကို အတုယူကြရန် လိုပါသည်။ ရှက်စရာမလိုပါ။ သိသလိုလို၊ တတ်သလိုလို ဟန်ဆောင်နေခြင်းကသာ ရှက်ဖွယ်ကောင်းမည် မဟုတ်ပါလား။ မိမိတို့နိုင်ငံသားများအပါအဝင် မိမိတို့နိုင်ငံ အကျိုးကျေးဇူးရှိမည်ဆိုလျှင် နည်းပညာဖြစ်စေ၊ မူဝါဒပိုင်း ဖြစ်စေ၊ စည်းမျဉ်းစည်းကမ်းများဖြစ်စေ မိမိတို့ ရေခံမြေခံနှင့် သင့်တော်မည်ဆိုပါက ပြည်ပမှ တင်သွင်းရမည်သာ ဖြစ်ပါသည်။

သို့သော် မြန်မာလူထုနှင့် မသင့်လျော်သော မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာနှင့် ဖီလာဆန့်ကျင်သော အပြုအမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှုများကို အထူးသတိထားရှောင်ကြဉ်ကြရန်လိုပါသည်။ ကောင်းတာကိုယူ၍ မကောင်းတာကို ပယ်ကြရပါမည်။ တံခါးများကိုဖွင့်ထားလျှင် လေကောင်းလေသန့်များရနိုင်သကဲ့သို့ ဖုန်၊ အမှိုက်စသည့် အလေအလွင့်များလည်း ဝင်ရောက်လာနိုင်သည်ကို သတိထားကြရပါမည်။ ခြံစည်းရိုးများကို ထာဝရပိတ်ထား၍ကား မဖြစ်နိုင်။ ဟာလာဟင်းလင်း ဖွင့်ထား၍လည်း မရ။ ရေလောင်း၊ ပေါင်းသင်၊ အစာကျွေးရန်၊ ဝင်ပေါက်ထွက်ပေါက်များ ထားရှိရန်တော့လိုမည်။ ဥယျာဉ်မှူး ကောင်းကောင်းရှိရန်သာ လိုသည်။ ယနေ့လူငယ်လူရွယ်များအား မိမိတို့ခေတ် ငယ်စဉ်ကလို ဗိုင်းကောင်းကျောက်ဖိအိမ်တွင်းပုန်းအဖြစ်ထားပြီး ပြင်ပနှင့် အဆက်အသွယ်ဖြတ်ထား၍ မရတော့။ နည်းပညာများက တိုးတက်ပြောင်းလဲလာပြီဖြစ်သည်။ အခန်းကျဉ်းကလေးထဲမှာပင် ကမ္ဘာကြီးနှင့် အချိန်မရွေး ဆက်သွယ်နိုင်နေပြီ။ ပန်းအဖူးအငုံကလေးများနှင့်တူသော ငယ်ရွယ်သူသားသမီးများကို ဉာဏ်ပညာဖြင့် ပြောဆိုဆုံးမတတ်ရန် လူကြီးမိဘများ၊ ဆရာဆရာမများတွင် အဓိကတာဝန်ရှိသည်။ ယနေ့ခေတ် လူငယ်များကို လိမ္မာရေးခြားရှိလာအောင် အကြောက်တရားဖြင့် သမားရိုးကျ ကြိမ်းမောင်းပြောဆိုနေ၍ အလုပ်မဖြစ်တော့။ ဆင်ခြင်တုံတရားရှိစေရန်၊ အရာရာတွင် အစွန်းမရောက်စေရန်၊ ကိုယ်ချင်းစာတရား ထားတတ်စေရန် နိစ္စဓူဝပြောဆိုဆုံးမထားကြမှသာ တော်ကာကျပါမည်။

**ပွင့်သောပန်းတိုင်းမွှေးစေရန်**

မြန်မာနိုင်ငံ၏အနာဂတ်သည် ပန်းကလေးများနှင့်တူသော လူငယ်လူရွယ်များ၏လက်ထဲတွင် ရှိနေပါသည်။ သူတို့ကလေးတွေ၏ ငယ်ရွယ်စဉ်ဘဝမှ ပညာသင်ကြားချိန်အထိ ဖြောင့်ဖြူးသောလမ်းပေါ်တွင် လျှောက်လှမ်းနိုင်စေရန် ယနေ့လူကြီးများက ခိုင်မာသောအုတ်မြစ်ကို ချထားပေးရန် လိုပါသည်။ သူတို့လူကြီးဖြစ်လာကြသောအခါ ယနေ့လူကြီးများကို ကျေးဇူးတင်ကြပေလိမ့်မည်။ ယနေ့ကျွန်တော်တို့ အားကျပြီး အတုယူနေရသော စင်ကာပူနိုင်ငံကြီးကို တည်ဆောက်ခဲ့သည့် ခေါင်းဆောင်ကြီး လီကွမ်ယုကို ယနေ့စင်ကာပူနိုင်ငံသား လူငယ်လူရွယ်များက ကျေးဇူးတင်နေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ လှပသောပန်းဥယျာဉ်ကြီးသည် ဥယျာဉ်မှူးကောင်း၏ပြုစုယုယမှုကြောင့် ဖြစ်ထွန်းလာသကဲ့သို့ ဥယျာဉ်ထဲမှ ပန်းပွင့်များ၏ ရှင်သန်လိုစိတ်သည်လည်း အခရာကျမည်ထင်ပါသည်။ ရေခံမြေခံကောင်းရှိနေပြီးဖြစ်သော မြန်မာနိုင်ငံတွင် လှပမွှေးကြိုင်သောပန်းများ ဖူးပွင့်ရန်အခက်အခဲမရှိပါ။ အားမာန်အပြည့်နှင့်ဖူးပွင့်နိုင်စေရန် ကျွန်တော်တို့အားလုံးတွင် တာဝန်ရှိနေပါသည်။ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းကို နေရာတိုင်းတွင် အကောင်အထည်ဖော်ကြဖို့သာ လိုပါတော့သည်။ ပွင့်သောပန်းတိုင်းမွှေးစေရန် ကျွန်တော်တို့အားလုံး သွေးအေးမနေသင့်တော့ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

**“ အရည်အသွေးရှိသော၊ စွမ်းရည်မြင့်မားသော လူငယ်များအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ငယ်စဉ်ကတည်းက ကြိုတင်ပြင်ဆင်ကြရန် လိုအပ်ပါသည်။ ဥယျာဉ်မှူးနှင့်တူသော မိဘ၊ ဆရာသမားများက တာဝန်ကျေပွန်စွာ ပေါင်းသင်၊ အစာကျွေး၊ ရေလောင်းပေးနေချိန်တွင် မိမိတို့ဘက်ကလည်း သန်သန်မာမာနှင့် ရှင်သန်နိုင်အောင် လုံ့လဝီရိယ စိုက်ထုတ်ရပေလိမ့်မည်။ မျိုးစေ့ကောင်းများ ဖြစ်ကြရပါမည် ”**

## တောင်တွင်းကြီးမြို့နယ်၌ ကျေးရွာသောက်သုံးရေ ဖူလုံရေးအတွက် စက်ရေတွင်း ပြုပြင်

**တောင်တွင်းကြီး ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရေတွင်းကောင်းကျေးရွာ၌ ပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရန် ရည်ရွယ်၍ ကျေးရွာရှိ စက်ရေတွင်းကို ပြုပြင်ခြင်းနှင့် တွင်းဆေးတွင်းမှုတ်ခြင်း၊ အင်ဂျင်အသစ်လဲလှယ်ခြင်း စသည့်လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေတွင်းကောင်းကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် မိုနိုစက်ရေတွင်း တစ်တွင်းကို ၁၉၈၅ ခုနှစ်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တူးဖော်ပေးခဲ့သဖြင့် ရေလုံလောက်စွာ ရရှိသုံးစွဲနိုင်ခဲ့ကြောင်း၊ ယခုအခါ နှစ်ကာလ ကြာမြင့်လာသဖြင့် ရေများ နောက်ကျိလာပြီး အင်ဂျင်စက်မှာလည်း ချွတ်ယွင်းလာသဖြင့် တွင်းဆေးတွင်းမှုတ်ခြင်းနှင့် အင်ဂျင်အသစ်လဲလှယ်ခြင်းများ ဆောင်ရွက်ပေးရန် ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကူအညီတောင်းခံချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၈ သိန်းဖြင့် ၂၂ ကောင်အား အင်ဂျင်တစ်လုံး လဲလှယ်ခြင်းနှင့် တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်းသိရသည်။ အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၃၆၈ အိမ်မှ လူဦးရေ ၁၅၀၀ နီးပါးအတွက် သောက်သုံးရေလုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ လူငယ်ရေးရာမူဝါဒဆိုင်ရာကိစ္စများ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# လွိုင်ကော်မြို့၌ လူငယ်ရေးရာမူဝါဒဆိုင်ရာကိစ္စများ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၇

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်ရေးရာကော်မတီဝင်များနှင့် တွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက လူငယ်ရေးရာမူဝါဒနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် နည်းစနစ်ကျစေရန်အတွက် ပြည်သူများအကျိုးရှိစေမည့် လိုအပ်သောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရပါကြောင်း၊ လူငယ်ရေးရာမူဝါဒကို အစိုးရ၏ ရက် (၁၀၀) စီမံချက်တွင် ထည့်သွင်းဆောင်ရွက်ခဲ့ပြီး ဒေသနယ်ပယ်အသီးသီးရှိ လူငယ်များ၏ ရပ်တည်မှုနှင့် ရသင့်ရထိုက်သောအခွင့်အရေးများကို ဖော်ဆောင်ပေးရန်ဖြစ်ကြောင်း။

**မဟာဗျူဟာ စီမံချက်များချမှတ်**

ယခုထွက်ပေါ်လာသော မူဝါဒ၌ လူငယ်များအတွက်ပြောင်းလဲလာသော ခေတ်စနစ်များအပေါ် အခြေခံပြီး ကဏ္ဍ (၁၆)ရပ်ပါဝင်ရေးဆွဲထားပါကြောင်း၊ ကဏ္ဍ (၁၆)ရပ် ပေါ်မူတည်၍ မဟာဗျူဟာ စီမံချက်များ ချမှတ်ပြီးဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရန် ဦးစားပေး လုပ်ငန်းစီမံချက်များကို မိမိတို့ဒေသနှင့် ကိုက်ညီအောင် ချမှတ်ရမည် ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် လူငယ်ရေးရာမူဝါဒကို သေချာစွာ အချိန်ပေး လေ့လာစေလိုပါကြောင်း၊ အဆိုပါကိစ္စရပ်များကို လူငယ်များအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိလာအောင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ကော်မတီဝင်များက ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနကလည်း ပူးပေါင်း တာဝန်ယူမည်ဖြစ်ပါကြောင်း။

ထို့နောက် သဘာဝဘေးနှင့် ပတ်သက်၍ ကမ္ဘာ့ရာသီဥတုသည် ဖောက်ပြန်မှုများနှင့် ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို ပြည်သူများအားလုံး သိရှိလက်ခံရန်လိုပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးဒဏ်ခံစားရမှုများ ပြင်းထန်လာပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတွင် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်းဖြစ်ပေါ်စေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနက သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေး Disaster Alert Notification-DAN Application ကို ရေးဆွဲဆောင်ရွက်ထားရှိပါကြောင်းနှင့် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသော အဖွဲ့အစည်းများအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးပေးနိုင်ပါကြောင်း ပြောကြား သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အတွင်း သဘာဝဘေးများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ လူငယ်ရေးရာကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှုများအား ပြောကြားသည်။

**လူငယ်စင်တာဖွင့်လှစ်နိုင်ရေး**

ထို့နောက် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက Disaster Alert Notification (DAN) mobile application တွင် ပါဝင်သောသတင်းများ၊ အရေးပေါ်ဖုန်းနံပါတ်များ၊ သဘာဝဘေးအန္တရာယ်အတွက် ဆောင်ရန်၊ ရှောင်ရန်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာစာအုပ်၊ စာစောင်များ၊ မိုးလေဝသအခြေအနေသတင်းများ၊ ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများနှင့် ပြည်သူများကိုယ်တိုင် သတင်းပေးပို့နိုင်သော အချက်များအား ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက ကယားပြည်နယ်လူငယ်ရေးရာကော်မတီနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ရန်ပုံငွေခွဲဝေရရှိနိုင်ရေး၊ လူငယ်စင်တာတည်ထောင်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိမှုများ၊ လူငယ်ရေးရာကော်မတီတွင် လူငယ်အားလုံးပါဝင်နိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်း ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**




# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဆန်စပါးကုန်စည်ဒိုင်(ရွှေဘို)ဖွင့်ပွဲအခမ်းအနား တက်ရောက်

**ရွှေဘို ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ယနေ့နံနက် ၈ နာရီက ကျင်းပသော ဆန်စပါး ကုန်စည်ဒိုင် (ရွှေဘို) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့က ဆန်စပါးကုန်စည်ဒိုင် (ရွှေဘို) ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အဓိကထားသည့် တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ ရွှေဘိုခရိုင်အတွင်း စပါး၊ ဆီထွက်သီးနှံ၊ ပဲ၊ အခြားသီးနှံစိုက်ပျိုးမှုမှာ အများဆုံးဖြစ်ကြောင်း၊ ရွှေဘိုပေါ်ဆန်သည် ပြည်တွင်းသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ အရည်အသွေးကောင်းမွန်ပါကြောင်း၊ တောင်သူများ ဆန်စပါးအထွက်နှုန်းကောင်းမွန်စေရန်နှင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေး ဆန်စပါးကုန်သည်ကြီးများမှ အသိပညာပေးခြင်း၊ ကူညီထောက်ပံ့ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု ကောင်းမွန်စေရေးနှင့် ဈေးကွက်ကောင်းမွန်စွာရရှိရေး ဆန်စပါးကုန်သည်ကြီးများမှ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ ဆန်စပါးကုန်စည်ဒိုင် (ရွှေဘို) အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဆန်စပါးကုန်စည်ဒိုင် (ရွှေဘို) ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

**အာဇာနည်ဗိမာန်သို့ လာရောက်သည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးအကြောင်းကြားခြင်း**




**အာဇာနည်ဗိမာန်သို့ လာရောက်သည့် မိဘပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြော်ငြာခြင်း**



# ကလေးသူငယ်များ မုဒိမ်းမှုကျူးလွန်ခြင်းမခံရအောင် အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေ၊ မိမိကိုယ်ကို ကာကွယ်ခုခံနိုင်စွမ်းမရှိသေးတဲ့ ကလေးသူငယ်တွေ၊ ကိုယ်စိတ်နှစ်ပါး တစ်ခုခုချို့ယွင်းနေသူတွေကို မိဘအုပ်ထိန်းသူတွေက သတိထားပြီး စောင့်ရှောက်ဖို့လိုပါတယ်

## သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည့် သိကောင်းစရာများ စကားဝိုင်းဆွေးနွေးပွဲ

**သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည့် သိကောင်းစရာများ စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းဌာန၊ ညွှန်ကြားရေးမှူး(မှုခင်း) ရဲမှူးကြီး မင်းဟန်၊ ဥပဒေနှင့် သုတေသနဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒုရဲမှူးကြီး ကျော်လင်းနှင့် မှုခင်းမှတ်တမ်းအုပ်ချုပ်ဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူးရဲမှူး ကျော်ဦးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**



**အစီအစဉ်မှူး ။ ။ မြန်မာနိုင်ငံ သက်ငယ်မုဒိမ်းဖြစ်ပွားမှု ၂၀၁၇ ခုနှစ် ထုတ်ပြန်ချက် စာရင်းဇယားအရ ၁၀ နာရီပြည့်တိုင်းမှာ ကလေးတစ်ယောက်နှုန်း သက်ငယ်မုဒိမ်းမှု ကျူးလွန်ခံနေရပါတယ်။ အဲဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ပြည်သူလူထု ဆောင်ရန်၊ ရှောင်ရန်တွေနဲ့ ပတ်သက်လို့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံ သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှု ဒီနေ့အချိန်ထိ ဘယ်လောက်ထိ ဖြစ်ပွားသွားပြီလဲဆိုတာ သိပါရစေ။**

ရဲမှူးကြီး မင်းဟန် ။ ။ ပြုစုထားတဲ့စာရင်းတွေအရ ၂၀၁၇ ခုနှစ်မှာ သက်ငယ်မုဒိမ်းမှုပေါင်း ၉၉၇ မှု၊ ၂၀၁၈ ခုနှစ်မှာ သက်ငယ်မုဒိမ်းမှုပေါင်း ၁၀၂၈ မှု နဲ့ ၂၀၁၉ ခုနှစ်မှာ သက်ငယ်မုဒိမ်းမှုပေါင်း ၁၉၀ ဖြစ်ပွားခဲ့ပါတယ်။ ပြုစုထားတဲ့စာရင်းအရ သိရှိရတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ သက်ငယ်မုဒိမ်းမှုမှာ အသက်အရွယ်အပိုင်းအခြားကို ဘယ်လိုမျိုး ကန့်သတ်ထားပါသလဲ။**

ရဲမှူးကြီး မင်းဟန် ။ ။ သက်ငယ်မုဒိမ်းမှုဆိုတာ ၂ နှစ်မှ ၅ နှစ်အထိ ဖြစ်ပွားနှုန်းက ၂၀၁၇ ခုနှစ်မှာ ၂၇ မှု၊ ၂၀၁၈ ခုနှစ်မှာ ၃၁ မှုနဲ့ ၂၀၁၉ ခုနှစ်မှာ ၅ မှု ဖြစ်ပါတယ်။ အသက် ၆ နှစ်မှ ၁၀ နှစ်အထိက ၂၀၁၇ ခုနှစ်မှာ ၉၄ မှု၊ ၂၀၁၈ ခုနှစ်မှာ ၁၂၇ မှု နဲ့ ၂၀၁၉ ခုနှစ်မှာ ၁၅ မှု ဖြစ်ပါတယ်။ အသက် ၁၁ နှစ်မှ ၁၃ နှစ်အထိ ၂၀၁၇ ခုနှစ်မှာ ၂၆၃ မှု၊ ၂၀၁၈ ခုနှစ်မှာ ၂၈၂ မှုနဲ့ ၂၀၁၉ ခုနှစ်မှာ ၅၄ မှု ဖြစ်ပါတယ်။ အသက် ၁၄ နှစ်မှ ၁၆ နှစ်အထိ ၂၀၁၇ ခုနှစ်မှာ ၅၁၄ မှု၊ ၂၀၁၈ ခုနှစ်မှာ ၅၉၁မှု နဲ့ ၂၀၁၉ ခုနှစ်မှာ ဇွန်လအထိ ၁၁၈ မှု ဖြစ်ပွားခဲ့ပါတယ်။

**အစီအစဉ်မှူး ။ ။ သက်ငယ်မုဒိမ်းမှုဟာ ဘယ်လိုဒေသမျိုးတွေမှာ ဖြစ်ပွားမှုအများဆုံးလဲဆိုတာ ပြောပြပေးပါဦး။**

ရဲမှူးကြီး မင်းဟန် ။ ။ အများဆုံးဖြစ်ပွားခဲ့တဲ့ တိုင်းဒေသကြီးကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယအများဆုံးက ဧရာဝတီတိုင်းဒေသကြီးနဲ့ တတိယအများဆုံးက မန္တလေးတိုင်းဒေသကြီး ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းရဲတပ်ဖွဲ့အနေနဲ့ သက်ငယ်မုဒိမ်းကို ဘယ်လိုမျိုး ဖွင့်ဆိုထားပါသလဲ။**

ဒုရဲမှူးကြီး ကျော်လင်း။ ။ သက်ငယ်မုဒိမ်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတ်မှတ်ထားတာ မဟုတ်ပါဘူး။ ဥပဒေအရ သက်ငယ်မုဒိမ်းဖြစ်တဲ့သဘောပါ။ ပထမဆုံး ကလေးသူငယ်နဲ့ပတ်သက်လို့ ပြောချင်ပါတယ်။ မြန်မာနိုင်ငံမှာ တည်ဆဲ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအရ ကလေးသူငယ်ဆိုတာ အသက် ၁၆ နှစ်အောက်ဆိုပြီး သတ်မှတ်ထားပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၇ ရက်နေ့မှာ ရာဇသတ်ကြီးကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ နဲ့ ပြင်ဆင်ခဲ့ပါတယ်။ အဲဒီပြင်ဆင်တဲ့ဥပဒေမှာ မုဒိမ်းမှုရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့ ပုဒ်မ ၃၇၅ ပဉ္စမအပိုဒ်မှာ ယခင်ကအသက် ၁၄ နှစ်အောက် မိန်းကလေးတစ်ယောက်နဲ့ ကာမစပ်ယှက်လျှင် မိန်းကလေးသဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ၊ မုဒိမ်းမှုမြောက်တယ်ဆိုတဲ့အချက်ကို အသက် ၁၆နှစ်နဲ့ ပြင်ဆင်ပါတယ်။ အဲဒီအတွက် မိန်းကလေး ၁၆ နှစ် အောက်ဆိုလျှင် သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ မုဒိမ်းမှုမြောက်ပါတယ်။ ပြဋ္ဌာန်းချက်နှစ်ခုအရ အသက် ၁၆ နှစ်မပြည့်သေးတဲ့ မိန်းကလေးကို ကျူးလွန်မယ်ဆိုလျှင် ကလေးသူငယ်အပေါ် ကျူးလွန်တဲ့ပြစ်မှုလို့ ပြောရမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ကလေးတွေကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု မဖြစ်ပေါ်အောင် ဘယ်လိုကာကွယ်နိုင်မလဲ ဆိုတာလည်း ရှင်းပြပေးစေလိုပါတယ်။**

ဒုရဲမှူးကြီး ကျော်လင်း ။ ။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုတာ အလွန် ကျယ်ဝန်းပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ တည်ဆဲဥပဒေများအရ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ပါ မုဒိမ်းမှုနဲ့ ပုဒ်မ ၃၇၇ ပါ ဓမ္မတာနဲ့ ဆန့်ကျင်တဲ့ပြစ်မှုတွေကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုလို့ ပြောရမှာ ဖြစ်ပါတယ်။ ကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနဲ့ပတ်သက်လို့ သီးခြားဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါဘူး။ ဒါပေမယ့် အခု ဒီလိုမျိုးဥပဒေတွေ ပြဋ္ဌာန်းနိုင်ဖို့ သက်ဆိုင်ရာဌာနတွေက ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

လက်ရှိဖြစ်ပွားနေတဲ့ ကလေးသူငယ်များအပေါ် ကျူးလွန်တဲ့အဓမ္မကျင့်မှု (မုဒိမ်းမှု)ကိုပဲ အဓိကထားပြီး ပြောလိုပါတယ်။ မုဒိမ်းမှုဆိုတာ မမြင်ကွယ်ရာ (ဆိတ်ကွယ်ရာ)မှာ ကျူးလွန်တဲ့အမှုဖြစ်ပါတယ်။ မုဒိမ်းမှုမှာ ကျူးလွန်နိုင်တဲ့သူဟာ အရွယ်ရောက်ပြီး (ဖွံ့ဖြိုးပြီး) ယောကျ်ားသားက ကျူးလွန်နိုင်ပြီး မိန်းကလေးကတော့ မည်သည့်အသက်အရွယ်မဆို ကျူးလွန်ခံရနိုင်တဲ့အခြေအနေ ရှိပါတယ်။ ဒါကြောင့် ကလေးသူငယ်များ မုဒိမ်းမှုကျူးလွန်ခြင်းမခံရအောင် အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေ၊ မိမိကိုယ်ကိုကာကွယ် ခုခံနိုင်စွမ်းမရှိသေးတဲ့ ကလေးသူငယ်တွေ၊ ကိုယ်စိတ်နှစ်ပါး တစ်ခုခုချို့ယွင်းနေသူတွေကို သွေးသားတော်စပ်သည်ဖြစ်စေ၊ မတော်စပ်သည်ဖြစ်စေ၊ မမြင်ကွယ်ရာမှာ အရွယ်ရောက်ပြီး အမျိုးသားတစ်ဦးနဲ့ ယုံယုံကြည်ကြည်နဲ့ အတူမထားဖို့နဲ့ အခွင့်အရေးရလို့ ကျူးလွန်တာဖြစ်တဲ့အတွက် အဲဒီလိုအခွင့်အရေးမရအောင် မိဘအုပ်ထိန်းသူတွေက သတိထားပြီး စောင့်ရှောက်ဖို့လိုပါတယ်။

နောက်တစ်ချက်က မိဘ၊ အုပ်ထိန်းသူတွေအနေနဲ့ မိမိတို့ရဲ့ သားသမီးတွေ ကလေးသူငယ်တွေကို သိသင့်သိထိုက်တာတွေကို ကလေးနားလည်နိုင်စွမ်းရှိသလောက် သင်ကြားထားဖို့လိုပါတယ်။ တစ်ယောက်ယောက်ကခေါ်ရင် မိဘအုပ်ထိန်းသူမသိဘဲ တခြားသူနဲ့ လိုက်မသွားဖို့နဲ့ ကြုံတွေ့ရနိုင်တဲ့အန္တရာယ်တွေကို သင်ကြားပြသပေးဖို့ လိုပါတယ်။ လိင်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ဘယ်လိုတွေလာလုပ်ရင်၊ ကိုင်တွယ်လာရင် တိုင်တန်းပြောဆိုရမယ်၊ မိမိအင်အားနဲ့ ခုခံနိုင်တဲ့နည်းလမ်းတွေကိုပါ သင်ကြားပြသပေးရမယ်၊ ကလေးသူငယ်အနေနဲ့ တတ်နိုင်သမျှ မိမိအန္တရာယ်မကျရောက်အောင် ကာကွယ်နိုင်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိဘအုပ်ထိန်းသူများဘက်က သတိထားရမယ့်အချက်တွေလည်း ရှိပါတယ်။ ကလေးသူငယ်တွေကို အကာအကွယ်မဲ့ထားခဲ့တာမျိုး၊ တစ်ယောက်တည်း လွှတ်လိုက်တာမျိုးတွေ မလုပ်မိဖို့လိုပါတယ်။ ကလေးသူငယ်ကိုလည်း အရွယ်နဲ့ မလိုက်ဖက်တဲ့ ဝတ်စားဆင်ယင်မှုမျိုးတွေမဖြစ်အောင် ဂရုပြုရပါမယ်။

**အစီအစဉ်မှူး။ ။ ပြစ်မှုမြောက် မမြောက် ဘယ်လိုသတ်မှတ်ပါသလဲ၊ ပြစ်ဒဏ်ဘယ်လောက် ချမှတ်လို့ရသလဲ ဆိုတာလည်း ပြောပြပေးပါဦး။**

ဒုရဲမှူးကြီး ကျော်လင်း။ ။ ပြစ်မှုတစ်ခု ပြစ်မှုမြောက် မမြောက်ဆိုတာ စစ်ဆေးပေါ်ပေါက်တဲ့ သက်သေခံအချက်များအရ ပြစ်မှုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေမှာ ဖော်ပြထားတဲ့ အင်္ဂါရပ်တွေနဲ့ တိုင်းတာခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ပြစ်မှုမြောက်မမြောက်၊ အပြစ်ရှိမရှိဆိုတာကိုတော့ တရားရုံးကသာလျှင် ဆုံးဖြတ်ခြင်းဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် မတ် ၂၅ ရက်နေ့မှာ ရာဇသတ်ကြီးကို ပြင်ဆင်ချက်အရ အသက် ၁၂ နှစ်အောက် မိန်းကလေးကို မုဒိမ်းမှုကျူးလွန်လျှင် ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ ထောင်ဒဏ်အနှစ် ၂၀ အထိဖြစ်စေ ချမှတ်နိုင်ပါတယ်။

**အစီအစဉ်မှူး ။ ။ သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့တဲ့ အမှုပေါင်း ဘယ်လောက်ရှိပါသလဲ။**

ရဲမှူးကျော်ဦး ။ ။ မြန်မာနိုင်ငံမှာ ဖြစ်ပွားတဲ့ သက်ငယ်မုဒိမ်းမှုတွေကို တရားရုံးမှာ ပြစ်ဒဏ်ချမှတ်မှုကတော့ ၂၀၁၈ ခုနှစ်မှာ ထောင်ဒဏ် နှစ် ၂၀ ချမှတ်တဲ့ အမှုပေါင်းက ၃၃၃ မှု ရှိပါတယ်။ ၁၀ နှစ်နဲ့ နှစ် ၂၀ ကြားမှာ ပြစ်ဒဏ်ချမှတ်တဲ့ အမှုပေါင်းက ၂၇ မှု ရှိပါတယ်။ ၁၀ နှစ် ပြစ်ဒဏ်ချတာကတော့ အမှု ၁၁၀ ရှိပါတယ်။ ၁၀ နှစ်အောက်ကို ပြစ်ဒဏ်ချတာကတော့ ၁၁၄ မှု ရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာ စုစုပေါင်း ၅၈၅ မှု ရှိပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီကနေ မေလအထိ နှစ် ၂၀ အထိ ပြစ်ဒဏ်ချမှုက ၁၁၀ ရှိပါတယ်။ ၁၀ နှစ်နဲ့ နှစ် ၂၀ ကြားမှာ ပြစ်ဒဏ်ချတဲ့အမှုက ခုနှစ်မှုရှိပါတယ်။ ၁၀ နှစ်ကိုပြစ်ဒဏ်ချတာကတော့ ၆၈ မှု ရှိပါတယ်။ ၁၀ နှစ်အောက်ကို ပြစ်ဒဏ်ချတာကတော့ ၄၁ မှုရှိပါတယ်။ ၂၀၁၉ ခုနှစ်မှာ စုစုပေါင်း ၂၂၇ မှုရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာ သေဒဏ်ဆိုပြီး ချတာကတော့ ငါးမှုရှိတယ်လို့ မှတ်တမ်းအရ သိရှိရပါတယ်။ တရားရုံးတွေကလည်း သက်ငယ်မုဒိမ်းနဲ့ပတ်သက်ပြီး ထိထိရောက်ရောက် အရေးယူနေတာတွေရှိပါတယ်။

**အစီအစဉ်မှူး။ ။ သက်ငယ်မုဒိမ်းမှု ကျူးလွန်မခံရအောင် ကာကွယ်ရမယ့် အနေအထားတွေကို ရှင်းပြပေးပါဦး။**

ရဲမှူးကြီး မင်းဟန်။ ။ လက်ရှိဖြစ်ပွားနေတဲ့မုဒိမ်းမှုတွေကို သုံးသပ်ပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။ အဓိကကျူးလွန်ဖို့ တွန်းအားပေးတဲ့ အချက်တွေအနေနဲ့ကနေ အိမ်ပတ်ဝန်းကျင် လုံခြုံမှုမရှိတာတွေ၊ အုပ်ထိန်းသူတွေရဲ့ ကြည့်ရှုစောင့်ရှောက်မှုကင်းကွာနေတာတွေ၊ တစ်ဦးတည်း အဖော်မဲ့နေတာတွေလည်း ရှိပါတယ်။ ဒါပေမယ့် ကလေးက မိမိနဲ့ ရင်းနှီးတဲ့သူတွေအပေါ်မှာ ယုံကြည်မှု လွန်ကဲနေတာတွေလည်း ပါဝင်ပါတယ်။ အရက်သေစာ သောက်စားမှုတွေနဲ့ မူးယစ်စိတ်ကြွဆေးသုံးစွဲခြင်း၊ ညစ်ညမ်းဗီဒီယိုကြည့်ရှုတာတွေ၊ ညစ်ညမ်း

*စာမျက်နှာ ၉ သို့*

**တချို့သော ပြည်သူတွေအနေနဲ့ ဥပဒေ ဗဟုသုတနည်းတာတွေ ရှိပါတယ်။ ကျေးရွာလူကြီးနဲ့ ဆွေးနွေးကြတယ်၊ အရပ်သဘောအရ ညှိနှိုင်းကြတယ်။ ငွေပေး၊ ငွေယူနဲ့ ညှိနှိုင်းကြတာရှိတယ်။ နောက်ဆုံး ရဲစခန်းကို အမှုဖွင့်တဲ့အချိန်မှာ အမှုက နောက်ကျသွားတဲ့အတွက် ကြန့်ကြာမှုတွေရှိနေပါတယ်။ ဒါမျိုးတွေက အများကြီးရှိပါတယ်။**

စာမျက်နှာ ၈ မှ

စာပေများဖတ်ရှုခြင်း၊ လိင်စိတ်ကြွဆေးသုံးစွဲတာတွေ ဒါတွေဟာ ကျူးလွန်ဖို့ တွန်းအားပေးတဲ့အထဲမှာ ပါပါတယ်။

နောက်တစ်ခုက ပတ်ဝန်းကျင်ရဲ့အကျင့်စရိုက်တွေ လွှမ်းမိုးမှုလည်း ပါဝင်ပါတယ်။ အိမ်ထောင်စုတွေနဲ့ မိသားစုဝင်တွေ အတူတကွနေထိုင်တဲ့အခါမှာ နေအိမ်အနေအထားအရ အကာအရံမရှိတာ၊ မလုံခြုံတာတွေက တစ်ဦးကိုတစ်ဦး ထိတွေ့ဆက်ဆံမှုများပြီးတော့ ဖြစ်တတ်ပါတယ်။ အသက်ငယ်ရွယ်တဲ့သူတွေက ပြန်မပြောနိုင်ဘူး၊ ပြန်ပြီးတော့ မခုခံနိုင်တဲ့အတွက် ကျူးလွန်တာတွေရှိပါတယ်။ ဒီအကြောင်းအရာတွေကို အခြေခံပြီးတော့ ကြိုတင်ကာကွယ်နိုင်ဖို့ဆိုရင် ကလေးသူငယ်တွေကို လုံခြုံစွာနေတတ်ဖို့အတွက် မိဘအုပ်ထိန်းသူတွေက သိသင့်သိထိုက်တာတွေကို သင်ကြားပြသပေးထားရမယ်၊ တခြား သွေးသားတော်စပ်တဲ့သူကပဲ ဖြစ်ဖြစ် ခန္ဓာကိုယ်ကို ပွတ်သပ်ကိုင်တွယ်မှုတွေရှိလာရင် ဘယ်လိုကာကွယ်ရမယ်၊ ဘယ်လိုပြန်ပြောရမယ်ဆိုတာကို သူတို့နားလည်နိုင်တဲ့စွမ်းအားနဲ့ ကလေးကို သင်ကြားပေးထားဖို့ လိုပါတယ်။

အခိကကတော့ စာသင်ကျောင်းတွေမှာ ကလေးသူငယ်တွေနဲ့ ပတ်သက်ပြီးတော့ အသိပညာပေးတွေလုပ်ပေးနိုင်ရင် ပိုကောင်းပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ကလည်း အသိပညာပေးတာတွေကို အားသွန်ခွန်စိုက် ဆောင်ရွက်နေပါတယ်။

ရဲမှူးကျော်ဦး ။ ။ အသက်အရွယ်ရောက်တဲ့ကလေးမျိုးဆိုရင် အမျိုးသားတစ်ယောက်ကို အထိရောက်ဆုံးခုခံကာကွယ်နိုင်တဲ့ နည်းလမ်းမျိုးတွေကို မိဘတွေက သင်ပြရမှာ ဖြစ်ပါတယ်။ ကလေးသူငယ်အရွယ်နဲ့ မလိုက်ဖက်တဲ့ ဝတ်စားဆင်ယင်မှုမျိုးကို ဝတ်ဆင်မပေးဖို့ကလည်း သတိထားရမယ့်အချက်ထဲမှာပါဝင်ပါတယ်။ အဲဒီလို အဝတ်အစားမျိုးက တစ်ဖက်က အန္တရာယ်ကို ဖိတ်ခေါ်တဲ့သဘောမျိုး ကျရောက်တတ်ပါတယ်။ ကျောင်းသွား ကျောင်းပြန်မှာ ကိုယ်နဲ့မသိဘဲ လာကြိုတာမျိုး၊ ကိုယ့်ကို မိဘကလာမကြိုသေးဘဲ လိုက်မသွားဖို့ မိဘက သင်ပြပေးသင့်ပါတယ်။ မိဘတွေကလည်း မိမိတို့သားသမီးကို ရင်အုပ်မကွာ စောင့်ရှောက်ဖို့လိုပါတယ်။

**အစီအစဉ်မှူး ။ ။ မုဒိမ်းမှုတွေအပေါ် ရဲတပ်ဖွဲ့ရဲ့ အမှုစစ်ဆေးမှုဟာ ထိရောက်ပြစ်ဒဏ်ချမှတ်နိုင်ဖို့ အဓိက မူတည်ပါသလား။**

ရဲမှူးကြီး မင်းဟန် ။ ။ ရဲတပ်ဖွဲ့ဆိုတာ အမှုတည်ဆောက်ရတဲ့အဖွဲ့ပါ။ ရဲတပ်ဖွဲ့က အမှုတည်ဆောက်မှုခိုင်မာမှ တရားရုံးကလည်း ထိထိရောက်ရောက် ပြစ်ဒဏ်ပေးနိုင်မှာဖြစ်ပါတယ်။ ရဲတပ်ဖွဲ့က အမှုတည်ဆောက်တဲ့အခါမှာ အမှုစစ်ဆေးခဲ့တဲ့သက်သေတွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှာ မှန်မှန်ကန်ကန်ထွက်ဆိုဖို့နဲ့ တရားရုံးရှေ့မှာ မှန်မှန်ကန်ကန် ရဲရဲတင်းတင်း ထွက်ဆိုဖို့လိုပါတယ်။ ရဲတပ်ဖွဲ့ကလည်း သက်ရှိ၊ သက်မဲ့ အထောက်အထားတွေကို ရှာဖွေတင်ပြဖို့လိုပါတယ်။ ဒါမှ တရားရုံးက မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ သက်ငယ်မုဒိမ်းမှု ဖြစ်ပွားတဲ့အခါမှာ သေဒဏ်မချမှတ်ဘူးဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး တရားဥပဒေစိုးမိုးမှု အားနည်းနေတယ်ဆိုတဲ့အပေါ် ဆရာ့အမြင်လေး သိပါရစေ။**

ရဲမှူးကြီး မင်းဟန် ။ ။ အပြစ်မပေးတာမဟုတ်ပါဘူး။ သေဒဏ်ကို အတည်ပြုအကောင်အထည် မဖော်သေးတာပါ။ သေဒဏ်ကိုတော့ တရားရုံးက ချမှတ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအရ သေဒဏ်ကို အတည်မပြုသေးတာပဲ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ သက်ငယ်မုဒိမ်းမှုဖြစ်ပွားပြီဆိုရင် ရဲမှူးကြီးတို့အနေနဲ့ လုပ်ဆောင်ရတဲ့ လုပ်ငန်းအဆင့်ဆင့်မှာ အခက်အခဲတွေ ရှိသလားဆိုတာ ပြောပြပေးစေလိုပါတယ်။**

ရဲမှူးကြီး မင်းဟန် ။ ။ ပထမဆုံးသက်ငယ်မုဒိမ်းမှုဖြစ်လို့ ရဲစခန်းကို လာတိုင်ပြီဆိုရင် သက်ဆိုင်ရာရဲစခန်းကနေပြီး အမှုကို ချက်ချင်းဖွင့်ပေးရပါတယ်။ သက်ဆိုင်ရာ မှုခင်းစာရေးတွေနဲ့ သက်ဆိုင်ရာ အမှုစစ်ကို တာဝန်ပေးပါတယ်။ ပြုကျင့်ခံရတဲ့ကလေးကို ဆေးစစ်ဖို့အတွက် သက်ဆိုင်ရာ မိခင်ရဲ့ သဘောထားမှတ်ချက်ယူပြီးခါမှ ဆေးရုံမှာဆေးစစ်ခံရပါတယ်။ ဆေးစာပြန်ကြားချက်အရ မုဒိမ်းမှုမြောက်၊ မမြောက်ဆိုတာ ရဲတပ်ဖွဲ့က ပြန်ပြီးစစ်ဆေးဖော်ထုတ်ပါတယ်။ ကလေးသူငယ်တွေက ပြန်ပြောပြနိုင်တဲ့ အနေအထား အင်မတန်နည်းပါတယ်။

**အစီအစဉ်မှူး ။ ။ သက်ငယ်မုဒိမ်းမှုဖြစ်ပွားပြီဆိုရင် ပြည်သူတွေ၊ ကျူးလွန်ခံရတဲ့ ကာယကံရှင်တွေအနေနဲ့ ဥပဒေပိုင်းအရ အားနည်းတာတွေ ရှိပါသလား။**

ရဲမှူးကြီး မင်းဟန် ။ ။ တချို့သော ပြည်သူတွေအနေနဲ့ ဥပဒေ ဗဟုသုတနည်းတာတွေ ရှိပါတယ်။ ကျေးရွာလူကြီးနဲ့ ဆွေးနွေးကြတယ်၊ အရပ်သဘောအရ ညှိနှိုင်းကြတယ်။ ငွေပေး၊ ငွေယူနဲ့ ညှိနှိုင်းကြတာရှိတယ်။ နောက်ဆုံးရဲစခန်းကို အမှုဖွင့်တဲ့အချိန်မှာ အမှုက နောက်ကျသွားတဲ့အတွက် ကြန့်ကြာမှုတွေရှိနေပါတယ်။ ဒါမျိုးတွေက အများကြီးရှိပါတယ်။

သက်ငယ်မုဒိမ်းမှုဖြစ်နေတာတွေနဲ့ ပတ်သက်ပြီး စိတ်မကောင်း ဖြစ်ရပါတယ်။ ကြိုတင်ကာကွယ်မှုတွေကို အတတ်နိုင်ဆုံးဆောင်ရွက်နေပါတယ်။ အဓိကတာဝန်ကတော့ အုပ်ထိန်းသူမိဘများသည် ကလေးကို တခြားတစ်ယောက်လက်ထဲကို အလွယ်တကူနဲ့ မထည့်လိုက်ဖို့ အရေးကြီးပါတယ်။ ကလေးတစ်ယောက်တည်းကို မထားခဲ့ဖို့၊ လူပြတ်တဲ့အချိန် ဈေးဝယ်မလွှတ်ဖို့နဲ့ တစ်ယောက်တည်း မလွှတ်ဖို့ အရေးကြီးပါတယ်။ ဒါတွေက ပြစ်မှုကျူးလွန်သူတွေအတွက် အခွင့်အရေးတစ်ရပ်ရရှိသွားမှာ ဖြစ်တဲ့အတွက် ဒါတွေကိုရှောင်မယ်ဆိုရင် သက်ငယ်မုဒိမ်း လျော့နည်းသွားမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ သက်ငယ်မုဒိမ်းတွေနဲ့ ပတ်သက်ပြီး အမျိုးသားတွေဘက်ကရော ဘယ်လို ရှောင်ရှားသင့်တယ်ဆိုတာလည်း ပြောပြပေးစေလိုပါတယ်။**

ဒုရဲမှူးကြီး ကျော်လင်း ။ ။ အမျိုးသားများအနေနဲ့ မုဒိမ်းမှုကျူးလွန်ရင် လူ့အဖွဲ့အစည်းရဲ့ အထင်သေးခံရခြင်း၊ ရှုံ့ရှာခြင်း၊ ဖယ်ကြဉ်ခြင်း ခံရမယ်ဆိုတာကို သတိပြုပါ။ မည်သည့် မိန်းကလေးကိုမဆို ကိုယ်ချင်းစာစိတ်နဲ့ စောင့်စည်းပါ။ လူ့ကျင့်ဝတ်ကို ချိုးဖောက်ခြင်းဖြစ်တဲ့အတွက် လူအများရဲ့ ယုံကြည်မှုကင်းမဲ့ခြင်းခံရမယ်ဆိုတာကို သတိပြုပါ။ ဥပဒေပြဋ္ဌာန်းချက်ပါ မုဒိမ်းမှုမြောက်တဲ့ အသက်အပိုင်းအခြား (၁၆ နှစ်အောက်ဖြစ်ပါက မိန်းကလေးက သဘောတူသော်လည်း မုဒိမ်းမှုမြောက်တဲ့အတွက်) ဒီအချက်ကိုလည်း သတိပြုသင့်ပါတယ်။ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးတွေ၊ လိင်စိတ်ကြွဆေးနဲ့ အရက်သေစာသောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ဖို့လိုပါတယ်။ ညစ်ညမ်းဗီဒီယို၊ ညစ်ညမ်းစာပေတွေဖတ်ရှုခြင်းများကိုလည်း ရှောင်ကြဉ်သင့်ပါတယ်။ အိမ်ထောင်သည်များ မိမိအိမ်ထောင်ဖက်အပေါ် သစ္စာရှိဖို့လိုကြောင်း ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး ။ ။ မြန်မာနိုင်ငံအတွင်းမှာ သက်ငယ်မုဒိမ်းမှုပပျောက်အောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ ပြောပြပေးပါဦး။**

ဒုရဲမှူးကြီး ကျော်လင်း ။ ။ သက်ငယ်မုဒိမ်းမှုတွေ လျော့နည်းပပျောက်ဖို့အတွက် ပြစ်မှုကျူးလွန်ခြင်းကိုဖြစ်ပေါ်စေတဲ့ အကြောင်းအရင်းတွေကို သုံးသပ်ပြီး ဒါတွေကို ကြိုတင်ကာကွယ်နိုင်ဖို့လိုပါတယ်။ အထူးသဖြင့် အရက်သေစာသောက်စားမူးယစ်ခြင်း၊ မူးယစ်စိတ်ကြွဆေးသုံးစွဲခြင်းနဲ့ ညစ်ညမ်းဗီဒီယို၊ ညစ်ညမ်းစာပေတွေ ကြည့်ရှုခြင်းများဟာ ပြစ်မှုကျူးလွန်းခြင်းဖြစ်စေတဲ့ အဓိကအကြောင်းရင်းများမှာ ပါဝင်တဲ့အတွက် ဒါတွေကို တားဆီးနှိမ်နင်းနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်ကလည်း ဒီလိုကြိုတင်ကာကွယ်ရေးလုပ်သလို၊ တစ်ဖက်မှာလည်း ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဖြစ်ပွားတဲ့ ပြစ်မှုတွေမှာလည်း ပြစ်မှုကျူးလွန်သူတွေကို ထိုက်သင့်တဲ့ ပြစ်ဒဏ်ရရှိရေးအတွက် ခိုင်မာစွာတည်ဆောက်တရားစွဲဆိုနိုင်ဖို့ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ ပြည်သူတွေကို အသိပညာပေးမှုတွေအနေနဲ့ ဘာတွေ လုပ်ဆောင်နေပါသလဲ။**

ဒုရဲမှူးကြီး ကျော်လင်း ။ ။ သက်ငယ်မုဒိမ်းတွေနဲ့ပတ်သက်ပြီး လိုအပ်တဲ့ ဥပဒေပိုင်းဆိုင်ရာ၊ မှုခင်းအသိဗဟုသုတဆိုင်ရာတွေကို ပြည်သူတွေသိရှိနိုင်ဖို့အတွက် အခုမီဒီယာကနေ ပညာပေးဆောင်ရွက်လျက်ရှိသလို ပြည်သူ့စကားဝိုင်းအစီအစဉ်တွေမှာ ထည့်သွင်းဆွေးနွေးခြင်း၊ မှုခင်းကျဆင်းရေး ပညာပေးခြင်း၊ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်နဲ့ ပညာပေးခြင်း စသည်ဖြင့် ပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက် ရှိပါတယ်။

ရဲမှူးကြီး မင်းဟန် ။ ။ မုဒိမ်းမှုတွေအပါအဝင် ရာဇဝတ်ပြစ်မှုတွေ လျော့နည်းပပျောက်ပြီး ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက်ဆိုရင် ကျွန်တော်တို့ ရဲတပ်ဖွဲ့တစ်ခုတည်းနဲ့ လုပ်နေလို့ မရပါဘူး။ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဖို့လိုပါတယ်။ ပြည်သူတွေကိုယ်တိုင် ပူးပေါင်းပါဝင်မှသာလျှင် ဘယ်အရာမဆို အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတစ်ဦးချင်းစီကလည်း တာဝန်ယူမှုအပြည့်နဲ့ ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ တိုက်တွန်းပါတယ်။

လူမှုကွန်ရက်တွေမှာ ညစ်ညမ်းဗီဒီယိုတွေနဲ့ပတ်သက်ပြီးတော့ အလွယ်တကူကြည့်ရှုနိုင်တဲ့ကိစ္စကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများအနေနဲ့ ထိန်းချုပ်ဖို့လိုပါတယ်။ သက်ငယ်မုဒိမ်းမှုဖြစ်ပြီဆိုတာနဲ့ ရဲရဲဝံ့ဝံ့နဲ့ သက်ဆိုင်ရာရဲစခန်းကို ချက်ချင်းတိုင်ကြားဖို့လိုပါတယ်။ ဒါမှသာ ရဲတပ်ဖွဲ့က လျင်လျင်မြန်မြန်တုံ့ပြန်ပြီးတော့ ပြစ်မှုကျူးလွန်သူတွေကို ဖမ်းဆီးနိုင်မှာဖြစ်ပါတယ်။ သက်ငယ်မုဒိမ်းဟာ အင်မတန်ရှုံ့ရှာဖွယ်ကောင်းတဲ့ ရာဇဝတ်မှုတစ်ခုအနေနဲ့ သတ်မှတ်ထားပါတယ်။ ပြည်သူလူထုကို တင်ပြလိုတာကတော့ သက်ငယ်မုဒိမ်းမှုကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြည်သူတစ်ရပ်လုံးအနေနဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ တင်ပြလိုပါတယ်။ သက်ငယ်မုဒိမ်းကျဆင်းရေးအတွက် တိုက်တွန်းလိုတာကတော့ စက်ဆုပ်ရှုံ့ရှာဖွယ်ကောင်းတဲ့ သက်ငယ်မုဒိမ်းမှုတွေကို ပြည်သူတစ်ရပ်လုံးနဲ့ ရဲတပ်ဖွဲ့ဝင်တွေ ပူးပေါင်းပါဝင်ပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် သက်ငယ်မုဒိမ်းကိစ္စတွေ ကျဆင်းသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**နန္ဒာဝင်း၊ မွေးကြူဇင်**

# လယ်ဝေးမြို့နယ်တွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ပညာပေး

**လယ်ဝေး ဇူလိုင် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သစ်ကြိမ်းအုပ်စု ကြာကန်ကျေးရွာ အစည်းအဝေးခန်းမ၌ ဇူလိုင် ၆ ရက်က နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး ကျော်လွင်ဦး ခေါင်းဆောင်သော ရဲမှူး ထားထားခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မောင်ဦးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ဒုရဲမှူး သူဇာလွင်နှင့် သာဝတ္တိနယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီထွန်းတို့မှ ဒေသခံများအား ရဲတပ်သားသစ်ရရှိစေရေးအတွက် ကွင်းဆင်းစည်းရုံးပြီး သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဇူလိုင် ၇**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။ **မိုး/ဇလ**

# အကြိမ် (၂၀) မြောက် ရုပ်ရှင်ခွဲခြမ်းစိတ်ဖြာခြင်းတွင် The Scent of Green Papaya ဇာတ်ကားပြသ

**ရန်ကုန် ဇူလိုင် ၇**

ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာက မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Cine- ma- theque Program ကဏ္ဍခွဲတစ်ခုဖြစ်သည့် အကြိမ်(၂၀)မြောက် ရုပ်ရှင်ခွဲခြမ်းစိတ်ဖြာခြင်းကို ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ပြသရာ စိတ်ပါဝင်စားသူ ၇၀ ကျော်တက်ရောက်လေ့လာဆွေးနွေးကြသည်။ **(ယာပုံ)**



"The Scent of Green Papaya" ဇာတ်ကားကို ဒါရိုက်တာ Tran Anh Hung က ၎င်းမမွေးမီခေတ်ကာလ၏ လူနေမှုပုံစံဖြင့် ရိုက်ကူးထားပြီး Film Analysis ပြုလုပ်ခြင်းအစီအစဉ်တွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးကာ ရုပ်ရှင်သင်တန်းကျောင်းများနှင့် ရုပ်ရှင်ထုတ်လုပ်ရေးနယ်ပယ်မှ လူငယ်များက ကြည့်ရှုဆွေးနွေးကြသည်။

ယနေ့ ရုပ်ရှင်ခွဲခြမ်းစိတ်ဖြာသည့် The Scent of Green Papaya ဇာတ်ကားနှင့်ပတ်သက်၍ ဒေါက်တာအောင်မင်းက "ပြင်သစ်စတူဒီယိုထဲမှာ sound stage လို အသံ store နဲ့ ဆက်တင်လုပ်ပြီး ရိုက်ထားတာ၊ ဒါရိုက်တာက သူ မမွေးသေးတဲ့အချိန်က ဟာကို ပြန်ရိုက်ထားတာ၊ မြန်မာပြည်က မီ ဇာတ်ကားလိုပဲ၊ ဒီဇာတ်ကားမှာက ပေးချင်တဲ့မက်ဆေ့ထက် ပိုနူးညံ့တဲ့ အနှစ်သာရ Theme ကိုပြတာ၊ ဒီကားထဲက စတူဒီယိုမျိုး မြန်မာပြည်မှာ မရှိသေးပါဘူး၊ စတူဒီယိုမကဘူး၊ အထဲမှာ ဇာတ်လမ်းဇာတ်ကွက်အလိုက် အပြင်အဆင်တွေ ပါပါတယ်" ဟု ပြောသည်။

"ဒီ The Scent of Green Papaya ဇာတ်ကားမှာ ကာရိုက်တာအနေနဲ့ ကျွန်တော်ကြိုက်တာ ရှိတယ်၊ ကလေးလေးတွေ သရုပ်ဆောင်တာကို ပိုမှတ်မိစေတယ်၊ ဇာတ်လမ်းတစ်ခုလုံး ကြည့်ဖြစ်ပြီးတော့ ကျွန်တော် film maker တစ်ယောက်အနေနဲ့ film making နဲ့ပတ်သက်ပြီး သီအိုရီတွေလို ပညာတွေ အဲဒါကြည့်ပြီး ပိုသိရပါတယ်" ဟု Locarno Open Door Lab မှ ကိုမြတ်မင်းခန့်က ပြောသည်။

အနုပညာရပ်ဝန်းရှိ FDC တွင် ရုပ်ရှင်ခွဲခြမ်းစိတ်ဖြာခြင်းကို နှစ်ပတ်လျှင် တစ်ကြိမ် ပြုလုပ်လေ့ရှိပြီး ဥရောပ၊ အာရှနိုင်ငံများမှ ရုပ်ရှင်ဇာတ်ကားများကို ပြသ၍ ရုပ်ရှင်ထုတ်လုပ်ရိုက်ကူးသူမျိုးဆက်သစ်များနှင့် တွေ့ဆုံဆွေးနွေး ပညာမျှဝေလျက်ရှိသည်။ **သန့်ဇင်ဝင်း**

# မြောင်းမြမြို့ မြတိဂုံစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော် ၊ စိန်ဖူးတော်အသစ် တင်လှူပူဇော်



မြောင်းမြမြို့ မြတိဂုံစေတီတော်ကြီးအား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်စဉ်။

**မြောင်းမြ ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော ရွှေတိဂုံပုံတူ မြတိဂုံစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီက မြတိဂုံစေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ အရှင်ဉာဏိဿရဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များ ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကာ ရတနာငှက်မြတ်နားတော်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ရွှေထီးတော်အလှူရှင် ဒေါ်ညွန့်ယဉ်ဝင်းမိသားစုတို့က လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးငွေးဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များက လည်းကောင်း ရတနာစိန်ဖူးတော်ကို ရထားပျံပေါ်သို့ ပင့်ဆောင်တင်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် ပင့်သံဃာ အပါး ၁၅၀ တို့က အနေကဇာတင်ပူဇော်ကြပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ဒေါက်တာ အရှင်ဉာဏိဿရ ဆရာတော်ကြီးထံမှ လှူဒါန်းမှုများအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

မြောင်းမြမြို့ မြစိမ်းရောင်တောင်ပေါ်ရှိ မြတိဂုံစေတီတော်မြတ်ကြီးမှာ ဉာဏ်တော်အမြင့် (၁၆၂ တောင်) ၂၄၃ ပေ ရှိပြီး မြစိမ်းရောင်ဆရာတော်ကြီး ဘဒ္ဒန္တကုသရိယ ဘဝနတ်ထံပျံလွန်တော်မမူမီ တည်ထားပြီးစီး၍ ၂၀၁၄ ခုနှစ်၌ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ တင်လှူပူဇော်ထားရှိခဲ့ခြင်းဖြစ်ကာ နှစ်ကာလကြာရှည်လာမှုကြောင့် ရွှေရောင်များပျက်ပြယ်လာသည့်အတွက် နိုင်ငံတော် သံဃဝန်ဆောင် အလယ်တောရဆရာတော် ဘဒ္ဒန္တပညာသီဟနှင့် မြို့နယ် သံဃနာယကဆရာတော်များ၏ ဩဝါဒကို ခံယူ၍ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် မြစိမ်းတောင်သာသနာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ ညှိနှိုင်းတိုင်ပင်ကာ ယခုအခါ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အသစ်နှင့် ရွှေထီးတော် ရွှေသက်န်းကပ်လှူခြင်း၊ စေတီတော် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းကပ်လှူခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# “ဝ” ဒေသ သံဃာတော်များအတွက် (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၇

**နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစီအစဉ်အရ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် သံလွင်အရှေ့ခြမ်းရှိ သံဃာတော်များအတွက်(၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ ဝေဠုဝန်ပရိယတ္တိ စာသင်တိုက်အတွင်းရှိ သာသနဟိတကာရီဓမ္မာရုံ၌ ကျင်းပသည်။**



သံလွင်အရှေ့ခြမ်းရှိ သံဃာတော်များအတွက်(၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပစဉ်။

အခမ်းအနားသို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက သာသနာပြုဗဟိုခေါင်းဆောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစိန္တာ အမှူးပြုသော သံလွင်အရှေ့ခြမ်း ပန်ဆန်း၊ ဝိန်းကောင်၊ နားဖန့်၊ မန်မန်ဆိုင်၊ နားဝီး၊ မက်မန်း၊ ဟိုပန်၊ မိုင်းမော၊ နမ့်တစ်ဒေသများမှ ဆရာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ် သန်းထွင့်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့(ကိုယ်စား) ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့(ကိုယ်စား) ဦးစန်းလွင်၊ “ဝ” အထူးဒေသ(၂) ကော်မတီဝင် ဦးစံမောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာန(ကိုယ်စား) ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့်ပရိသတ်တို့က မက်မန်းမြို့ ပညာဒီပကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာသီရိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဝါဆိုသင်္ကန်း ဆက်ကပ်**

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင့်က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ကိုင်းကုန်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလထံမှ သာဓုအနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် ပန်ဆန်း၊ ဝိန်းကောင်၊ နားဖန့်၊ မန်မန်ဆိုင်၊ နားဝီး၊ မက်မန်း၊ ဟိုပန်၊ မိုင်းမော၊ နမ့်တစ်ဒေသများ၌ သီတင်းသုံးနေထိုင်ကြကုန်သော သံဃာတော် ၅၂၇ ပါး၊ ရှင်သာမဏေ ၂၈၉ ပါးတို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် သင်္ကန်းဒွိစုံ ၅၀၀၊ ရှင်ကြီးဝတ်သင်္ကန်း ၁၂၀၀ ၊ ရှင်လတ်ဝတ် သင်္ကန်းစုံ ၃၀၀ ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အလှူတော်ငွေကျပ် ၁၀ သိန်း ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီးတို့က သင်္ကန်းစုံ ၅၀ နှင့် ကုမ္ပဏီအသင်းအဖွဲ့များက သင်္ကန်းဒွိစုံ ၅၅၅ စုံတို့အား ဆက်ကပ်လှူဒါန်းခဲ့ ကြသည်။

**အလှူငွေများ ဆက်ကပ်**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝေဠုဝန်ကျောင်းတိုက်၌ ပန်ဆန်း၊ ဇေတဝန်ရွှေထီး သာသနာပြုကျောင်းတိုက်၊ ချင်းရွှေဟော်ကျောင်းတိုက်၊ ကိုင်းကုန်းကျောင်းတိုက်များသို့ ဆွမ်းဆန်တော်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝေဠုဝန်ကျောင်းတိုက်နှင့် ရွှေမောင်းသီလရှင် ကျောင်းတိုက်၌ ဆွမ်းဆန်တော်အတွက် အလှူငွေများနှင့် ကျောင်းတိုက်များတွင် ပညာသင်ကြားနေကြသော ဒေသခံ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၊ ဗလာစာအုပ်၊ စာရေးကိရိယာများ လှူဒါန်းခဲ့ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သီလရှင်ဝတ်စုံ ၄၀၀ အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲအောင် သံဃာတော်များနှင့် ထန်းတပင်မြို့နယ် စာအောင်သံဃာတော်များ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းအောင် သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သံဃနာယကဆရာတော်ကြီးများ ကြီးမှူးကျင်းပသော ပရိယတ္တိသဒ္ဓမ္မဟိတကာရီ စာမေးပွဲအောင် သံဃာတော်များ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဒိတ်ကုန်းကျေးရွာအုပ်စု သရက်ခြံကျေးရွာ ပညာပါရမီ ဓမ္မရိပ်သာကျောင်းတိုက်ကြီး အောင်သပြေဓမ္မဗိမာန်တော်ခန်းမ၌ ကျင်းပသည်။

**ဩဝါဒခံယူ**

ဆုချီးမြှင့်ပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြပြီး ထန်းတပင်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ သီလာစာရထံမှ ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများက ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်ကြီးထံမှ ဩဝါဒခံယူကြကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကထိက တေးသံရှင် ဒေါ်ခိုင်ဇင်ရွှေက မင်္ဂလာရတုပိုဒ်စုံဖြင့် ရွတ်ဆိုပူဇော်ကန်တော့သည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ထို့နောက် ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက ဝါဆိုသင်္ကန်းများ စုပေါင်းဆက်ကပ်လှူဒါန်း၍ စာအောင်၊ သံဃာတော် စုစုပေါင်း ၉၅ ပါးတို့ကို ထန်းတပင် မြို့နယ် ဒိတ်ကုန်းကျေးရွာအုပ်စု သရက်ခြံကျေးရွာ သာသနာဓဇ ဓမ္မာစရိယ နိကာယ ဝိနယ ဝိဒူ သဒ္ဓမ္မဇောတိက ဓဇ ၊ သာသနာပြုနယ်လှည့်ဓမ္မကထိကနှင့် ပညာပါရမီ ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဒေါက်တာအရှင် အဂ္ဂါစာရနှင့် တာဝန်ရှိသူများက စာအောင် သံဃာတော်များကို ဆုများချီးမြှင့်ပေးအပ်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

**ဉာဏ်လင်း**

# “စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း” မြောင်းမြဆေးရုံသို့ သွေးသွားလှူကြမည်


**နေပြည်တော် ဇူလိုင် ၇**

မြောင်းမြခရိုင်ဆေးရုံအုပ်ကြီး၏ မေတ္တာရပ်ခံချက်အရ **“စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်း”**က ကြီးမှူးလျက် မြောင်းမြဆေးရုံကြီးသို့ (ဒုတိယ)အကြိမ် စုပေါင်းသွေးသွားလှူကြမည်ဖြစ်ရာ ဇူလိုင် ၁၆ ရက် ဝါဆိုလပြည့် အင်္ဂါနေ့ နံနက် ၆ နာရီတွင် ရန်ကုန်မှ ထွက်ခွာမည်ဖြစ်ပြီး ညနေ ၅ နာရီတွင် ရန်ကုန်သို့ ပြန်ရောက်မည်ဖြစ်သည်။

မည်သူမဆို လိုက်ပါသွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား **“စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း”** မှ မနက်စာ၊ နေ့လယ်စာ၊ ရေသန့်များ၊ အမှတ်တရလက်ဆောင်တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး လိုက်ပါသွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် **“စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း”** ဖုန်း- ၀၉-၂၅၃ ၄၄ ၈၀၀၈ နှင့် ၀၉-၅၁ ၃၅၅၁၅ တို့သို့ ဇူလိုင် ၁၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သဲကန္တာရ မဖြစ်ထွန်းရေး၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းပေး




# ပထမအကြိမ် ဘင်းမ်စတက် အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ၏ အကြိုညှိနှိုင်းမှု အပြီးသတ်အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၇

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘင်းမ်စတက် အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီ၏ အကြိုလုပ်ငန်းညှိနှိုင်းမှု အပြီးသတ်အစည်းအဝေးကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကြိုဆိုရေး၊ လုံခြုံရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာများ၊ သံတမန်ရေးရာလုပ်ငန်းများ၊ ဧည့်ခံရေးဆိုင်ရာများ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် အစည်းအဝေးတက်ရောက်လာကြသူများက အကြိုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် အခမ်းအနားကျင်းပစဉ်နှင့် အခမ်းအနားကျင်းပပြီးနောက် ဧည့်သည်တော်များ လေ့လာရေးခရီးစဉ်နှင့် ပြန်လည်ထွက်ခွာခြင်းများတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးလှကျော်သည် ယမန်နေ့နံနက်ပိုင်းကလည်း ဇူလိုင် ၁၁ ရက် ၊ ၁၂ ရက်များတွင် ဘင်းမ်စတက် အစည်းအဝေးများသို့ တက်ရောက်လာကြမည့် ဧည့်သည်တော်များ လေ့လာရေးခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်နေမှုများနှင့် ရှင်းလင်းပြသမည့် အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



"ကုန်မာဆိုင်ထဲက ပွန်းပဲ့နေတဲ့အသံ" ကဗျာစကားဝိုင်းဆွေးနွေးပွဲတွင် ဆရာမောင်ကြူးရင့်က အမှတ်တရစကားပြောကြားစဉ်။ သတင်းစဉ်

# ကုန်မာဆိုင်ထဲက ပွန်းပဲ့နေတဲ့အသံ ကဗျာစကားဝိုင်း ကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက ကြီးမှူးကျင်းပသည့် "ကုန်မာဆိုင်ထဲက ပွန်းပဲ့နေတဲ့အသံ "ကဗျာစကားဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့သိမ်ဖြူလမ်း အမှတ် ၂၁၂ ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပရာ ကဗျာဆရာများ၊ ကဗျာကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆရာသစ္စာနီက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂဥက္ကဋ္ဌ ဦးမိုးကျော်သူက ကဗျာစကားဝိုင်းဖြစ်စဉ်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆရာမောင်ကြူးရင့်က အမှတ်တရစကား ပြောကြားပြီး ကဗျာဆရာ ဝင်းမြင့်နှင့် မိုးဝေးတို့က ကဗျာစကားဝိုင်းဆွေးနွေးပွဲကို စတင်ဆွေးနွေးကြရာ စာပေအနုပညာကဏ္ဍများ၊ ဘဝအကြောင်းအရာများနှင့် ကဗျာရေးသူ၊ ကဗျာအကြောင်း ပြောသူ၊ ဖတ်သူ၊ ဆွေးနွေးသူ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောခဲ့ကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂသည် ဇွန် ၈ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံတွင် ဒဂုန်တာရာ ရာပြည့်အထိမ်းအမှတ်အဖြစ် ကဗျာညနေခင်း ၁ ကို ကျင်းပခဲ့ပြီး ယခုဆွေးနွေးပွဲကို "ကုန်မာဆိုင်ထဲက ပွန်းပဲ့နေတဲ့အသံ "ခေါင်းစဉ်ဖြင့် ကဗျာညနေခင်း ၂ ကို ကျင်းပခြင်းဖြစ်သည်။ ကဗျာညနေခင်း ၃ ကို မန္တလေးမြို့မှ နယ်ခံကဗျာဆရာများဖြင့် ပူးပေါင်း၍ မကြာမီ မန္တလေးမြို့တွင် ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်ပတ်ကြစို့




မော်တော်ယာဉ်မောင်းနှင်စဉ် အသက်ထိုင်ခုံခါးပတ်ကို မိမိမှ စတင်ဝတ်ဆင်အသုံးပြုခြင်းဖြင့် အသက်အန္တရာယ်အား ကာကွယ်ပါ။


## သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

သက်ငယ်မုဒိမ်းမှုသည် ထောင်ဒဏ်နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်သည်

အခြေအနေ အချိန်အခါ နေရာမရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်



သက်ငယ်မုဒိမ်းမှုဆိုသည်မှာ အသက် (၁၆) နှစ်အောက် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ မုဒိမ်းမှုကျူးလွန်ခြင်း ကိုဆိုသည်

## သတိပြုရန်အချက်များ

- နေအိမ်အဆောက်အဦ မလုံခြုံခြင်း၊
- ပတ်ဝန်းကျင်၏ လူနေမှု/ လူမှုရေး အခြေအနေ နိမ့်ကျခြင်း၊
- အုပ်ထိန်းသူများကစောင့်ကြပ်ထိန်းသိမ်းမှု ကင်းကွာခြင်း၊
- အဖော်မဲ့ သွားလာနေထိုင်ခြင်း၊ (နေအိမ်၊ လမ်းခရီး၊ လူသူပြတ်လပ်ရာနေရာများ)



- အုပ်ထိန်းသူများမှ ပတ်ဝန်းကျင်၊မိတ်ဆွေ၊ ဆွေမျိုးသားချင်းများအားယုံကြည်မှု လွန်ကဲခြင်း၊
- အိမ်ထောင်သည်များနှင့် မိသားစုဝင်များ အကာအရံမရှိ အတူတကွနေထိုင်ခြင်း၊
- အရက်၊စိတ်ကြွဆေးများသုံးစွဲသူများပြား လာခြင်း၊
- ညစ်ညမ်းပုံ၊ ညစ်ညမ်းခွေ၊ စာအုပ်ဇာတ်လမ်းများ၊ ညစ်ညမ်း (Website) များ အလွယ်တကူရရှိနေခြင်း။

## တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်လူမှုဝန်ထမ်းရုံးများသို့ လိုအပ်ပါက ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်

| | |
|---|---|
| -ကချင်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၇၄၂၂၃၇၃ |
| ခရိုင်လူမှုဝန်ထမ်းရုံး(ဗန်းမော်) | ၀၇၄၅၀၀၈၅ |
| -ကယားပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၈၃၂၁၀၅၄ |
| -ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၅၈၂၁၀၆၃ |
| ခရိုင်လူမှုဝန်ထမ်းရုံး(မြဝတီ) | ၀၅၈၅၁၃၉၆ |
| -ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၇၀၂၁၀၆၈ |
| ခရိုင်လူမှုဝန်ထမ်းရုံး(မင်းတပ်) | ၀၇၀၇၀၀၅၀ |
| -မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၅၇၂၇၂၁၅ |
| -ရခိုင်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၄၃၂၂၀၁၇ |
| ခရိုင်လူမှုဝန်ထမ်းရုံး(ကျောက်ဖြူ) | ၀၄၃၄၆၁၅၀ |
| -ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး (တောင်ကြီး) | ၀၈၁၂၁၂၁၁၆ |
| ခရိုင်လူမှုဝန်ထမ်းရုံး(လားရှိုး) | ၀၈၂၂၃၁၀၄ |
| ခရိုင်လူမှုဝန်ထမ်းရုံး(ကျိုင်းတုံ) | ၀၈၄၂၂၅၂၉ |
| -စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၇၁၂၂၈၇၂ |
| -ပဲခူးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၅၂၂၂၁၂၂၆ |
| ခရိုင်လူမှုဝန်ထမ်းရုံး(ပြည်) | ၀၅၃၂၄၉၁၈ |
| -မကွေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၆၃၂၈၃၃၈ |
| -တနင်္သာရီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၅၉၂၃၄၉၇ |
| ခရိုင်လူမှုဝန်ထမ်းရုံး(မြိတ်) | ၀၅၉၄၁၆၅၈ |
| -ဧရာဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၄၂၂၄၆၈၃ |
| ခရိုင်လူမှုဝန်ထမ်းရုံး(မြောင်းမြ) | ၀၄၂၇၀၅၆၃ |
| - မန္တလေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၂၆၁၁၅၀ |
| ခရိုင်လူမှုဝန်ထမ်းရုံး(ညောင်ဦး) | ၀၆၁၆၅၁၂၉ |
| ခရိုင်လူမှုဝန်ထမ်းရုံး(မြင်းခြံ) | ၀၆၆၂၁၀၄၃ |
| - ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၁၅၅၂၉၂၇ |
| - နေပြည်တော်ကောင်စီနယ်မြေ လူမှုဝန်ထမ်းရုံး | ၀၆၇၅၅၀၂၂၅ |

## လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်း

- အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ (အမျိုးသားလွှတ်တော်)
- ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ (ပြည်သူ့လွှတ်တော်)
- ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ
- မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာ ကော်မတီ
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- မြန်မာနိုင်ငံရဲတပ်ဖွဲ့(မှုခင်း)
- မြန်မာနိုင်ငံရဲတပ်ဖွဲ့(နိုင်ငံဖြတ်ကျော်)
- မြန်မာနိုင်ငံရဲတပ်ဖွဲ့ (လူကုန်ကူးမှုတားဆီးကာကွယ်ရေး)
- ပြည်သူ့ကျန်းမာရေးဦးစီးဌာန
- ကုသရေးဦးစီးဌာန
- မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
- မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း
- မြန်မာနိုင်ငံကြက်ခြေနီအသင်း
- ကျားမရေးရာတန်းတူညီမျှရေးကွန်ရက်
- အမျိုးသမီးအဖွဲ့များကွန်ရက်
- အခရာ အမျိုးသမီးအဖွဲ့
- မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်
- ယူနီဆက်ဖ်(မြန်မာ)

# နဝမအကြိမ်မြောက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲနှင့် ၂၀၁၉ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၇**

နဝမအကြိမ်မြောက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲနှင့် ၂၀၁၉ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်ရွက်လှေပြိုင်ပွဲကို ဇွန် ၂၂ ရက်နှင့် ၃၀ ရက်များတွင် ပြိုင်ပွဲများ ကျင်းပခဲ့ရာ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ည ၆ နာရီခွဲက ရန်ကုန်မြို့ အင်းလျားကန် ရန်ကုန်ရွက်လှေအသင်းတွင် ကျင်းပခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ကာ ဆုများချီးမြှင့်ပေးခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးတင်က နဝမအကြိမ်မြောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် အိုလံပစ်နေ့အထိမ်းအမှတ်ရွက်လှေပြိုင်ပွဲများကို ကျင်းပပေးခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ပြိုင်ပွဲဝင်အသင်းများ၏ စပွန်ဆာများအား မိတ်ဆက်ပေးခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အဖွဲ့ဝင် Optimist Dinghy Association of Myanmar ဥက္ကဋ္ဌ ဦးနေမျိုးအောင်၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ၂၀၁၉ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် Champion – Team Toshiba အသင်း၊ ရန်ကုန် ရွက်လှေအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးတင်က အသင်းလိုက် ဒုတိယဆုရ Team YKKO အသင်းနှင့် တပ်မတော် လှေလှော်ရွက်တိုက်ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး တက်လွင်ထွန်းက တတိယဆုရ Team COB အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကို ချီးမြှင့်ပေးခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ၂၀၁၉ ခုနှစ် နဝမအကြိမ်မြောက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲတွင် ပထမတံခွန် စိုက် ဆုဖလားရရှိသွားသည့် Team Toshiba အသင်းအား တံခွန်စိုက်ဆုဖလားနှင့်အတူ ဆင့်ပွားဆုဖလား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၇**

ဇူလိုင် ၈ ရက်မှ ၁၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် International Junior Golf Championship 2019 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ် ဂေါက်သီးရိုက်အဖွဲ့သည် ယနေ့နံနက် ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအိုက်ပန်၊ ဦးမြင့်အောင်နှင့် Junior Golf Myanmar မှ ဒေါ်မြင့်မြင့်သန်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲဝင်မည့် အသင်းအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးသီဟ ဦးဆောင်ကာ Junior Golf Myanmar မှ ကစားသမားများဖြစ်ကြသော ဖြိုးဇံ၊ ကောင်းမြတ်ကျော်၊ ဇွဲထက်အောင်၊ မင်းစစ်သွေး၊ ထွန်းသူရိန်၊ မင်းသံလွင်အောင်၊ လင်းဖြိုးသူ၊ ဝေယံလင်း၊ လင်းသန့်အောင်၊ ကျော်လင်းထက်၊ သံလွင်မိုးသက်တို့ ပါဝင်ပြီး ယင်းကစားသမား ၁၁ ဦးသည် သက်တန်းအလိုက် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# သတ်ကိုးသတ်ဘုရင်အမည်ဖြင့် မြန်မာ့လက်ဝှေ့ပြိုင်ပွဲကြီး မန္တလေး၌ကျင်းပမည်

**မန္တလေး ဇူလိုင် ၇**

မြန်မာလက်ခမောင်းက ဦးစီး၍ သတ်ကိုးသတ်ဘုရင် အမည်ဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို မန္တလေး ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ လက်ဝှေ့အားကစားရုံ၌ ဩဂုတ် ၂ ရက် ညနေ ၅ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ် သည်။




အဆိုပါ လက်ဝှေ့ပြိုင်ပွဲကြီးတွင် Main Fight အဖြစ် ဒေ့ဗ်လက်ဒပ် (ကနေဒါ)နှင့် ဆက်သ်ဘက်ဇင်စကီး (အမေရိကန်)တို့၏ ခရုဇာဝိတ် ကမ္ဘာ့ချန်ပီယံလုပွဲ(၅ ချီပွဲ)နှင့်အတူ အခြားပွဲစဉ် ရှစ်ပွဲ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ဒေ့ဗ်လက်ဒပ်သည် အသက် ၂၈ နှစ်ဖြစ်ပြီး အရပ် ၆ ပေ ၂ လက်မရှိကာ ရိုးရာလက်ဝှေ့ထိုးသတ်ခဲ့သည့် ပွဲများတွင် လေးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ရှုံးပွဲမရှိ ဖြစ်သည်။ ဆက်သ်ဘက်ဇင်စကီးမှာ အသက် ၃၇ နှစ်ဖြစ်ပြီး အရပ် ၆ ပေ ၂ လက်မရှိကာ ၂၁ ပွဲနိုင် ၁၀ ပွဲ ရှုံးထားသည်။ နှစ်ဦးစလုံးသည် (World Lethwei Champion ship-WLC) တွင် ယခု ပွဲဦးထွက် ထိုးသတ်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုးသတ် မည့် အခြားတွဲဆိုင်းများမှာ ဝယ်လ်တာဝိတ် (၄) ချီပွဲတွင် စောအယ်ကလူ(ကညော်သို့)နှင့် စောလင်းလင်း (အဲကညော)၊ ဘင်တန်ဝိတ် (၄)ချီပွဲတွင် ပိုင်သက်အောင်(ကညော်သို့)နှင့် အောင်ပိုင်(ထူးမေတ္တာထူး)၊ လိုက်ဝိတ် (၄)ချီပွဲတွင် ထက်နိုင်အောင် (ရွှေသထုံ) နှင့် ဆိုင်းမောင်မောင် (ထူးမေတ္တာထူး)၊ လိုက်ဝိတ်(၅)ချီပွဲတွင် ဟိန်းထွန်းအောင် (ရွှေသထုံ )နှင့် လင်းထက်အောင် (တောင်ကလေး)၊ ငုယင်ထရန်ဒူးနတ် (ဗီယက်နမ်)နှင့် အိုက်ဇက်ဇာကီ (မလေးရှား)၊ ဖယ်သာဝိတ်တန်း(၅)ချီပွဲတွင် မိုက်ရိုင်း(ရွှေဖူး)နှင့် ဖက်နာရင် (ထိုင်း)၊ လိုက်မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံလုပွဲ(၅) ချီပွဲတွင် အာသာဆာလာဒီးယပ်စ်(ပိုလန်)နှင့် ဆာရှာမွိုင်ကာ (ယူကရိန်း) တို့၏ ပွဲများဖြစ်သည်။

အမျိုးသမီးပွဲစဉ်အနေဖြင့် အမျိုးသမီး ဘင်တန်ဝိတ် (၃)ချီပွဲတွင် ဆိုရိစ်မန်ဖရက်ဒ်ဒီ (ပြင်သစ်)နှင့် အဲယားနက် (ကမ္ဘောဒီးယား) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ပြိုင်ပွဲအတွက် ရုံဝင်လက်မှတ် ဈေးနှုန်းများမှာ GA တန်းအတွက် ကျပ်တစ်သောင်း ၊ Knight တန်းအတွက် ကျပ်သုံးသောင်းနှင့် King တန်းအတွက် ကျပ်ငါးသောင်းဖြစ်ပြီး လက်မှတ်များကို မန္တလေးမြို့ (၃၁)လမ်းရှိ Major Ticket(Majortickets.com.mm)နှင့် (၇၃)လမ်းရှိ ကြည်ပြာစတိုးတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ကာ ပွဲကျင်းပမည့် ဩဂုတ် ၂ ရက်တွင် ညနေ ၅ နာရီမှစတင်၍ ကစားမည့်ရုံအတွင်း ဝင်ရောက်နိုင်သည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောနည်းစနစ် နည်းဥပဒေသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၉ ဘတ်စကက်ဘောနည်းစနစ်နှင့် နည်းဥပဒေသင်တန်းဆင်းပွဲကို ဇူလိုင် ၅ ရက် မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းပွဲကြည့်စင်အောက်ထပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရ အားကစားသမားများအား ဆုတံဆိပ်များချီးမြှင့်၍ အမှုဆောင် ဦးစိုးဝင်းကသင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။

“ကျွန်တော်တို့ ဘတ်စကက်ဘောက နည်းဥပဒေကစားနည်းစနစ်တွေ အမြဲတန်းအချိန်နှင့် တစ်ပြေးညီရှိတယ်။ ဥပဒေမှာ ဘတ်စကက်ဘော ခဏခဏပြောင်းတယ်။ နှစ်နှစ်တစ်ခါ သုံးနှစ်တစ်ခါ ပြောင်းလေ့ပြောင်းထရှိတယ်။ ဒါတွေကို ကျွန်တော်တို့က ကစားသမားတွေ၊ နည်းပြဆရာတွေ၊ ဒိုင်လူကြီးတွေသိရအောင် ဖွင့်လှစ်တာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပြောသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းစစ်ဌာနချုပ်မှ နည်းပြ၊ နည်းဒိုင် ၂၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**အေကေလင်း**

❊ *ကျောဖုံးမှ*

ရရှိထားသည်။ ထို့ပြင် ယခုနှစ်အတွင်း ငါးကြိမ်မြောက် ချန်ပီယံဆုရယူ နိုင်ခဲ့ခြင်းဖြစ်ခဲ့ပြီး ယခုနှစ်အတွင်း ယူဂန္ဓာနိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ကင်ညာနိုင်ငံ၌ ကျင်းပသည့် Future Series ပြိုင်ပွဲ၊ မောရစ်သျှနိုင်ငံကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ဘီနင် နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် အိုင်ဗရီကို့စ်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက် ပြိုင်ပွဲတို့တွင် ချန်ပီယံဆုရရှိခဲ့သည်။

သက်ထားသူဇာသည် ယခုပြိုင်ပွဲ တွင် ဗိုလ်စွဲခဲ့၍ ကမ္ဘာ့အဆင့် သတ်မှတ် ချက်မြင့်တက်လာသော်လည်း အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ပြိုင်ပွဲများ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောင်မြင်မှုရရန် ကြိုးပမ်းရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❑ *ကျောဖုံးမှ*

ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၅၉ မိနစ်တွင် ချီလီအသင်း ပယ်နယ်တီကန်ခွင့်ရကာ ဗီဒယ်လ်ကန်သွင်းခဲ့ရာ ချေပဂိုး တစ်ဂိုး ရရှိခဲ့သည်။ ပွဲပြီးချိန်တွင် အာဂျင်တီးနားအသင်း နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ၂၀၁၉ ကိုပါ အမေရိကဖလား တတိယနေရာရရှိခဲ့သည်။ အာဂျင်တီးနားအသင်းသည် ချီလီအသင်းကို ကိုပါအမေရိကဖလားဗိုလ်လုပွဲ၌ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှုတွင် ပယ်နယ်တီအဆုံးအဖြတ်များဖြင့် နှစ်ကြိမ်စလုံး ရှုံးနိမ့်ခဲ့ရပြီး အာဂျင်တီးနားအသင်းသည် ယခုနှစ်တွင် ချီလီအသင်းကို တတိယနေရာလုပွဲတွင် တွေ့ဆုံသော်လည်း ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ပြီဖြစ်သည်။

**သီဟ**

# ၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလား တတိယနေရာလုပွဲတွင် ဆွီဒင်တို့အင်္ဂလန်ကိုအနိုင်ယူ

၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလား တတိယနေရာလုပွဲကို ဇူလိုင် ၆ ရက် စနေနေ့ ညပိုင်းတွင် အင်္ဂလန်နှင့်ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆွီဒင်အသင်းနှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကမ္ဘာ့ဖလားကြေးဆုကို ဆွတ်ခူးခဲ့သည်။

ယင်းပွဲတွင် အင်္ဂလန်အသင်းသည် ၄-၁-၄-၁ ကစားကွက်ဖြင့် အယ်လ်လန်ရှိုက်ကို အထောင်ထားခဲ့ပြီး ဆွီဒင်အသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ဘလက်စ်စတန်နီးယက်စ်ကို အထောင်ထားပွဲထွက်ခဲ့သည်။ ပထမပိုင်းပွဲချိန် ၁၁ မိနစ်တွင် အက်စ်လာနီက ဆွီဒင်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၂၂ မိနစ်တွင် ဂျာကော့ဘ်ဆန်က ဆွီဒင်အတွက် ဒုတိယဂိုးထပ်မံသွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၁ မိနစ်တွင် အင်္ဂလန်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ကာဘီကသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် အင်္ဂလန်အသင်း ချေပဂိုးရရှိရန် တိုက်စစ်မြှင့်ဖိအားပေးကစားခဲ့သော်လည်း ပွဲပြီးချိန်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အင်္ဂလန်တို့ရှုံးနိမ့်ခဲ့သည်။ ယင်းပွဲတွင် အင်္ဂလန်အသင်း ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၄ ကြိမ်ထိရရှိကာ ၄ ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဆွီဒင်အသင်းသည် ဂိုးကန်သွင်းခွင့် ၈ ကြိမ်သာရရှိခဲ့ပြီး ၇ ကြိမ်ထိ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

**သီဟ**

◆ *ကျောဖုံးမှ*

ရှိခဲ့သည်။ သို့သော် ဇွဲကပင်အသင်းသည် ရခိုင်အသင်းထက် တိုက်စစ်ကစားပုံ ပိုကောင်းခဲ့ပြီး မိနစ် ၆၀ ကျော်ဖြင့် သုံးဂိုး-တစ်ဂိုးရလဒ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ပွဲအစ လေးမိနစ်တွင် ရာစင်က ဇွဲကပင်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၈ မိနစ်တွင် အောင်သန့်ဇော်က ရခိုင်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဇွဲကပင်အသင်းသည် ဂိုးပြန်ပေးလိုက်ရသော်လည်း ရခိုင်အသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့ပြီး ၅၃ မိနစ်တွင် သိန်းတန်နှင့် ၅၅ မိနစ်တွင် ကင်မ်တို့က ဦးဆောင်ဂိုးများ သွင်းယူခဲ့သည်။ ဇွဲကပင်အသင်းသည် ယင်းနောက်ပိုင်းတွင် ပွဲကိုထိန်းကစားလိုက်ရာ ရခိုင်အသင်းအတွက် အခွင့်အရေးများသွားပြီး တောင်ပံကစားသမား ဇော်သိန်းဝင်းက ၆၈၊ ၇၆ မိနစ်တွင် ချေပဂိုးများ ပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ရခိုင်အသင်းက ကစားပုံပိုကောင်းလာပြီး ၉၀+၃ မိနစ်တွင် တိုက်စစ်မှူး ဆင်မြူရယ်က အနိုင်ဂိုးသွင်းယူခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက Chinland အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲအစမှာပင် နှစ်သင်းစလုံး ဂိုးများအပြန်အလှန်သွင်းခဲ့ပြီး ၇ မိနစ်တွင် ဆာဆက်နှင့် ၁၃ မိနစ်တွင် မာတူနာတို့က ရောဝတီအတွက် နှစ်ဂိုးဆက် သွင်းယူခဲ့သည်။ ၂၄ မိနစ်တွင် ထွန်းလင်းအောင်က Chinland အသင်းအတွက် ချေပဂိုးပြန်သွင်းသော်လည်း ရောဝတီက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။ ရောဝတီအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် တတိယနေရာသို့ ရောက်ရှိလာသည်။ မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက စစ်ကိုင်းအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အပြန်အလှန်သွင်းဂိုးများကြောင့်ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး Southern အသင်းသည် မိနစ် ၇၀ ကျော်တွင် သွင်းယူသည့် ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစတွင် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားပြီး ၁၁ မိနစ်တွင် ရဲထက်အောင်၊ ၁၆ မိနစ်တွင် ကောင်းစည်သူက Southern အသင်းအတွက် ဂိုးများ စတင်သွင်းယူသော်လည်း စစ်ကိုင်းအတွက် ချေပဂိုးများကို ၃၅ မိနစ်တွင် မျိုးမင်းဖြိုး၊ ၄၂ မိနစ်တွင် ဖရိုင်းဒေးတို့က ပြန်သွင်းခဲ့၍ ပထမပိုင်းအပြီးတွင် နှစ်ဂိုးစီသရေကျနေသည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ၇၆ မိနစ်တွင် ကောင်းစည်သူနှင့် ၇၉ မိနစ်တွင် ရှိုင်းသူရတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၁၅)အပြီးတွင် ရန်ကုန်အသင်းက ရမှတ် ၃၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၂၉ မှတ်၊ ရောဝတီအသင်းက ၂၇ မှတ်၊ ဟံသာဝတီအသင်းက ၂၅ မှတ်၊ စစ်ကိုင်းနှင့် ရခိုင်အသင်းက ၂၃ မှတ်စီ၊ ရတနာပုံအသင်းက ၂၁ မှတ်၊ ဇွဲကပင်နှင့် Southern အသင်းက ၁၅ မှတ်စီ၊ မကွေးအသင်းက ၁၄ မှတ်၊ ဒဂုံအသင်းက ၁၃ မှတ်နှင့် Chinland အသင်းက ကိုးမှတ်ရရှိထားသည်။ **ညီမြတ်သော်တာ**

# ခင်ဦးမြို့၌ ၁၂ ဘီးယာဉ်တစ်စီး လမ်းဘေးသစ်ပင်ကို တိုက်မိ၍ တစ်ဦးသေဆုံး

**ခင်ဦး ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် လက်ကံကုန်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်တွင် ၁၂ ဘီးယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ကို တိုက်မိ၍ ယာဉ်နောက်လိုက်တစ်ဦး သေဆုံးကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၄ နာရီခန့်က ကန့်ဘလူမြို့နယ်ဘက်မှ ရွှေဘိုမြို့ဘက်သို့ မြစ်သားမြို့နေ ယာဉ်မောင်း နန်းထိုက်အောင် မောင်းနှင်လာသော ကျောက်မီးသွေးများ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်ရှိ သစ်ပင်ကို တိုက်မိကြောင်း သိရသည်။



သစ်ပင်ဝင်တိုက်မိသည့် ယာဉ်ပေါ်မှ ထိခိုက်သူများအား ကယ်ဆယ်ကြစဉ်။

သတင်းအရ ခင်ဦးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ခင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်သူခ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်နောက်လိုက် ကျော်ဝင်းဆိုင် (၄၆နှစ်) မှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ယာဉ်မောင်း နန်းထိုက်အောင် (၂၆ နှစ်) မှာ ထိခိုက်ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် မြစ်သားမြို့နေ ယာဉ်မောင်း နန်းထိုက်အောင်ကို ခင်ဦးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားရှိကြောင်း သိရသည်။

**ထွန်းမြင့်အောင် (ရွှေဘို)**

# မူဆယ်မြို့တွင် ဖုန်းနှင့် ပိုက်ဆံအိတ်ကိုလုယူပြီး ဓားဖြင့်ထိုးသူအား အရေးယူထား

**နေပြည်တော် ဇူလိုင် ၇**

မူဆယ်မြို့ ဟိုမွန်ရပ်ကွက်နေ မဝင့်ဝါဖြိုးသည် ဇူလိုင် ၆ ရက် ည ၈ နာရီခွဲတွင် အစ်ကိုဝမ်းကွဲတော်စပ်သူ ကိုအောင်မြင့်ဌေးနှင့်အတူ မင်္ဂလာမူဆယ်လမ်း ဆန်စပါးကုန်စည်ဒိုင်ရှေ့ လမ်းမပေါ်တွင် စကားရပ်ပြောနေစဉ် အမျိုးသားတစ်ဦးက အနီးသို့ရောက်ရှိလာပြီး ၎င်း၏ဖုန်းထည့်ထားသော ပိုက်ဆံအိတ်ကို လုယူခဲ့သည်။

လုယူစဉ် ကိုအောင်မြင့်ဌေးက ပြန်လည်ဆွဲယူရာ ၎င်းကလက်ထဲတွင် အသင့်ကိုင်ဆောင်ထားသော ဓားဖြင့်ထိုးသဖြင့် ကိုအောင်မြင့်ဌေးတွင် ထိုးသွင်းဒဏ်ရာများရရှိခဲ့၍ အော်ဟစ်အကူအညီတောင်းခံခဲ့သောကြောင့် အနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။ ဆက်လက်၍ စစ်ဆေးမေးမြန်းရာ ကောင်းမှုတုံရပ်ကွက် ဆင်ဖြူစျေးဝင်းနေ ကျန်းရှင်ကျင်းဖြစ်ကြောင်း သိရှိရသဖြင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ ကျန်းရှင်ကျင်းအား မူဆယ်မြို့မရဲစခန်း က အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိတ္ထီလာ-တောင်ငူ ဓာတ်အားလိုင်းကြိုးသွယ်တန်းသူ လေးဦး အမြင့်ပေ ၁၀၀ ခန့်ရှိ တိုင်ပေါ်မှ ပြုတ်ကျ၍ သုံးဦးသေ၊ တစ်ဦးဒဏ်ရာရ

**မိတ္ထီလာ ဇူလိုင် ၇**

မိတ္ထီလာ-တောင်ငူမြို့သို့ သွယ်တန်းလျက်ရှိသော 500KV ဓာတ်အားလိုင်းကြိုး သွယ်တန်းနေစဉ် ဇူလိုင် ၆ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ဓာတ်အားလိုင်းကြိုး တင်းအားများ၍ တိုင်မှမူလီများ ပြုတ်ထွက်ပြီး အမြင့်ပေ ၁၀၀ ခန့်ရှိ တိုင်ပေါ်မှ တရုတ်နိုင်ငံသား လေးဦး ပြုတ်ကျရာ သုံးဦးသေဆုံးကာ တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၆၉/၆)၏ အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် CEEC ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်နေသော မိတ္ထီလာ-တောင်ငူမြို့သို့ သွယ်တန်းလျက်ရှိသော 500KV ဓာတ်အားလိုင်း တိုင်အမှတ်(၉၁)တွင် တရုတ်နိုင်ငံသား လေးဦးသည် ဓာတ်အားလိုင်းကြိုး သွယ်တန်းနေစဉ် Zi Fayou၊ Li Wenquan၊ Yang Shi Hua၊ He Kaila တို့ လေးဦးသည် အမြင့်ပေ ၁၀၀ ခန့်ရှိ တိုင်ပေါ်မှ ပြုတ်ကျခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် Zi Fayou၊ Li Wenquan တို့ နှစ်ဦးသည် အခင်းဖြစ် နေရာတွင် သေဆုံးခဲ့ပြီး Yang Shihua၊ He Kailaတို့ နှစ်ဦးအား မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် He Kailaမှာ လမ်းတွင် သေဆုံးခဲ့ကာ Yang Shi Hua မှာ ဒဏ်ရာများရရှိခဲ့၍ မိတ္ထီလာပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြန်မာ့ရုပ်မြင်သံကြား

၈-၇-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - MRTV Travelogue
- ၈း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၁)**
- ၁၀း၃၀ - လျှေင်လှုပ်ရင် ဘယ်လိုနေရမလဲ
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
- ၁၂း၃၀ - လျှေင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ကျောင်းစာသင်ခန်း)
- ၁၅း၄၀ - "မိနစ် ၁၂၀"

**ညပိုင်း**

- ၁၆း၃၀ - အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဒဿနိကဗေဒ အထူးပြု)(ဒဿနိကဗေဒ)
- ၁၇း၃၀ - Yes or No Talk Show
- ၁၈း၂၀ - **"မျက်ရည်သွန်လို့ဘဝင်ညှိုး ဇူလိုင်တစ်ဆယ့်ကိုး"**
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအကြောင်း သိကောင်းစရာ" (ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ကိုမျိုးလွင်ဦး၊ ကိုထက်ဝင်း)(ဒါရိုက်တာ-ဝေဠု(ဝသန်))
- ၁၉း၁၅ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၂)**
- ၁၉း၂၀ - မြန်မာဇာတ်လမ်းတွဲ "Channel Zero" (အပိုင်း-၉)
- ၂၀း၀၀ - ပြည်တွင်းသတင်း
- ၂၀း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၃)**
- - အန္တရာယ်ကြီးမား မူးယစ်ဆေးဝါး
- ၂၀း၃၅ - "ဆေးပစ္စည်းကိရိယာများ ကြီးကြပ်ကွပ်ကဲခြင်းနှင့် သုံးစွဲရာတွင် လိုက်နာရမည့် အချက်များအကြောင်း သိကောင်းစရာ"
- - "မြန်မာမျိုးဆက်သစ် အစီအစဉ်" (ဦးထက်ဇံလင်း စီးပွားရေး လုပ်ငန်းရှင်)

# မှတ်ပုံတင်ထားရှိခြင်းမရှိသည့် ဆေးဝါးများ ချောင်းဦးမြို့တွင် သိမ်းဆည်းရမိ

**ချောင်းဦး ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက မှန်လုံယာဉ်တစ်စီးပေါ်မှ ငွေကျပ် ၂၃၂ သိန်းကျော် တန်ဖိုးရှိ မှတ်ပုံတင်ထားရှိခြင်းမရှိသည့် ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း ချောင်းဦးမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းသက်လင်း၊ မူးယစ်တပ်ဖွဲ့စု(၈)မုံရွာမှ ရဲမှူးသန်းအေး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးအေးထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ထွန်းဦးတို့သည် မှန်ချိုကျေးရွာအနီး ချောင်းဦး-ပခုက္ကူကားလမ်း မိုင်တိုင်အမှတ်(၁/၂)ရှိ ထွန်းညိုလူတိုးဂိတ်တွင် ပခုက္ကူဘက်မှ ချောင်းဦးဘက်သို့ ယာဉ်မောင်း ဦးစိုးဝင်းမြင့် မောင်းနှင်လာသည့် ယာဉ်အမှတ် YGN 3C/----- မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

အဆိုပါယာဉ်ပေါ်မှ ကာလတန်ဖိုး ငွေကျပ် ၂၃၂၉၇၆၀၀ တန်ဖိုးရှိ 30ml Katamine Injection IP 50 mg / ml ဆေး ပုလင်း ၂၂၅၉ ပုလင်း၊ Ohyped တံဆိပ်ပါဆေးဘူး ၂၇၉ ဘူး၊ Ohypat တံဆိပ်ပါဆေးဘူး၁၄၄ဘူး၊ Sindenafin Citrate Tablets IP Dr-X 100 တံဆိပ်ပါ ဆေးဘူး ၅၅ ဘူး ၊ Todein Lotion တံဆိပ်ပါ ဆေးပုလင်း ၆၀၀၊ Gentamicin Injection IP Regenta တံဆိပ်ပါ ဆေးပုလင်း ၂၀၀၀၀၊ Chloramphenicol Eye Drops I.P Remycetin Eye / Ear Drop ဆေးပုလင်း ၁၁၅၂ ပုလင်းနှင့် အခြားတံဆိပ်ပါ Eye / Ear Drop ဆေးပုလင်း ၃၅၀၀၊ Skin Cream လိမ်းဆေးဘူး ၄၂၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ယာဉ်မောင်း စိုးဝင်းမြင့်က အဆိုပါဆေးဝါးများကို အိန္ဒိယနိုင်ငံ မိုးရေးမြို့ဘက်မှ အိန္ဒိယနိုင်ငံသား အစ္စဏီ (၅၀နှစ်)ခန့်ထံမှ ဝယ်ယူခဲ့ပြီး မန္တလေးမြို့ ဇလပ်ဖြူ ကားဂိတ်သို့ သယ်ယူကာ အဆိုပါကားဂိတ်သို့ လာရောက်ဝယ်ယူသူ တရုတ်ကိုယ်စားလှယ်တစ်ဦးထံ ပြန်လည်ရောင်းချရန် သယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မှတ်ပုံတင်ထားရှိခြင်းမရှိသည့် ဆေးဝါးများ သယ်ဆောင်သူများကို ချောင်းဦးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်းနှင့် ကွင်းဆက်များကို စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရမ်းဗြဲမြို့နယ်၌ စက်လှေနစ်မြုပ်၍ ပျောက်ဆုံးနေသူ ငါးဦးအနက် သုံးဦးပြန်လည်တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၇**

ရမ်းဗြဲမြို့နယ် ဖောင်းခါကျေးရွာနှင့် စတုက္ကျွန်းအကြား ကလိန်တောင်မြစ်အတွင်း၌ ဇူလိုင် ၅ ရက် နံနက် ၉ နာရီက တောင်ကုတ်မှ ရမ်းဗြဲသို့ ဦးကုလားကြီး(ခ)ဦးသောင်းထွန်း မောင်းနှင်ပြီး ကိုထွေး(၁၅နှစ်)ပါ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ခုနစ်ဦး လိုက်ပါလာသည့် စက်လှေသည် လှိုင်းလေပြင်းထန်သဖြင့် နစ်မြုပ်ခဲ့သည်။

အဆိုပါ စက်လှေနစ်မြုပ်မှုကြောင့် ငါးဦးပျောက်ဆုံးခဲ့ပြီး ဦးကုလားကြီး(ခ)ဦးသောင်းထွန်းပါ အမျိုးသား နှစ်ဦးကို အနီးဝန်းကျင်ရှိ ငါးဖမ်းစက်လှေများက ကယ်ဆယ်ရရှိခဲ့သည်။ အဆိုပါ စက်လှေနစ်မြုပ်မှုကြောင့် ပျောက်ဆုံးနေသူ ငါးဦးကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် တပ်မတော်(ရေ)ရေယာဉ်နှင့် ငါးဖမ်းစက်လှေများက ဝိုင်းဝန်းရှာဖွေရာ c/သမုတ်ကျေးရွာနေ ဦးမောင်လှဝင်း(၅၃နှစ်)နှင့် ဦးမောင်ထွန်းနု (၅၆နှစ်) တို့ကို အသက်ရှင်လျက်ဖြင့် လည်းကောင်း၊ ဝံလက်မော်ကျေးရွာနေ မဟေမာအောင် (၂၂ နှစ်)ကို သေဆုံးလျက်ဖြင့်လည်းကောင်း ပြန်လည်တွေ့ရှိ ခဲ့သည်။

ကျန်ပျောက်ဆုံးနေသူ နေအောင်ကိုပါ နှစ်ဦးကို ရှာဖွေလျက်ရှိကြောင်းနှင့် ဦးကုလားကြီး(ခ) ဦးသောင်းထွန်းကို ကျောက်နီမော်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မင်းတပ်-မတူပီလမ်းပိုင်း၌ သစ်ပင်လဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်

**မတူပီ ဇူလိုင် ၇**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ်အတွင်း မင်းတပ်-မတူပီလမ်းပိုင်း မိုင်တိုင်အမှတ် (၈၀)၌ ဇူလိုင် ၇ ရက်တွင် သစ်ပင်လဲကျ၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စက်ကြီးမောင်းဆရာတစ်ဦးက "မင်းတပ်-မတူပီလမ်းပိုင်း မိုင်တိုင်(၈၀)မှာ လဲကျပြီးသား လမ်းအပေါ်ဘက်မှာ တင်နေတဲ့ သစ်ပင်ကြီးက မိုးဆက်တိုက်ရွာတော့ ရေတိုက်စားတာများလို့ လမ်းပေါ်ရောက်လာပြီး လမ်းပိတ်သွားတာပါ။ မြေစာတွေက ဆက်တိုက်ကျနေတော့ရှင်းဖို့ အဆင်မပြေတာရယ်၊ လဲကျနေတဲ့ သစ်ပင်ဖြတ်ဖို့ ချိန်းစောသွားရှာကြတာရယ်နဲ့ လမ်းပိတ်တာက လေးနာရီလောက်ကြာသွားတယ်" ဟု ပြောသည်။

အဆိုပါသစ်ပင်လဲကျ၍ လမ်းပိတ်ဆို့မှုမှာ မနက် ၁၁ နာရီ မိနစ် ၃၀ မှ စတင်ပိတ်ဆို့ခဲ့ခြင်းဖြစ်ပြီး လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ အနီးအနားကျေးရွာမှ ဒေသခံများ၏ ဝိုင်းဝန်းဆောင်ရွက်မှုကြောင့် ညနေ ၃ နာရီ မိနစ် ၃၀ တွင် ဖယ်ရှားနိုင်ခဲ့ကြကြောင်း၊ အဆိုပါနေရာသည် ရေတိုက်စားမှုများပြီး မကြာခဏ မြေပြိုကျသည့်နေရာဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ပင်သာမြို့၌ ရပ်တန့်ထားသည့် ယာဉ်အား ဟိုက်ဂျက်ယာဉ်က ဝင်တိုက်မိ၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ဖြူး ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာမြို့တောင်ဘက် သုံးဖာလုံခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်းတွင် ဇူလိုင် ၇ ရက် နံနက် ၂ နာရီခွဲခန့်က ရပ်တန့်ပြုပြင်နေသည့် ၂၂ ဘီးယာဉ်ကို လမ်းကြောင်းတူ မောင်းနှင်လာသည့် ဟိုက်ဂျက်ယာဉ်က အရှိန်လွန်ပြီးဝင်တိုက်ခဲ့ရာ တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာရွာနေ ကျော်ကျော်ဦး (၂၅ နှစ်) မောင်းနှင်လာသော ၂၂ ဘီးယာဉ်သည် မိုင်တိုင်အမှတ် (၁၂၀/၂ နှင့် ၃) အကြား၌ ဘရိတ်အနည်းငယ်ညပ်နေသဖြင့် လမ်းဘေးချရပ်၍ပြုပြင်နေစဉ် ကားလမ်းအတိုင်း လမ်းကြောင်းတူ တောင်မှမြောက်သို့ မန္တလေးမြို့နေသူ သန်းစိန် (၂၅ နှစ်) မောင်းနှင်သည့် MDY-7M/----- ဟိုက်ဂျက်ယာဉ်က အရှိန်လွန်ပြီး ယာဉ်နောက်ပိုင်းကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဟိုက်ဂျက်ယာဉ် ရှေ့ခန်းတွင်လိုက်ပါလာသည့် ကျော်ကြီး(၂၀ နှစ်) မှာ ရရှိသည့်ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်မောင်း သန်းစိန်(စိုးရိမ်ရ)၊ မအေးငြိမ်းသူ (၂၇ နှစ်)(မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့၍ ယာဉ်မောင်း သန်းစိန်ကို ညောင်ပင်သာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်**

# ကျောက်ဖြူမြို့နယ်၌ ကူးတို့စက်လှေနစ်မြုပ်၍ တစ်ဦးသေဆုံး

**ကျောက်ဖြူ ဇူလိုင် ၇**

ကျောက်ဖြူမြို့နယ် ရွာကြီးကျေးရွာ ကင်းကူးတို့ဆိပ်အနီး ယနေ့ နံနက် ၇ နာရီက ကင်းချောင်းအတွင်း ကူးတို့စက်လှေဖြတ်ကူးစဉ် လေပြင်းတိုက်ခတ်မှုကြောင့် စက်လှေ ရေနစ်မြုပ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရမ်းဗြဲမြို့နယ် လေးတောင်တိုက်နယ် ဘက်ဆိပ်ကမ်းမှ စက်လှေမောင်း ဦးဘစိန် မောင်းနှင်လာသော စက်လှေပေါ်တွင် အမျိုးသားငါးဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၁၉ ဦး လိုက်ပါလာသော ကူးတို့စက်လှေသည် လေပြင်းတိုက်ခတ်မှုကြောင့် နစ်မြုပ်ခဲ့ သည်။ အဆိုပါ စက်လှေနစ်မြုပ်မှုကြောင့် လှေပေါ်တွင် လိုက်ပါသူများအနက် ဇင်ချောင်းဆေးရုံသို့ ဆေးကုသမှုခံယူရန် လိုက်ပါလာသော ဦးမောင်ဝေသာ (၆၁ နှစ်)သည် ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့ပြီး ကျန်ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စက်လှေမောင်းဦးဘစိန်ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# အာဖဂန်တွင်ငြိမ်းချမ်းရေးရရှိရေးအတွက် တာလီဘန်များနှင့် အာဖဂန်နိုင်ငံရေးသမားများ တွေ့ဆုံ

**ဒိုဟာ ဇူလိုင် ၇**

တစ်ဦးနှင့်တစ်ဦး ပြင်းထန်သည့် ပြိုင်ဘက်များပါဝင်ပြီး သြဇာတိက္ကမကြီးမားသည့် ဒါဇင်နှင့်ချီသော အာဖဂန်ခေါင်းဆောင်များသည် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ဇူလိုင် ၇ ရက်က တာလီဘန်များနှင့် တွေ့ဆုံခဲ့ပြီး အပစ်အခတ်ရပ်စဲရေးနှင့် ၁၈ နှစ်ကြာ အာဖဂန်ပဋိပက္ခ ပြီးဆုံးချိန်တွင် အမျိုးသမီးများနှင့် လူနည်းစုများ၏ အနာဂတ်အရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်အစိုးရအနေဖြင့် တာလီဘန်တို့နှင့် နိုင်ငံရေးအရ သဘောတူညီချက်တစ်ခုကို ရယူပြီး အာဖဂန်နစ္စတန် သမ္မတရွေးကောက်ပွဲကို လာမည့်စက်တင်ဘာလတွင် ကျင်းပနိုင်ရေး ဦးတည်စေကာ အာဖဂန်မြေပေါ်မှ နိုင်ငံခြားတပ်များ စတင်ရုတ်သိမ်းနိုင်ရေးအတွက် ဆန္ဒရှိကြောင်း ဝါရှင်တန်က ပြောကြားထားသည်။

တာလီဘန်များနှင့် ဆွေးနွေးခဲ့သည့် ခြောက်ရက်တာကာလအတွင်း ရလဒ်အများအပြား ပေါ်ထွက်ခဲ့ကြောင်း အမေရိကန်ဦးဆောင်သည့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ဇယ်မေခါလီလ်ဇတ်က ဇူလိုင် ၆ ရက်က ကာတာတွင် ကျင်းပသည့် အမေရိကန်-တာလီဘန်ဆွေးနွေးပွဲတွင် ပြောကြားသည်။

တာလီဘန်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဆူဟေးရှာဟင်ကလည်း တိုးတက်မှုများ ဝမ်းမြောက်မိကြောင်း၊ ယခုအချိန်အထိ အနှောင့်အယှက် အတားအဆီးများနှင့် မကြုံရသေးကြောင်း ပြောကြားခဲ့သည်။ အာဖဂန်များအချင်းချင်းဆွေးနွေးပွဲတွင် ကိုယ်စားလှယ်ပေါင်း ၆၀ ခန့် ပါဝင်ပြီး နိုင်ငံရေးသမားများ၊ အာဖဂန်စီးပွားရေးလုပ်ငန်းရှင်များ၊ အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်ကြောင်း သိရသည်။

နှစ်ရက်ကြာပြုလုပ်သည့်အဆိုပါဆွေးနွေးပွဲတွင် အမေရိကန်ဘက်မှ တိုက်ရိုက်ပါဝင်မှု မပြုပေ။ အမေရိကန်ပြည်ထောင်စုက အာဖဂန်မြေပေါ်တွင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံခန့် အသုံးပြုထားပြီး တာလီဘန်များနှင့် အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီတို့ ဆွေးနွေးပွဲ ပြုလုပ်စေလိုသည်။

**အေအက်ဖ်ပီ**



အာဖဂန်သမ္မတနှင့်အမေရိကန် သံတမန်တို့ ဇန်နဝါရီလအတွင်းက တွေ့ဆုံကြစဉ်။

# ဗြိတိန်ရေနံတင်သင်္ဘောကိုဖမ်းဆီးမည်ဟု အီရန်ခြိမ်းခြောက်

**တီဟီရန် ဇူလိုင် ၇**

ဂျီဘရော်လ်တာ၌ အီရန်ရေနံတင်သင်္ဘောတစ်စင်း ဖမ်းဆီးခံခဲ့ရမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ဗြိတိန်ရေနံတင်သင်္ဘောကို ဖမ်းဆီးမည်ဟု အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ အကြီးတန်းအာဏာပိုင်တစ်ဦးက ခြိမ်းခြောက်လိုက်ကြောင်းသိရသည်။

အီရန်ရေနံတင်သင်္ဘောကို အမြန်ဆုံးပြန်လွှတ်ပေးရန်နှင့် ထိုသို့မလွှတ်ပေးပါက အီရန်ကလည်းအလားတူ တုံ့ပြန်သွားရန်ရှိကြောင်း ၎င်းက တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။ ဗြိတိန်နိုင်ငံ ဂျီဘရော်လ်တာအာဏာပိုင်များသည် အီရန်သင်္ဘောကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ကြာသပတေးနေ့က ပြောခဲ့သည်။

အဆိုပါသင်္ဘောသည် ဥရောပသမဂ္ဂက ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုကို ဖောက်ဖျက်ကာ ရေနံစိမ်းများကို ဆီးရီးယားနိုင်ငံဆီသို့ သယ်ယူပို့ဆောင်ပေးနေသည်ဟု ၎င်းတို့က ယူဆထားသည်။

ယခုကဲ့သို့ ဖမ်းဆီးခြင်းမှာ တရားဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဆိုထားသည်။ သင်္ဘောကို စစ်ဆေးမှုများ လုပ်ဆောင်ရန်အတွက် ၁၄ ရက်ကြာ ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ဇူလိုင် ၅ ရက်တွင် ဂျီဘရော်လ်တာဘက်မှ အကြောင်းကြားခဲ့သည်။

အီရန်အပေါ် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများ ကျရောက်လာပြီးနောက် အီရန်မှ ရေနံများကို ပြည်ပမှ ဝယ်ယူမှု ကျဆင်းသွားခဲ့ရာ အီရန်အနေဖြင့် ရေနံစိမ်းတင်ပို့မှု လျော့ကျလာနေသည့်အတွက် စိတ်ပျက်အားလျော့နေချိန် ယခုဖြစ်ရပ်ပေါ်ထွက်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဇူလိုင် ၆ ရက်က ဂျီဘရော်လ်တာကမ်းခြေ၌ အီရန်ရေနံတင်သင်္ဘော The Grace 1 အနီးတွင် ဗြိတိန်ရဲတပ်ဖွဲ့သင်္ဘောတစ်စင်း ကင်းလှည့်နေစဉ်။

# ဂရိနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲအတွက် ပြည်သူများမဲပေး

**အေသင် ဇူလိုင် ၇**

ဂရိနိုင်ငံ၌ ပြည်သူလူထုက ဂရိဝန်ကြီးချုပ် အလက်ဆစ်စီပရက်စ်အစိုးရအပေါ် မကျေနပ်ချက်များ ပိုမိုကြီးထွားလာလျက်ရှိနေချိန်တွင် မဲဆန္ဒရှင်ပြည်သူများသည် အထွေထွေရွေးကောက်ပွဲအတွက် မဲပေးရန် ဇူလိုင် ၇ ရက်တွင် မဲရုံများဆီသို့ ထွက်ခွာလာခဲ့ကြသည်။

ဂရိဝန်ကြီးချုပ် အလက်ဆစ်စီပရက်စ်သည် ၎င်း၏ အုပ်ချုပ်မှုသက်တမ်းမကုန်ဆုံးမီ ကြားဖြတ်ရွေးကောက်ပွဲတစ်ရပ် ကျင်းပရန်အတွက် ပြီးခဲ့သည့်လက ဂရိပါလီမန်လွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။ ဂရိနိုင်ငံတွင် ကြွေးမြီပြဿနာရင်ဆိုင်နေရချိန်အတွင်း အကောင်အထည်ဖော်ခဲ့သည့် ခြိုးခြံချွေတာရေးမူဝါဒဆိုင်ရာ ဦးဆောင်ဝေဖန်သူ တစ်ဦးအနေဖြင့် မစ္စတာ စီပရက်စ်သည် လွန်ခဲ့သော လေးနှစ်အကြာက အာဏာရရှိခဲ့သည်။

သို့သော်လည်း စီပရက်စ်သည် ဥရောပသမဂ္ဂနှင့် အခြားသော ကြွေးရှင်များထံမှ ငွေကြေးထောက်ပံ့မှုသဘောတူစာချုပ်အသစ် ချုပ်ဆိုနိုင်ရေးအတွက် အခွန်အခတိုးမြှင့်ခြင်းအပါအဝင် အသုံးစရိတ်လျှော့ချခြင်းကဲ့သို့ ပြင်းထန်သည့် ခြိုးခြံချွေတာရေး အစီအစဉ်များကို စတင် လုပ်ဆောင်လာသည့်အတွက် ပြည်သူလူထုက အပြင်းအထန်ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ဂရိနိုင်ငံအတွက် ငွေကြေးကူညီထောက်ပံ့မည့်အစီအစဉ်မှာ ရှစ်နှစ်ကြာ မြင့်ခဲ့ပြီးနောက် ပြီးခဲ့သည့်သြဂုတ်လက အဆုံးသတ်သွားခဲ့သည်။ သို့သော်လည်း ဂရိနိုင်ငံ၏ စီးပွားရေးမှာ အကျပ်အတည်းမှ ရုန်းထွက်နိုင်ခဲ့ခြင်း မရှိသေးပေ။ အလုပ်လက်မဲ့နှုန်းမှာ ၁၈ ရာခိုင်နှုန်းကျော်ရှိနေပြီး ယင်းပမာဏသည် ဥရောပအဖွဲ့ဝင်နိုင်ငံများအကြားအမြင့်ဆုံး အလုပ်လက်မဲ့ပမာဏ ဖြစ်သည်။

**အေအက်ဖ်ပီ**



ဂရိဝန်ကြီးချုပ် အလက်ဆစ်စီပရက်စ်

## ဆော်ဒီလေဆိပ်များတွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ဟု ဟူသီသူပုန်များပြော

**ဆာနား ဇူလိုင် ၇**

ဆော်ဒီအာရေဗျ အနောက်တောင်ပိုင်းရှိ ဂျီဇန်နှင့် အက်ဘ်ဟာလေဆိပ်တို့ကို ပစ်မှတ်ထား၍ စနေနေ့တွင် ဒရုန်းဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု ယီမင်မှ ဟူသီသူပုန်များက ပြောသည်။

လေဆိပ်များရှိ အခြားသောအဆောက်အအုံများနှင့် စစ်ဘက်လေယာဉ်များ ထားရှိရာနေရာများကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဟူသီသူပုန်များဘက်မှပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဆော်ဒီအာရေဗျဘက်မှမူ အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး မည်သည့်မှတ်ချက်မှ ပြောကြားခဲ့ခြင်းမရှိပေ။

မကြာသေးမီရက်များအတွင်း အဆိုပါလေဆိပ်နှစ်ခုကို ဟူသီသူပုန်များဘက်မှ ပစ်မှတ်ထားကာ အကြိမ်ကြိမ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း ဒုံးကျည်အများစုကို ဆော်ဒီလေကြောင်းကာကွယ်ရေးတပ်ဖွဲ့မှ ကြားဝင်ဟန့်တားနိုင်ခဲ့သည်။

ဆော်ဒီအာရေဗျသည် ယီမင်ရှိ ဟူသီသူပုန်များကိုတိုက်ခိုက်ရာတွင် အာရပ်မဟာမိတ်တပ်ကို ဦးစီးဦးဆောင်ကာ တိုက်ခိုက်လျက်ရှိသည်မှာ လေးနှစ်ကျော်ကာလတွင်းသို့ဝင်ရောက်လာပြီဖြစ်သည်။ ဆော်ဒီအစိုးရသည် နယ်နှင်ဒဏ်ပေးခံရသည့် ယီမင်သမ္မတ မန်ဆောဟာဒီကို ထောက်ခံပေးထားသည်။

**ဆင်ဟွာ**

## ဆွေးနွေးပွဲပြုလုပ်နိုင်ရေး နည်းလမ်းများ ရှာဖွေရန် အီရန်နှင့် ပြင်သစ်တို့သဘောတူ

**တီဟီရန် ဇူလိုင် ၇**

၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက် ထိန်းသိမ်းနိုင်ရေး ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် နိုင်ငံများနှင့် အီရန်တို့ ဆွေးနွေးပွဲပြန်လည်ပြုလုပ်နိုင်ရေး နည်းလမ်းများရှာဖွေရန် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် အီရန်သမ္မတ ဟက်ဆန်ရိုဟာနီတို့ သဘောတူခဲ့ကြသည်။

နှစ်နိုင်ငံမှခေါင်းဆောင်များသည် တစ်နာရီကြာ တယ်လီဖုန်းဖြင့် ဆွေးနွေးမှုပြုလုပ်ခဲ့ကြကြောင်း စနေနေ့တွင် သမ္မတမက်ခရွန်၏ ရုံးမှ သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံဘက်မှ ယူရေနီယံသန့်စင်မှုကို သတ်မှတ်ထားသည်ထက် ပိုမိုထုတ်လုပ်မည်ဆိုသည့် ကြေညာချက်ကိုစိုးရိမ်မိကြောင်း ပြင်သစ်သမ္မတက ပြောသည်။

ဇူလိုင် ၁၅ ရက်တွင် ၂၀၁၅ ခုနှစ် နျူကလီးယားစာချုပ်ပါနိုင်ငံများနှင့် ဆွေးနွေးပွဲများ ပြန်စနိုင်ရေးအတွက် ကြိုးစားသွားမည်ဟု ခေါင်းဆောင်နှစ်ဦးစလုံးက သဘောတူခဲ့သည်။

ပြင်သစ်နှင့် ဥရောပနိုင်ငံများသည် အီရန်နျူကလီးယားစာချုပ်ကို ဆက်လက်ထိန်းသိမ်းထားလိုကြသည်။ သမ္မတမက်ခရွန်က အီရန်နိုင်ငံနှင့် ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ရန်နှင့် အခြားသောနိုင်ငံများကလည်း ဆွေးနွေးညှိနှိုင်းမှုများမှ တစ်ဆင့် တင်းမာမှုများကို လျှော့ချရန် ကြိုးစားသွားမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဖိလစ်ပိုင်တောင်ပိုင်း ရဲတပ်ဖွဲ့ အကျဉ်းထောင်မှ အကျဉ်းသား ရှစ်ဦး ထွက်ပြေးလွတ်မြောက်

**မနီလာ ဇူလိုင် ၇**

ဖိလစ်ပိုင်တောင်ပိုင်းကျွန်းရှိ ဘာစီလန်ပြည်နယ် လာမီတန်မြို့ အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားရှစ်ဦးတို့ ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် အစောင့်များ အိပ်ပျော်နေချိန် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ရဲတပ်ဖွဲ့ဒုတိယဗိုလ်မှူးကြီး ခရစ်စတိုဖာပါနာပန်က အကျဉ်းသားများ နံနက် ၈ နာရီခန့်က ထွက်ပြေးခဲ့ခြင်းဖြစ်ပြီး အကျဉ်းထောင် အစောင့်များထံမှ အမ် ၁၆ တိုက်ခိုက်ရေး ရိုင်ဖယ်သေနတ်များကိုပါ ယူဆောင်သွားကြောင်း ပြောကြားခဲ့သည်။ အကျဉ်းသား ရှစ်ဦးတို့မှာ လူသတ်မှုနှင့် မူးယစ်ဆေးဝါးမှုတို့ဖြင့် ကျခံနေရသူများဖြစ်ကြောင်း ပါနာပန်က ပြောသည်။

လွတ်မြောက်သွားသော အကျဉ်းသားများကို လိုက်လံရှာဖွေဖမ်းဆီးရန် စစ်ဆင်ရေးတစ်ရပ်ကို ချက်ချင်းလုပ်ဆောင်ခဲ့ကြောင်းနှင့် လုံခြုံရေးဆိုင်ရာ ပေါ့လျော့မှုများကို စုံစမ်းစစ်ဆေးမှုလုပ်ဆောင်နေပြီဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### သြစတြေးလျကျောင်းသားမှာ လျှို့ဝှက်ထောက်လှမ်းမှု လုပ်ဆောင်နေခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားပြော

**ပြုံယမ်း ဇူလိုင် ၇**

ပြီးခဲ့သည့် ဇူလိုင် ၄ ရက်က မြောက်ကိုရီးယားနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ရာမှ ပြန်လွှတ်ပေးလိုက်သည့် သြစတြေးလျကျောင်းသား အလက်ဆစ်ဂလေမှာ လျှို့ဝှက်ထောက်လှမ်းမှုများ လုပ်ဆောင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းမီဒီယာက ဖော်ပြသည်။

အသက် ၂၉ နှစ်ရှိပြီဖြစ်သည့် သြစတြေးလျနိုင်ငံသား အလက်ဆစ်ဂလေကို မြောက်ကိုရီးယား အာဏာပိုင်များက ပြီးခဲ့သည့်လအတွင်းက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အလက်ဆစ်ဂလေသည် မြောက်ကိုရီးယားရှိ တက္ကသိုလ်တစ်ခုတွင် ပညာဆည်းပူးခဲ့သည်။

ဆစ်ဂလေသည် ဇူလိုင် ၄ ရက်က တရုတ်နိုင်ငံ ပေကျင်းလေဆိပ်မှတစ်ဆင့် တိုကျိုရှိ ဟာနီဒါလေဆိပ်သို့ ရောက်ရှိလာခဲ့ပြီး ၎င်း၏ ဂျပန်နိုင်ငံသူ အမျိုးသမီးနှင့် ပြန်လည်ဆုံစည်းခဲ့သည်။

ကိုရီးယား ဗဟိုသတင်းအေဂျင်စီက ဆစ်ဂလေသည် မြောက်ကိုရီးယားကို ဆန့်ကျင်သည့် သတင်းမီဒီယာများဆီသို့ အချက်အလက်များနှင့် ဓာတ်ပုံစုစည်းမှုများကို အကြိမ်များစွာ ပေးပို့ခဲ့သည်ဟု အဆိုပါ သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံရေးမုန်တိုင်းကြားသို့ တိုးဝင်သွားသော ရေယာဉ်မှူး

**ခြူးစန္ဒီနွေး**

**ဇွန်လနောက်ဆုံးပတ်မှာ ဒုက္ခသည်တွေတင်ဆောင်လာတဲ့ သင်္ဘောကို ခွင့်ပြုချက်မရှိဘဲ အီတလီနိုင်ငံပိုင်ကျွန်းမှာ ဆိုက်ကပ်ခဲ့တဲ့ဖြစ်ရပ်ဟာ အတော်လေး လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရပါတယ်။ လက်ရှိ အီတလီအစိုးရဟာ ရွှေ့ပြောင်းနေထိုင်သူအရေးကို ဆန့်ကျင်တဲ့အစိုးရဖြစ်ပြီး အီတလီဆိပ်ကမ်းတွေမှာ အရင်ကလို ကယ်ဆယ်ရေးသင်္ဘောတွေကို လွယ်လင့်တကူ ကမ်းကပ်ခွင့် မပေးတော့ပါဘူး။**

**အငြင်းပွားစရာဖြစ်လာ**

ဒီလိုအခြေအနေမျိုးမှာ ပင်လယ်ပြင်မှာ ကူကယ်ရာမဲ့ဖြစ်နေတဲ့ ဒုက္ခသည် ၄၀ ကျော်ကို အီတလီနိုင်ငံ လမ်ပီဒူဆာကျွန်းက ဆိပ်ကမ်းကို အရောက်ပို့ခဲ့တဲ့ နောက်မှာတော့ သင်္ဘောရေယာဉ်မှူးဖြစ်တဲ့ ကာရိုလာရက်ကီတီဟာ အီတလီနိုင်ငံအတွက် အငြင်းပွားစရာကိစ္စတစ်ခု ဖြစ်လာခဲ့ပါတယ်။ ရွှေ့ပြောင်းနေထိုင်သူတွေကို ဆန့်ကျင်ကြသူတွေနဲ့ ကယ်ဆယ်ရေးလုပ်ဆောင်ဖို့ အားပေးကြသူတွေကြား အငြင်းပွားစရာဖြစ်လာပါတယ်။

**စိန်ခေါ်မှုတစ်ရပ်**

ဒီလိုမလုပ်သင့်ဘူးလို့ တားမြစ်နေတဲ့ကြားထဲက မရရအောင် Sea Watch 3 သင်္ဘောကို ဆိုက်ကပ်ခဲ့တဲ့ ရေယာဉ်မှူးရဲ့လုပ်ရပ်ဟာ အမျိုးသားရေးဝါဒီတစ်ဦးဖြစ်တဲ့ အီတလီပြည်ထဲရေးဝန်ကြီးကို စိန်ခေါ်လိုက်တာပါပဲ။ သင်္ဘောဆိုက်ကပ်ပြီးတဲ့နောက်မှာတော့ ကာရိုလာရက်ကီတီလည်း အဖမ်းခံလိုက်ရပါတယ်။ အမျိုးသမီးရေယာဉ်မှူးဖြစ်တဲ့ ကာရိုလာဟာ အသက် ၃၁ နှစ်ရှိပါပြီ။ သူ့သင်္ဘောပေါ်မှာပါလာတဲ့ ဒုက္ခသည်တွေအတွက်သာစဉ်းစားပြီး သင်္ဘောကိုကမ်းကပ်ဖို့ ဆုံးဖြတ်လိုက်တာလို့ ကာရိုလာက တယ်လီဗုန်းအင်တာဗျူးမှာ ရှင်းပြခဲ့ပါတယ်။ သင်္ဘောပေါ်မှာပဲ ဆက်ထားရင် သူတို့အားလုံးရဲ့လုံခြုံရေးကို အာမမခံနိုင်တော့တာကြောင့် ကမ်းခြေကို ပို့ဆောင်ဖို့ ဆုံးဖြတ်ခဲ့ရတာပါလို့ သူက ဆက်ပြောပါတယ်။ ကာရိုလာကို တရားသူကြီးက လွှတ်ပေးပြီးဖြစ်ပေမယ့် အစိုးရရှေ့နေတွေကတော့ သူ့ကိုဆက်ပြီး မေးမြန်းကြဆဲပါပဲ။ ကာရိုလာဟာ ဇွန် ၁၂ ရက်က လစ်ဗျားကမ်းရိုးတန်းမှာ တွေ့ရှိခဲ့ရတဲ့ ဒုက္ခသည်တွေကို တင်ဆောင်လာပြီး လမ်ပီဒူဆာကျွန်းဆီကို ဦးတည်ခုတ်မောင်းလာခဲ့ပါတယ်။

**ရှုတ်ရှုတ်သဲသဲဖြစ်စေ**

သူ့ရဲ့လုပ်ရပ်ဟာ ရွှေ့ပြောင်းဒုက္ခသည်အရေး သဘောထားကွဲလွဲနေကြတဲ့ အီတလီနဲ့ ဥရောပတို့ကြား ရှုတ်ရှုတ်သဲသဲအခြေအနေတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။ အီတလီပြည်ထဲရေးဝန်ကြီး မက်တီရီယိုဆယ်ဗီနီဟာ ရွှေ့ပြောင်းနေထိုင်သူ ဒုက္ခသည်ဆန့်ကျင်ရေးမူဝါဒနဲ့ ဆိပ်ကမ်းတွေအားလုံးကို ပိတ်ဆို့ပစ်တဲ့မူဝါဒကို ကျင့်သုံးပြီး သဘောထားတင်းမာသူလို့ နာမည်ရနေတဲ့လူပါ။ ၂၀၁၈ ခုနှစ် ဇွန်လတုန်းကလည်း Aquarius လို့ အမည်ရတဲ့သင်္ဘောဟာ ရွှေ့ပြောင်းအခြေချနေထိုင်သူ ၆၃၀ ကို တင်ဆောင်ပြီး အီတလီမှာ ကမ်းကပ်ခွင့်တောင်းခဲ့ပေမယ့် မရခဲ့ပါဘူး။ အဲဒီနောက် စပိန်နိုင်ငံ ဗလင်ဆီယာသို့ ဆက်လက်ခုတ်မောင်းသွားဖို့ ဖိအားပေးခံခဲ့ရပါတယ်။

**တားဆီးခံရ**

အဲဒီနောက်ပိုင်းကစလို့ ကယ်ဆယ်ရေး



ကယ်ဆယ်ရေးသင်္ဘော SeaWatch 3 မှ ရေယာဉ်မှူး ကာရိုလာရက်ကီတီက ၎င်းကို ထောက်ခံကြသူများအား လက်ပြနှုတ်ဆက်စဉ်။

သင်္ဘောတွေ တောက်လျှောက်တားဆီးခံရပါတယ်။ အီတလီဆိပ်ကမ်းတွေကို ဝင်ခွင့်မရပါဘူး။ ဒါကြောင့် လူပေါင်း ၂၅၀၀ ခန့် ပင်လယ်ပြင်မှာ ရက်ပေါင်း ၁၆၅ ရက်ကြာ ပိတ်မိခဲ့ရတယ်လို့ နယ်စည်းမခြားဆရာဝန်များအဖွဲ့မှ မာကိုဘတ်တိုတိုက ပြောပါတယ်။ ကယ်ဆယ်ရေးသင်္ဘောပေါ်မှာ ပါလာတဲ့ အမျိုးသား၊ အမျိုးသမီးနဲ့ ကလေးတွေဟာ လစ်ဗျားမှာကတည်းက ထိခိုက်နစ်နာမှုတွေ ခံစားခဲ့ရပါတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ Sea Watch 3 သင်္ဘောကတော့ ဂျာမနီပိုင်ဖြစ်ပေမယ့် ဒတ်ချ်အလံလွှင့်ထူထားပါတယ်။ အီတလီအာဏာပိုင်တွေဆီက ကမ်းကပ်ခွင့် ခွင့်ပြုချက်ရဖို့ ပင်လယ်ပြင်မှာ ၁၆ ရက်ကြာ စောင့်ဆိုင်းပြီးမှ ဇွတ်အတင်း ကမ်းကပ်ခဲ့တာပါ။

**ရာခိုင်နှုန်းကျဆင်းလာ**

ကမ်းကပ်ခွင့်ရသွားလို့လည်း အခုဆိုရင် သင်္ဘောပေါ်မှာ ပါလာတဲ့ရွှေ့ပြောင်းဒုက္ခသည်တွေဟာ စစ္စလီကျွန်းမှာ ခြေချခွင့်ရပြီး ဥရောပငါးနိုင်ငံကိုသွားဖို့ စောင့်ဆိုင်းနေကြပါပြီ။ ဒါပေမယ့် ရေယာဉ်မှူးဖြစ်တဲ့ ကာရိုလာကတော့ ဖမ်းဆီးစစ်ဆေးတာကို ခံခဲ့ရပါတယ်။ ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့တဲ့ပါလီမန်မှာတော့ ပြည်ထဲရေးဝန်ကြီး မစ္စတာ ဆယ်ဗီနီက လွန်ခဲ့တဲ့နှစ်ကစပြီး အီတလီကမ်းခြေတွေကို ရောက်လာတဲ့ ရွှေ့ပြောင်းဒုက္ခသည်အရေအတွက်ဟာဆိုရင် ၈၄ ရာခိုင်နှုန်းကို လျှော့ကျသွားတယ်လို့ ပြောခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ကနဲ့ ယှဉ်ရင်တော့ ၉၇ ရာခိုင်နှုန်း ကျဆင်းသွားတယ်လို့ ပြောပါတယ်။ ဥရောပကိုဝင်ရောက်ဖို့ကြိုးစားကြတဲ့ ရွှေ့ပြောင်းဒုက္ခသည်အရေအတွက်ကို သိသိသာသာကြီး လျှော့ချနိုင်ခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဖော်ပြချက်အရ လွန်ခဲ့တဲ့နှစ်အတွင်း အီတလီကို ပင်လယ်ရေကြောင်းကနေတစ်ဆင့် ဝင်ရောက်လာတဲ့ ဒုက္ခသည်အရေအတွက်ဟာ ၃၀၀၀ ထက် လျော့နည်းတယ်လို့ သိရပါတယ်။

> “ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့တဲ့ ပါလီမန်မှာတော့ ပြည်ထဲရေးဝန်ကြီး မစ္စတာဆယ်ဗီနီက လွန်ခဲ့တဲ့နှစ်ကစပြီး အီတလီကမ်းခြေတွေကို ရောက်လာတဲ့ ရွှေ့ပြောင်းဒုက္ခသည် အရေအတွက်ဟာဆိုရင် ၈၄ ရာခိုင်နှုန်းကို လျှော့ကျသွားတယ်လို့ ပြောခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ကနဲ့ ယှဉ်ရင်တော့ ၉၇ ရာခိုင်နှုန်း ကျဆင်းသွားတယ်လို့ ပြောပါတယ်”

**လျှို့ဝှက်စွာဝင်ရောက်**

ကမ္ဘာတစ်ဝန်း ဖိအားပေးမှုတွေကြောင့် နေရပ်ကနေ ထွက်လာကြတဲ့ ရွှေ့ပြောင်းနေထိုင်သူ ၇၀ ဒသမ ၈ သန်းထဲက အနည်းငယ်သာ အီတလီနိုင်ငံနဲ့ ဥရောပကို ရောက်ရှိလာကြတယ်လို့ အစိုးရအဖွဲ့အစည်းမဟုတ်တဲ့ ရွှေ့ပြောင်းနေထိုင်သူနှင့် ဒုက္ခသည်များဆိုင်ရာ အဖွဲ့အစည်းမှ ဖိလစ်ပိုမီရာဂလာက ပြောပါတယ်။ အီတလီပြည်ထဲရေးဝန်ဆယ်ဗီနီကို ဝေဖန်ကြသူတွေကတော့ ရွှေ့ပြောင်းအခြေချနေထိုင်သူနဲ့ ဒုက္ခသည်တွေကို အီတလီကမ်းခြေတွေမှာ တရားဝင်ခြေချခွင့်မပေးတာကြောင့် ဒုက္ခသည်အများစုဟာ လျှို့ဝှက်စွာပဲ ဝင်ရောက်လာကြတယ်လို့ ပြောခဲ့ကြပါတယ်။ အီတလီနိုင်ငံအတွင်း ပုံမှန်မဟုတ်ဘဲ ဝင်ရောက်နေထိုင်တဲ့ ဒုက္ခသည်အရေအတွက်ဟာ ၂၀၂၀ ရောက်ရင် ၇၀၀၀၀၀ ခန့် ရှိလာလိမ့်မယ်လို့လည်း အီတလီနိုင်ငံရဲ့လုံခြုံရေးအေဂျင်စီမှ ခေါင်းဆောင်ဟောင်းဖြစ်သူ တီတိုဘိုရီက ပြောပါတယ်။ မြေထဲပင်လယ် ဒုက္ခသည် ကယ်ဆယ်ရေးအဖွဲ့အစည်းက ပိုင်ဆိုင်တဲ့ ရေယာဉ်တစ်စင်းဟာ ဒုက္ခသည် ၄၅ ဦးကို တင်ဆောင်လာပြီး လမ်ပီဒူဆာကျွန်းမှာ ကုန်းပေါ်တက်ခွင့်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အမျိုးသမီးနဲ့ ကလေးငယ်တွေ အပါအဝင် ၁၃ ဦးသာ ကုန်းပေါ်တက်ခွင့်ရခဲ့ပါတယ်။ ကျန်ခဲ့တဲ့လူတွေကိုတော့ မော်လ်တာကို ပို့ဆောင်ဖို့ ဆက်လက်ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

**ကယ်ဆယ်ရေးသင်္ဘောတွေ လိုအပ်ဆဲ**

ပြီးခဲ့တဲ့သီတင်းပတ်တုန်းကလည်း တူနီးရှားမှာ သင်္ဘောပျက်ပြီး သင်္ဘောပေါ်ပါလာတဲ့ လူပေါင်း ၈၀ ခန့် အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဒီလိုအချက်တွေရှိတာကြောင့်လည်း ကယ်ဆယ်ရေးသင်္ဘောတွေဟာ အမှန်တကယ်လိုအပ်ဆဲပဲလို့ SeaWatch 3 သင်္ဘောရေယာဉ်မှူး ကာရိုလာရက်ကီတီက ပြောပါတယ်။ လာမယ့်သီတင်းပတ်မှာတော့ ကာရိုလာဟာ စစ္စလီကျွန်းမှာ တရားရင်ဆိုင်ရဦးမှာပါ။ ၎င်းဟာ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူတွေကို သယ်ယူပို့ဆောင်တဲ့အတွက် စုံစမ်းစစ်ဆေးမှုတွေ ခံယူရဦးမှာပါ။ ဒါပေမယ့်လည်း ကာရိုလာကတော့ သူ့ရဲ့လုပ်ရပ်အတွက် မကြောက်ရွံ့ဘူးလို့ ပြောပါတယ်။ အခုအခါမှာတော့ သူဟာ လမ်ပီဒူဆာ ကျွန်းကထွက်လာပြီး သူဘယ်ရောက်နေသလဲ ဆိုတာကို ဘယ်သူ့ကိုမှ အသိမပေးဘဲ တိတ်တဆိတ်နေထိုင်နေပါတယ်။ သူ့ကို ရဲတွေဖမ်းသွားရာကနေ ပြန်လွှတ်ပေးလိုက်တဲ့အတွက်လည်း ဝမ်းသာတယ်လို့ ပြောပါတယ်။ သူမောင်းနှင်ခဲ့တဲ့ Sea Watch 3 သင်္ဘောကိုလည်း အီတလီအာဏာပိုင်တွေက သိမ်းဆည်းထားပါတယ်။ သက်သေအချက်အလက်တွေ ရှာဖွေဖို့ဆိုပြီး သိမ်းဆည်းထားတာပါ။ အဲဒီသင်္ဘောကိုလည်း မကြာမီအချိန်အတွင်းမှာ သိမ်းဆည်းထားရာကနေ ပြန်ပေးဖို့ သူမျှော်လင့်ထားပါတယ်။

**စစ်ဆေးမှုများ မပြီးဆုံးသေး**

ကာရိုလာကို ပြန်လွှတ်ပေးထားပေမယ့် စုံစမ်းစစ်ဆေးမှုတွေကတော့ မပြီးဆုံးသေးပါဘူး။ အဲဒီအချိန်အတွင်းမှာ သင်္ဘောပေါ် ပြန်မတက်ဖို့ ကာရိုလာရဲ့ရှေ့နေတွေက သတိပေးထားပါတယ်။ အီတလီအာဏာပိုင်တွေရဲ့ ခွင့်ပြုချက်မရဘဲ ကမ်းကပ်ခဲ့တာဖြစ်လို့ ဥပဒေအရ ယူရို ၅၀၀၀၀ ကနေ ၅၆၀၀၀ အထိ ချမှတ်ခံရတာမျိုး၊ သင်္ဘောကို သိမ်းယူသွားတာမျိုးလည်း ကြုံရနိုင်ပါတယ်။ အီတလီပိုင်နယ်မြေမှာ ခွင့်ပြုချက်မရဘဲ ကမ်းကပ်ခဲ့တဲ့ ရေယာဉ်မှူး ကာရိုလာရဲ့အဖြစ်ဟာ ရွှေ့ပြောင်းနေထိုင်သူတွေနဲ့ ဒုက္ခသည်တွေကို ဆန့်ကျင်နေကြတဲ့ ဥရောပနိုင်ငံတွေကြားက နိုင်ငံရေးမုန်တိုင်းထဲကို တိုးဝင်သွားတာနဲ့ တူနေပါတယ်။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

# ဆိုလာစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်နေသောကျေးရွာများကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**ဆိပ်ဖြူ ဇူလိုင် ၇**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဂွေးပင်ချောင်းကျေးရွာနှင့် လိပ်ခြံကျေးရွာများ၌ ဆိုလာစနစ်ဖြင့် ရေတင်၍ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့် တာဝန်ရှိသူများက ဇူလိုင် ၆ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ဆိုလာစနစ်ဖြင့် ရေတင်၍ အိမ်အရောက် ရေရရှိရေးလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ယူနီဆက်ဖ်နှင့် ကျေးရွာနေပြည်သူများပူးပေါင်း၍ ဆောင်ရွက်နေခြင်းဖြစ်ကာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဝေက ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က ဆိုလာစနစ်ဖြင့်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဂွေးပင်ချောင်းကျေးရွာ ရေရရှိရေးလုပ်ငန်းအတွက် ယူနီဆက်ဖ်က ၈၀ ဝပ် ဆိုလာပြား ၂၈ ချပ်၊ ဆိုလာပန့် တစ်စုံနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပြီး အလှူရှင်များက စက်ရေတွင်း တူးဖော်ခြင်း၊ ရေပိုက်များ သွယ်တန်းခြင်းနှင့် အုတ်ရေကန်တည်ဆောက်ခြင်းအတွက် လှူဒါန်းကာ ကျေးရွာနေပြည်သူများက ပိုက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းနှင့် လုပ်အားများထည့်ဝင်၍ ဆောင်ရွက်ကြောင်း၊ လိပ်ခြံကျေးရွာ ရေရရှိရေးလုပ်ငန်းတွင် ယူနီဆက်ဖ်က ၈၀ ဝပ် ဆိုလာပြား ၅၆ ချပ်၊ ဆိုလာပန့် နှစ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ ရေသွယ်ပိုက်များ ထောက်ပံ့ပြီး ကျေးရွာနေပြည်သူများက စက်ရေတွင်းနှစ်တွင်း တူးဖော်ခြင်းနှင့် စင်မြင့်ရေစင် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာ ပံ့ပိုးပေးကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ ယခုဘဏ္ဍာရေးနှစ်အတွင်း ဂွေးပင်ချောင်းရွာနှင့် လိပ်ခြံရွာ အပါအဝင် ကျေးရွာ ၁၀ ရွာ၌ ပြည်သူ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်း၍ အိမ်တိုင်ရာရောက် ရေရရှိရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

**စိုးမိုးကျော်**


ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှုများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြစဉ်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လားရှိုးမြို့နယ်မှ တောင်သူများအား ပုံစံ(၇)များပေးအပ်

**လားရှိုး ဇူလိုင် ၇**
ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်အတွင်းရှိ နမ့်တွန်း၊ ဆံုကွယ်၊ ဟူးမွန်၊ မန်အိုင်နှင့် ဟန်နားကျေးရွာအုပ်စုများမှ တောင်သူ ၁၄၇ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲကို မန်ဆူရှမ်းကျောင်းတိုက် ဓမ္မာရုံကြီး၌ ဇူလိုင် ၇ ရက်က ကျင်းပခဲ့သည်။


ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးထံ ပုံစံ(၇)များ ပေးအပ်စဉ်။

ပုံစံ(၇)ပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြည်နယ်အတွင်း မြို့နယ်ပေါင်း ၅၅ ခုမှ တောင်သူ ခုနစ်သိန်းနီးပါးအတွက် မြေဧကပေါင်း ၂၈ သိန်းနီးပါးကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးရန် လျာထားဆောင်ရွက်နေသည့် အခြေအနေများနှင့် ယနေ့အထိ ၅၁ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပေးပြီးသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နမ့်တွန်းကျေးရွာအုပ်စုမှ တောင်သူ ၆၀၊ ဆံုကွယ်ကျေးရွာအုပ်စုမှ တောင်သူ ၂၅ ဦး၊ ဟူးမွန်ကျေးရွာအုပ်စုမှတောင်သူ လေးဦး၊ မန်အိုင်ကျေးရွာအုပ်စုမှ တောင်သူ ၁၉ ဦးနှင့် ဟန်နားကျေးရွာအုပ်စုမှ တောင်သူ ၃၉ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တောင်သူများကိုယ်စား ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

**ဟန်ဌေး(လားရှိုး)**

# ရွှေဘို-မြစ်ကြီးနားလမ်း ချဲ့ထွင်ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ရွှေဘို ဇူလိုင် ၇**
ရွှေဘို-မြစ်ကြီးနားလမ်း ကတ္တရာလမ်းချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၆ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ရွှေဘို-မြစ်ကြီးနားလမ်းတိုးချဲ့ခြင်းအတွက် တင်ဒါအောင်ကုမ္ပဏီ ၁၁ ခုနှင့် လမ်းဦးစီးဌာနတို့က ဆောင်ရွက်နေသည့် အခြေအနေများကို တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား ကန့်ဘလူမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ရုံး ဇင်းစခန်း ရှင်းလင်းဆောင်၌ ရှင်းလင်း တင်ပြခဲ့သည်။ ဝန်ကြီးချုပ်က တင်ဒါအောင်ကုမ္ပဏီများအနေဖြင့် လမ်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရန်၊ ဌာနကလည်း တွန်းအားပေးရန်နှင့် အရည်အသွေး စစ်ဆေးရေးအဖွဲ့ကလည်း သတ်မှတ် စံချိန်စံညွှန်း ပြည့်မီရေး စစ်ဆေးဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ပြည်နယ်ဝန်ကြီးများနှင့် ကျေးရွာနေပြည်သူများ တွေ့ဆုံပွဲကျင်းပ

**မိုးမောက် ဇူလိုင် ၇**
ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးဒိတ်(ခ)ဦးခင်မောင်မြင့်၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းနှင့် လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးအားတီယောဟန်တို့သည် မိုးမောက်မြို့နယ် မိုင်းခတ်ကျေးရွာမှ ပြည်သူများနှင့် ဇူလိုင် ၇ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ကချင်ပြည်နယ်လွှတ်တော် ဥပဒေကြမ်းရေးဆွဲရေး ကော်မတီ အတွင်းရေးမှူး ဦးတင်ဦးယုက အမှာစကားပြောကြားပြီး ဒေသခံပြည်သူများအား ဥပဒေဆိုင်ရာ စာအုပ်များကို ပေးအပ်သည်။ ထို့နောက် မိုင်းခတ်ကျေးရွာနေ ဒေသခံပြည်သူများက ရေကြီးရေလျှံမှုကြောင့် လယ်ယာမြေပျက်စီးဆုံးရှုံးမှု၊ သိမ်းဆည်း မြေများ ပြန်လည်ရရှိရေးနှင့် မြို့သစ်ကျေးရွာတွင် မီတာခကောက်ခံသည့်ကောင်တာထားရှိပေးရေး စသည့် ဒေသ၏လိုအပ်ချက်များကို တင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာများသို့ ပြည်နယ်ဝန်ကြီးများ ကွင်းဆင်းဆောင်ရွက်

**ကျောက်ဖြူ ဇူလိုင် ၇**
ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာများသို့ ဇူလိုင် ၆ ရက်က သွားရောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးများသည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများတင်ပြသော လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီးနောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်နေသည့် ပြင်ချေ-ကုလာဘာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတားဆောက်လုပ်ရေး၊ ဆောက်လုပ်ရေးဌာနက တာဝန်ယူဆောင်ရွက်နေသည့် ကျောက်ဖြူ-မအီ-တောင်ကုတ်လမ်းပိုင်း (၁၇၅)ကီလိုမီတာအနီး ကျောက်စီ ရေထိန်းနံရံ ဆောက်လုပ်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဝါးနက်ချွန်ကျေးရွာ၌ ဆောက်လုပ်နေသည့် အလက(ခွဲ)ကျောင်းဆောင်နှင့် ဝမြောင်ကျေးရွာ၌ ဆောက်လုပ်နေသည့် အလက(ခွဲ)ကျောင်းဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ရက်အမီ လုပ်ငန်းများအပြီးသတ်နိုင်ရေး လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးများသည် စနဲမြို့၌ မြို့မိမြို့ဖများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး စနဲဆေးရုံ၌ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်နယ်အဆင့် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းအစီအစဉ် စတင်ပြုလုပ်

**ဘားအံ ဇူလိုင် ၇**
ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဆင်စွယ်ကျေးရွာ၌ နေထိုင်သော အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးတွင် ဇွန်လ ၂၃ ရက်က အသွင်ပြောင်းပိုလီယိုအကြောသေရောဂါပိုး တွေ့ရှိခဲ့ရာ ထိုရောဂါပိုးကူးစက်မှုကို ဖြတ်တောက်ရန် ရည်ရွယ်၍ ရောဂါ ကူးစက်ပျံ့နှံ့နိုင်ချေများသော နေရာဒေသ/လူအုပ်စုများရှိသော မြို့နယ် ၁၂ ခုတွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို ပြည်နယ်အဆင့်အဖြစ် ဇူလိုင် ၇ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ပြည်နယ်အဆင့် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းအစီအစဉ် စတင်သည့် အခမ်းအနားကို ဘားအံမြို့ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးခန်း၌ ကျင်းပခဲ့ရာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာမြင့်က ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကလေးငယ်များအား အပိုဆောင်း ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြသည်။

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံးတွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို ဇူလိုင် ၇ ရက်တွင် တစ်ပြိုင်တည်း ဆောင်ရွက်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများသည် ဘားအံမြို့ပေါ်ရပ်ကွက်များရှိ ဆေးတိုက်စုရပ်များသို့လည်း လှည့်လည်ကြည့်ရှုပြီး ကလေးငယ်များအား ကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

အပိုဆောင်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုများကို ကရင်ပြည်နယ်အတွင်းမှ မြို့နယ် ခုနစ်ခုလုံးအပြင် မွန်ပြည်နယ်မှ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးမှ ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့ အပါအဝင် စုစုပေါင်း ၁၂ မြို့နယ်၌ တိုက်ကျွေးမည်ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသော ဖာပွန်မြို့နယ်တွင် မွေးစမှ ၁၅ နှစ်အထိ ကလေးအားလုံးကို တိုက်ကျွေးမည်ဖြစ်ကာ အခြားမြို့နယ်များတွင် မွေးစမှ ငါးနှစ်အထိ ကလေးများကို တိုက်ကျွေးမည်ဖြစ်ကြောင်း၊ စုစုပေါင်း ကလေး သုံးသိန်းခန့်ဖြစ်ကြောင်း၊ ကလေးများကို ယခင်က ပိုလီယိုကာကွယ်ဆေး တိုက်ဖူးသည်ဖြစ်စေ၊ မတိုက်ဖူးသည်ဖြစ်စေ ရည်မှန်းသော ကလေးတိုင်းအား အပိုဆောင်းကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း၊ ဆေးတိုက်ရာတွင် တစ်ကြိမ်နှင့် တစ်ကြိမ် နှစ်ပတ်ခြား၍ စုစုပေါင်း သုံးကြိမ် တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**


ကလေးတစ်ဦးအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကာကွယ်ဆေးတိုက်နေစဉ်။

# ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် ကားလမ်းပေါ်ရှိ ပျက်စီးသွားသည့်တံတား ဇူလိုင်လ ဒုတိယပတ်တွင် ပြန်လည်သွားလာနိုင်မည်

**ဝိုင်းမော် ဇူလိုင် ၇**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် ကားလမ်းပေါ်ရှိ မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် တံတားအမှတ်(၆/၅၆)အား တံတားတည်ဆောက်ရေး တာဝန်ယူထားသည့် တရုတ်နိုင်ငံ ထိန်မင်းကုမ္ပဏီနှင့် ဝိုင်းမော်မြို့နယ် လမ်းဦးစီးဌာနမှ ဆောက်လုပ်ရေးအင်ဂျင်နီယာအဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၄ ရက်မှ စတင်ကာ ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ဒုတိယပတ်တွင် ပြန်လည်သွားလာနိုင်မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့ထံမှ သိရသည်။

"တံတားက ကမ်းကပ်ခုံနိမ့်ကျပြီး ပျက်စီးသွားတာပါ။ ဒေသအခေါ်တော့ တံတားညီနောင်တံတား ဖြစ်ပါတယ်။ အဲဒီနေရာမှာ အရှည်ပေ၃၀၊ အကျယ် ၁၃ပေရှိတဲ့ သံပေါင်ယာယီတံတားကို တပ်ဆင်သွားမှာပါ။ ဆောင်ရွက်နေတာကတော့ ထိန်ချုံး-မြစ်ကြီးနား လမ်းဖောက်လုပ်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေတာဖြစ်ပြီး တရုတ်နိုင်ငံကပညာရှင်တွေနဲ့ မြန်မာနိုင်ငံကပညာရှင်တွေ၊ လုပ်သားတွေ အင်အား ၅၀ ကျော်နဲ့ နေ့ရောညပါ လုပ်ဆောင်နေပါတယ်"ဟု တရုတ်နိုင်ငံ ထိန်မင်းလမ်းဖောက်လုပ်ရေးကုမ္ပဏီတာဝန်ခံ မစ္စတာရင်ရှီဘင်က ပြောသည်။



ပျက်စီးသွားသည့် တံတားကို တည်ဆောက်ရေးအဖွဲ့က ပြင်ဆင်မှုများ ဆောင်ရွက်နေစဉ်။

အဆိုပါ လမ်းပိုင်းမှာ ကချင်ပြည်နယ်အတွင်း တရုတ်-မြန်မာ ကုန်သွယ်မှုလုပ်ငန်းတွင် အဓိကကျသည့် လမ်းပိုင်းဖြစ်ကာ ယခုအခါ သွင်းကုန်/ ထုတ်ကုန်များ ရပ်တန့်လျက်ရှိပြီး ဒေသတွင်းနေ စီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက လမ်းပိုင်း အမြန်ကောင်းမွန်နိုင်ရေးအတွက် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# မင်းတုန်း၌ ပလတ်စတစ်အိတ် သုံးစွဲမှုလျှော့ချရေး ဆောင်ရွက်



ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး ဈေးသူဈေးသားများအား တိုက်တွန်းဆွေးနွေးကြစဉ်။

**မင်းတုန်း ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ စည်ပင်သာယာဈေးတွင် ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး ပညာပေးခြင်းလုပ်ငန်းကို ယနေ့နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမင်းထွန်း(၁)တို့ ပူးပေါင်း၍ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပလတ်စတစ်အိတ်များသည် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေ၍ ဈေးရောင်းချရာတွင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးရန်မလိုသောပစ္စည်းများကို ပလတ်စတစ်အစားထိုး ဖက်ရွက်၊ စက္ကူတို့ဖြင့် ရောင်းချပေးရန်၊ အရည်နှင့် အရည်စိမ့်နိုင်သောပစ္စည်းဝယ်သူများအား ထည့်စရာယူဆောင်လာစေရန် ပညာပေးဆွေးနွေးပေးခဲ့ကြကြောင်း သိရသည်။

**ချင်းကလေး(မင်းတုန်း)**

# မှူခင်းကျဆင်းရေးအသိပညာပေးဟောပြော

**ကလေး ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၅ ရက်က ကလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကလေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်လှိုင်ဦးက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ ဖမ်းဆီးအရေးယူမှုများနှင့် မူးယစ်ချပြသတင်းများအပေါ် စိစစ်ဖမ်းဆီး အရေးယူမှုများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ခရိုင်ဥက္ကဋ္ဌ ဦးဝင်းအောင်က အသင်း၏ဖွဲ့စည်းမှုနှင့် မူးယစ်တပ်ဖွဲ့နှင့်ပူးပေါင်းကာ အရေးယူဆောင်ရွက်မှုများ အကြောင်းကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၅) ကလေးမှ ဒုတိယရဲမှူး ဝင်းထွန်းက မူးယစ်ဆေးဝါးသမိုင်းနောက်ခံနှင့် မူးယစ်ဆေးဝါးအမျိုးအစားများအား ဖမ်းဆီးအရေးယူဆောင်ရွက်မှုများကိုလည်းကောင်း၊ ကလေးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်ထွန်းက မှုခင်းကျဆင်းရေးအတွက် သက်ငယ်မုဒိမ်းမှုအကြောင်းကိုဖြစ်စဉ်နှင့် ပတ်သက်၍လည်းကောင်း၊ အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ရဲအုပ်သန့်ဇော်ထွန်းက လူကုန်ကူးမှုနောက်ခံသမိုင်းနှင့် လူကုန်ကူးခြင်း၊ လူမှောင်ခိုကွာခြားမှုအကြောင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှုဆိုင်ရာအချက်အလက်များနှင့် အရေးယူဆောင်ရွက်နိုင်မှုများကိုလည်းကောင်း၊ အမှတ် (၁၀၇) ယာဉ်ထိန်းတပ်ဖွဲ့စု မှူး ဒုတိယရဲမှူးဇော်မြင့်သူက ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာနှင့် လမ်းစည်းကမ်းပိုင်းဆိုင်ရာ ယာဉ်စီးနင်းမောင်းသူများ လိုက်နာရန်စည်းကမ်းများ အကြောင်းကိုလည်းကောင်း၊ ယာဉ်တိုက်မှုအန္တရာယ်ကင်းဝေးရေးဆောင်ရွက်နေမှုများ၊ ယာဉ်မောင်းလိုင် စင်ပြုလုပ်ထားရှိရေးနှင့် လိုင်စင်အား မိမိနှင့်တစ်ပါးတည်းရှိနေရန် လိုအပ်ကြောင်းတို့ကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။ **ခရိုင်(ပြန်/ဆက်)**

# ဆင်းရဲတွင်းမှလွတ်မြောက်ခန်း ဆေးရုံစာကြည့်တိုက် နန်းယွန်းမြို့နယ် ပန်ဆောင်မြို့၌ ဖွင့်

**ပန်ဆောင် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ပန်ဆောင်မြို့(၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအတွင်း ဖွင့်လှစ်ထားရှိသည့် "ဆင်းရဲတွင်းမှလွတ်မြောက်ခန်း"အမည်ရ ဆေးရုံစာကြည့်တိုက်ဖွင့်ပွဲကို ယနေ့နံနက်က အဆိုပါဆေးရုံရှေ့တွင် ဖွင့်လှစ်သည်။

အဆိုပါစာကြည့်တိုက်တွင် ထားရှိထားသည့် သုတ၊ ရသနှင့် စာအုပ်စာစောင်များကို ခင်းကျင်းပြသပေးခြင်း၊ စာအုပ်စာစောင်များကို ဆေးရုံလူနာစောင့်ပြည်သူများ၊ ဆေးရုံလူနာများထံ ဖြန့်ဝေပေးပြီး စာဖတ်စေခြင်းလုပ်ငန်းကို ဆေးရုံဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပန်ဆောင်မြို့ လက်ထောက်ဆရာဝန် ဒေါက်တာ ဝေယံဦးက ရာသီတုပ်ကွေးအကြောင်း၊ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ သန့်လေးသန့်ဖြစ်သည့် ရေသန့်၊ အစားအစာသန့်၊ လက်သန့်၊ အင်္ဂါသန့်၊ သားဆက်ခြားအကြောင်းနှင့် အစာအိမ်ရောဂါများအကြောင်းကို အသိပညာပေးဟောပြောကာ ပြည်သူများကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသပေးခြင်းကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စနေမောင်(ခန္တီး)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ**
**လွန်စွာပူအေး၊ ဥတုဘေး**

# ဈေးကွက်ပေါက်ဈေး

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၆၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၅/၉၂၅ ကျပ် | ၉၃၅/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၉၃၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၅ ကျပ် | ၈၄၀/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၄ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၃ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၈ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၈ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၂ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ ・ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၈ ・ ၆၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၇၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၄၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၃ ・ ၇၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၀၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ပြည်သူ့ဝန်ထမ်း



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော်ဟာ ဝန်ထမ်းတစ်ယောက်ပါ။ ၁၉၆၆ ခုနှစ်မှာ တက္ကသိုလ်က ကျောင်းဆရာတစ်ဦးအနေနဲ့ တာဝန်ယူခဲ့တယ်။ နောက်ပိုင်းမှာ ဝန်ကြီးဌာနတစ်ခုမှာ ညွှန်ကြားရေးမှူးချုပ် ဖြစ်လာခဲ့တယ်။ အခွင့်အရေးရလို့ တာဝန်ပေးချက်အရ ကုလသမဂ္ဂအဖွဲ့အစည်းမှာ အနှစ် ၂၀ နီးပါး တာဝန်ယူခဲ့ရတယ်။ အခုတော့ အငြိမ်းစားဘဝနဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က ဝင်ရောက်ကူညီနေတယ်။ ကျွန်တော် အလုပ်ဝင်တဲ့အချိန် လှည်းကူးမြို့မှာရှိတဲ့ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့တယ်။ တက္ကသိုလ်မှာ အလုပ်ရတဲ့အတွက် ဖောင်ကြီးတက်ခွင့်မရခဲ့ဘူး။ ပြန်တမ်းဝင်အရာရှိတွေအတွက်သာ ဖွင့်လှစ်ခဲ့တာ။ ကျွန်တော်နဲ့အတူတူ ဘွဲ့ရသူတွေက ကျန်တဲ့ဝန်ကြီးဌာနတွေမှာ တာဝန်ယူခဲ့ကြတယ်။ ဒါကြောင့် သူတို့က ဖောင်ကြီးတက်ကြရတယ်။**

> **"ပြည်သူ့ဝန်ထမ်းမှာ " ဂုဏ် " ပဲရှိတယ်။ မိမိရဲ့စေတနာကို အားကိုးပြီး အသက်ရှင်နေရတာဖြစ်တယ်။ ကျွန်တော့်အနေနဲ့ အစိုးရဌာနတွေမှာ ဝန်ထမ်းရေးရာနဲ့ပတ်သက်ပြီး (Human Resources) လူသားအရင်းအနှီးဌာနတွေ ရှိသင့်တယ်။ အခုတော့ ဝန်ထမ်းရေးရာနဲ့ပတ်သက်ပြီး အုပ်ချုပ်ရေးဌာနက တာဝန်ယူထားကြတယ်။ အမှန်တော့ ပုဂ္ဂလိကလုပ်ငန်းတွေမှာ ရှိသလို HR ဌာနတွေ ဖွင့်လှစ်ပြီး ဝန်ထမ်းတွေကို ရွေးချယ်ခန့်ထားမှု၊ လေ့ကျင့်ပြုစုမှု၊ အသိအမှတ်ပြုမှု၊ ရာထူးတိုးမှု၊ စွမ်းဆောင်ရည်ရှိမှု ဒါတွေဟာ သီးခြားဆောင်ရွက်ရတဲ့ ကိစ္စတွေဖြစ်တယ်။ ဝန်ထမ်းရေးရာဌာနကို အုပ်ချုပ်ရေးဌာနနဲ့ တွဲဖက်မထားသင့်ပါဘူး"**

### ဝန်ထမ်းတစ်ဦး စွမ်းဆောင်ရမယ့် အခြေခံ သုံးရပ်

ကျွန်တော် ညွှန်ကြားရေးမှူးချုပ်ဖြစ်တဲ့အခါ ဖောင်ကြီးမှာ ဖွင့်လှစ်ခဲ့တဲ့ ပညာရေးဝန်ကြီးဌာန အထူးမွမ်းမံသင်တန်းနဲ့ ကျန်းမာရေးဝန်ကြီးဌာန အထူးမွမ်းမံသင်တန်းတွေမှာ သွားရောက်သင်ခွင့်ရတယ်။ သင်တန်းတက်ရောက်နေသူတွေက လုပ်ဖော်ကိုင်ဖက်တွေ၊ ဒါပေမယ့် နဝတအစိုးရက သူတို့ကို မွမ်းမံသင်တန်းတွေပေးခဲ့တာ။ ဝန်ထမ်းပီပီ တာဝန်ကျေအောင် စီမံခန့်ခွဲမှုပညာတွေ၊ ခေါင်းဆောင်မှုပညာတွေကိုပါ။ ဒီမွမ်းမံတက်တဲ့သူတွေအထဲမှာ အခုအချိန်မှာ တာဝန်ကြီးကြီးယူနေကြသူတွေရှိကြတယ်။ ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ ညွှန်ကြားရေးမှူးချုပ်တွေ၊ ပါမောက္ခတွေ။ ကျေနပ်စရာပါ။ အရင်တစ်ပတ်က ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနဲ့ ဒေါက်တာဝင်းမြတ်အေးတို့ရဲ့ ဖိတ်ကြားချက်ကြောင့် ဝန်ကြီးဌာနအသီးသီးမှာရှိတဲ့ ဝန်ထမ်းတွေကို ဟောပြောပွဲလုပ်ခွင့်ရခဲ့တယ်။ တာဝန်ယူမှုနဲ့ တာဝန်ခံမှုအကြောင်း ပို့ချခဲ့တယ်။ အခုလို ပို့ချရာမှာ ဝန်ထမ်းတိုင်းရှိအပ်တဲ့ လုပ်ရည်ကိုင်ရည် ၁၀ ခုကို တင်ပြခဲ့ပါတယ်။ ဝန်ထမ်းတစ်ယောက်အတွက် အသိ၊ အတတ်နဲ့ အပြုအမူဟာ အခြေခံဖြစ်တယ်။ ဒါတွေကို အခြေခံပြီး စွမ်းဆောင်ရမှာသာ ဖြစ်တယ်။

ပြည်သူ့ဝန်ထမ်းတစ်ဦးမှာ အခြေခံ သုံးရပ်ရှိပါတယ်-

(၁) အဖွဲ့အစည်း/ဌာနရဲ့ဦးတည်ချက်၊
(၂) မိမိရဲ့လုပ်ဖော်ကိုင်ဖက်တွေနဲ့ ထိတွေ့ဆက်ဆံမှု၊
(၃) သတ်မှတ်ထားတဲ့ ရလဒ်အဖြေတွေ ရအောင် ဖော်ထုတ်မှု။

အမှန်တော့ ပြည်သူ့ဝန်ထမ်းတွေကို (Civil Servants) လို့ ခေါ်ဝေါ်သတ်မှတ်ပါတယ်။ အရေးကြီးဆုံးက Servant လို့ခေါ်တဲ့ အစေခံခြင်းဖြစ်တယ်။ ပြည်သူ့ဝန်ထမ်းတွေဟာ အစေခံတဲ့သူတွေဖြစ်တယ်။ ပိုပြီးနင့်နင့်သီးသီးပြောရင် ကျွန်တွေ။ သခင်က ပြည်သူတွေဖြစ်ရမယ်။ ပုဂ္ဂလိကကဏ္ဍမှာလည်း အခုလိုပါပဲ။ သခင်တွေက ဖောက်သည်တွေဖြစ်ပြီး အစေခံတွေက ပိုင်ရှင်တွေ၊ ဝန်ထမ်းတွေဖြစ်တယ်။ ဒါကြောင့်လည်း အခုဆိုရင် (Servant Leadership) အစေခံနဲ့တူတဲ့ ခေါင်းဆောင်ဆိုပြီး သဘောထားအယူအဆအသစ်တွေ ပေါ်ပေါက်လာတာတွေ့ရတယ်။ ကျွန်တော်က ဒီအယူအဆကို အလွန်နှစ်သက်တယ်။

### ထားရှိအပ်တဲ့ တာဝန် ၁၀ ရပ်

ပြည်သူ့ဝန်ထမ်းမှာ စောစောကပြောသလို ပထမတာဝန်က အဖွဲ့အစည်း၊ ဌာနရဲ့ ဦးတည်ချက်ကို ဖော်ထုတ်ဖို့။ ဒီတာဝန်ကို အသေးစိတ် ခွဲခြားတဲ့အခါ ပထမတာဝန်က ပုံကြီးမြင်နိုင်တဲ့အသိ။ ပုံကြီးလို့ပြောရာမှာ လွှမ်းခြုံကြည့်နိုင်မှုဖြစ်တယ်။ အသေးစိတ်တွေ၊ အသေးအမွှားတွေကို အာရုံမထားဘဲ ကိုယ့်ကြောင့် ထူးခြားမှုရှိလာတာကြောင့် တန်ဖိုးတက်လာအောင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒုတိယတာဝန်ကတော့ ပြောင်းလဲမှုနဲ့ တိုးတက်မှုပဲဖြစ်တယ်။ ဝန်ထမ်းတစ်ဦးဟာ မခိုင်းဘဲလုပ်တတ်တဲ့ သတ္တိရှိရမယ်။ အခုတော့ အမှားကိုကြောက်ရွံ့နေကြတယ်။ မှားမှာကြောက်တဲ့အတွက် ဘာမှမလုပ်ကြတော့ဘူး။ ပြောင်းလဲမှုကိုကြိုဆိုရမယ်။ အပြောင်းအလဲကို ချစ်ရမယ်။ တီထွင်ကြံဆနိုင်စွမ်းလည်း ရှိဖို့လိုတယ်။

ဒီနေရာမှာ ကျွန်တော်မကြာခဏပြောတဲ့ (၈၀/၂၀) ဥပဒေသကို ကျင့်သုံးဖို့လိုအပ်တယ်။ မိမိရဲ့အလုပ်တွေအနက် အမှန်အရေးကြီးတာ ၂၀ ရာခိုင်နှုန်းပဲရှိတယ်။ ဒီအလုပ်တွေကို အာရုံပြုရင် ကိုယ်လိုချင်တဲ့ရလဒ် ၈၀ ရာခိုင်နှုန်းကို ရနိုင်မှာဖြစ်တယ်။ ကျန်တဲ့ ၈၀ ရာခိုင်နှုန်းကိုလုပ်ရင် လိုချင်တဲ့ရလဒ် ၂၀ ရာခိုင်နှုန်းကိုသာရမှာ။ ဒါကြောင့် ကြိုးစားတာထက် လုပ်သင့်လုပ်ထိုက်တာကို လုပ်တဲ့သူဖြစ်ရမယ်။ တတိယတာဝန်ကတော့ ထိရောက်တဲ့ အဆုံးအဖြတ်ပေးမှုဖြစ်တယ်။ အဆုံးအဖြတ်ပေးရာမှာ သက်သေအထောက်အထား၊ သတင်းအချက်အလက်တွေအပေါ် အခြေခံပြီး ဆုံးဖြတ်ဖို့လိုအပ်တယ်။

ပြည်သူ့ဝန်ထမ်းတစ်ဦးဟာ မိမိရဲ့လုပ်ဖော်ကိုင်ဖက်တွေနဲ့ ထိတွေ့ဆက်ဆံဖို့ လိုအပ်တယ်။ အခုလိုတာဝန်ယူရာမှာ စတုတ္ထတာဝန်က ဦးဆောင်မှုနဲ့ဆက်သွယ်ဆက်ဆံမှုဖြစ်တယ်။ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ထိရောက်တဲ့ဆက်သွယ်မှုတွေ တည်ဆောက်ရမှာဖြစ်တယ်။ မတူညီတာကို အသိအမှတ်ပြုရမယ်၊ လက်ခံရမယ်၊ တန်ဖိုးထားရမယ်။ ပဉ္စမတာဝန်က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်တယ်။ ဒါကြောင့် ကျွန်တော်နှစ်သက်တဲ့ အာဖရိကတိုက်ရဲ့အဆိုတစ်ခုရှိတယ်။ "မြန်မြန်ရောက်ချင်ရင် တစ်ဦးတည်းသွား၊ ဝေးဝေးရောက်ချင်ရင် အဖော်နဲ့သွား" တဲ့။ ဒါကြောင့် တစ်ဦးနဲ့ တစ်ဦး ကူညီအားပေးဖို့လိုတယ်။ အားလုံးပါဝင်တဲ့ ပတ်ဝန်းကျင်တစ်ရပ်ကို ဖော်ထုတ်ရမယ်။ ဆဋ္ဌမတာဝန်က လူတိုင်းရဲ့ အရည်အသွေးမြှင့်တင်မှုဖြစ်တယ်။ ပြည်သူ့ဝန်ထမ်းတွေဟာ အစဉ်အမြဲသင်ယူခံယူလိုတဲ့ သူတွေဖြစ်ရမယ်။ မိမိရဲ့ အသိ၊ အတတ်ကို အစဉ်ခေတ်နဲ့ညီအောင် ကြိုးစားရမယ်။ ဒါကြောင့် အီတလီပညာရှင်တစ်ဦးက အသက် ၈၇ နှစ်အရွယ်မှာ အခုလို ပြောကြားခဲ့တယ်။ "ကျွန်ုပ်အခုအချိန်အထိ သင်ယူခံယူနေရတုန်း" ဖြစ်တယ်တဲ့။

ပြည်သူ့ဝန်ထမ်းတွေမှာ ပေးအပ်တဲ့တာဝန်တွေကို ကျေရမယ်၊ ရလဒ်တွေရအောင် စွမ်းဆောင်ရမယ်။ ဒါကြောင့် သတ္တမတာဝန်က လိုချင်တဲ့ရလဒ်တွေကို ရနိုင်အောင် စွမ်းဆောင်ရမယ်။ ကာလရှည်အမြင်ရှိပြီး မိမိရဲ့လုပ်ရပ်တွေဟာ တန်ဖိုးတက်ရမယ်၊ ရှိရမယ်။ အဋ္ဌမတာဝန်က တန်ရာတန်ကြေး အလုပ်လုပ်နိုင်ဖို့လိုအပ်တယ်။ နိုင်ငံတွေရဲ့ ငွေကြေးတွေကို ထိန်းသိမ်းကာကွယ်ဖို့ လိုအပ်တယ်။ နဝမတာဝန်ကတော့ အရည်အသွေးမြင့်တဲ့ ဝန်ဆောင်မှုပေးမှုပဲဖြစ်တယ်။ ဝန်ထမ်းတွေဟာ ထူးချွန်အောင် အမြဲကြိုးစားနေဖို့လိုအပ်တယ်။ နောက်ဆုံးတာဝန်က အရှိန်နဲ့စွမ်းဆောင်နိုင်ဖို့လိုအပ်တယ်။ သွက်လက်ဖို့၊ မြန်ဆန်ဖို့ အခုလိုလုပ်ဖို့ ဝန်ထမ်းတွေကို ယုံကြည်ဖို့ လိုအပ်ပါတယ်။

ဒီတာဝန် ၁၀ ရပ်ကို ဝန်ထမ်းတိုင်း ရင်ဝယ်ပိုက်ပြီး စွမ်းဆောင်ရည်မြင့်အောင် ကြိုးစားရမှာဖြစ်တယ်။ ကိုယ်တိုင်ဝန်ထမ်းဖြစ်ခဲ့တာမို့ ဝန်ထမ်းတွေကိုနားလည်တယ်။ သူတို့ရဲ့ ခံစားချက်တွေကိုလည်း သဘောပေါက်တယ်။ တစ်ဖက်ကလည်း စိတ်မကောင်းလှဘူး။ ပြည်သူ့ဝန်ထမ်းတွေဟာ ပြည်သူတွေလည်းဖြစ်တယ်။ သူတို့ကိုတာဝန်သိဖို့ ပြောသလို သူတို့ရဲ့လိုအပ်ချက်တွေ၊ စိုးရိမ်မှုတွေ၊ တမ်းတမှုတွေကိုလည်း သိဖို့လိုအပ်တယ်။ ဆုပေး ဒဏ်ပေးစနစ်ကို ကျင့်သုံးဖို့လိုအပ်မယ်။

### ပြည်သူ့ဝန်ထမ်းများကို အားပေးဖို့လို

ပြည်သူ့ဝန်ထမ်းတွေရဲ့အကြောင်း ပြီးပြည့်စုံအောင်နားလည်ဖို့ ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ နှိုင်းယှဉ်သင့်တယ်။ ပုဂ္ဂလိကလုပ်ငန်းတွေမှာ တာဝန်ယူနေသူတွေနဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ ကွာခြားနေတယ်။ လုပ်ခ၊ လစာ၊ အခွင့်အရေးတွေက မတူကြဘူး။ ရနေတဲ့ လုပ်ခလစာတွေက လုံးဝမစဉ်းစားနိုင်တဲ့ အခြေအနေမျိုး။ မပေးရင် ပေးနိုင်တဲ့လုပ်ငန်းကို ပြောင်းရွှေ့သွားမှာ။ ဒါကြောင့် အပြိုင်အဆိုင် အခွင့်အရေးမက်လုံးတွေ ပေးနေကြရတယ်။

ပြည်သူ့ဝန်ထမ်းမှာ " ဂုဏ် " ပဲရှိတယ်။ မိမိရဲ့စေတနာကို အားကိုးပြီး အသက်ရှင်နေရတာဖြစ်တယ်။ ကျွန်တော့်အနေနဲ့ အစိုးရဌာနတွေမှာ ဝန်ထမ်းရေးရာနဲ့ပတ်သက်ပြီး (Human Resources) လူသားအရင်းအနှီးဌာနတွေ ရှိသင့်တယ်။ အခုတော့ ဝန်ထမ်းရေးရာနဲ့ပတ်သက်ပြီး အုပ်ချုပ်ရေးဌာနက တာဝန်ယူထားကြတယ်။ အမှန်တော့ ပုဂ္ဂလိကလုပ်ငန်းတွေမှာ ရှိသလို HR ဌာနတွေ ဖွင့်လှစ်ပြီး ဝန်ထမ်းတွေကို ရွေးချယ်ခန့်ထားမှု၊ လေ့ကျင့်ပြုစုမှု၊ အသိအမှတ်ပြုမှု၊ ရာထူးတိုးမှု၊ စွမ်းဆောင်ရည်ရှိမှု ဒါတွေဟာ သီးခြားဆောင်ရွက်ရတဲ့ ကိစ္စတွေဖြစ်တယ်။ ဝန်ထမ်းရေးရာဌာနကို အုပ်ချုပ်ရေးဌာနနဲ့ တွဲဖက်မထားသင့်ပါဘူး။

ဝန်ထမ်းရေးရာနဲ့ ပတ်သက်လာရင် ကျွန်တော့်ရဲ့ဝါသနာကြောင့် သင်တန်းပေးမှုတွေ၊ အရည်အသွေးမြှင့်တင်မှုအလုပ်တွေကို အခုထက်ပိုလုပ်စေချင်တယ်။ ဒီလုပ်ငန်းတွေကို ကုန်ကျစရိတ်လို့မမြင်ဘဲ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ မြင်စေချင်တယ်။

ကျွန်တော်ကတော့ ပြည်သူ့ဝန်ထမ်းတွေကို အားပေးချင်တယ်။ လုပ်စရာရှိတာကို တတ်နိုင်သမျှအားထည့်ကြပါ။ မိမိရဲ့တာဝန်ဟာ တန်ဖိုးကြီးလှတယ်။ မိမိရဲ့အလုပ်ဟာ ဂုဏ်ရှိတယ်ဆိုတာ အစဉ်သတိပြုစေချင်ပါတယ်။ ။

## သဖန်းပင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအနီး စစ်တောင်းမြစ်ကမ်းပါး မြစ်ရေတိုက်စားမှု ကာကွယ်ရေး တုတ်ရိုက်ရေကာတန်း ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အတွင်းရှိ ဇီးဖြူပင်ကျေးရွာရှိ သဖန်းပင်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းအနီးရှိ စစ်တောင်းမြစ်ကမ်းပါးကို မြစ်ရေတိုက်စားမှုမှကာကွယ်ရန် တုတ်ရိုက်ကမ်းပါးထိန်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မေ ၂၈ရက်က တောင်ငူမြို့နယ် ဇီးဖြူပင်ကျေးရွာသို့ ကွင်းဆင်းခရီးစဉ် ရောက်ရှိခဲ့ပြီး စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် မြစ်ရေတင်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်နေရာများတွင် ကမ်းစားကမ်းပြိုဖြစ်ပေါ်နေမှုအပေါ် မြစ်ရေတင်လုပ်ငန်းရေတင်စက်ရုံ၏ အောက်ဘက် ပေ ၃၀၀ ခန့် အကွာတွင် ရေလွှဲရေကာတန်းနှင့် တုတ်ရိုက်ကမ်းပါးထိန်း လုပ်ငန်းများထပ်မံဆောင်ရွက်၍ မြစ်ကမ်းပါးရေတိုက်စားမှုဖြစ်ပေါ်နေခြင်းကို ထိန်းသိမ်းရန် မှာကြားခဲ့သည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တောင်ငူခရိုင်မှ အဆိုပါ ရေလွှဲရေကာတန်းနှင့် တုတ်ရိုက်ကမ်းပါး ထိန်းခြင်းလုပ်ငန်းကို ဇူလိုင် ၂ ရက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရေလွှဲရေကာတန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက သဖန်းပင်လျှပ်စစ် မြစ်ရေတင်ဧရိယာအတွင်း စစ်တောင်းမြစ်ရေကြီးချိန်၌ ကမ်းပါးပြိုခြင်းကြောင့် ဇီးဖြူပင်ကျေးရွာမှ လူနေအိမ်များရွှေ့ပြောင်းရခြင်း၊ စိုက်ပျိုးလယ်ယာမြေများဆုံးရှုံးခြင်း၊ ရေပေးကာကွယ်ရေးတာကိုရေတိုက်စားမှုမှ ကြိုတင် ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများအား ဒေသခံတောင်သူများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**



စစ်တောင်းမြစ်ကမ်းပါး မြစ်ရေတိုက်စားမှုမှ ကာကွယ်ရေး တုတ်ရိုက်ရေကာတန်း ဆောင်ရွက်နေစဉ်။

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# စနစ်ကျလယ်ယာမြေများအား တောင်သူများထံပြန်လည်အပ်နှံပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ IFAD ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စနစ်တကျလယ်ယာမြေ ၃၄၆ ဒသမ ၂၁ ဧကကို တောင်သူများထံသို့ ပြန်လည်အပ်နှံပွဲကို ယမန်နေ့က ဇီးဖြူပင် စနစ်ကျလယ်ယာမြေအတွင်းရှိ တောင်သူများ ပညာပေးရှင်းလင်းဆောင်၌ ကျင်းပသည်။

**ဝင်ငွေတိုးတက်စေမည်**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဇီးဖြူပင် စနစ်ကျလယ်ယာ မြေဖော်ထုတ်ခြင်းဖြင့် ကျေးရွာအုပ်စုရှိ သမားရိုးကျလယ်ယာ မြေ ၃၄၆ ဒသမ ၂၁ ဧကသည် သီးထပ် စိုက်ပျိုးနိုင်သော လယ်ယာမြေသို့ ပြောင်းလဲသွားပြီး ပြုပြင်ပြီးလယ်ယာမြေများ၏ တန်းဖိုးမှာ မူလမြေထက်များစွာ တန်ဖိုးမြင့်တက် ကွာခြားသွားမည်ဖြစ်ကြောင်း၊ စနစ်ကျလယ်ယာမြေ ဧရိယာအတွင်း ရေသွင်းမြောင်း၊ ရေနုတ်မြောင်းများ သီးခြားစီရှိသည့်အတွက် တောင်သူအချင်းချင်းအကြား၌ ရေကြောင့်ဖြစ်ပွားခဲ့သော ပဋိပက္ခများမှ ကင်းဝေးခြင်း၊ ရေနစ်မြုပ်ခြင်းကြောင့် သီးနှံများဆုံးရှုံးမှု ဒုက္ခမှကင်းဝေးခြင်း၊ လယ်ယာထုတ်ကုန်များ လွယ်ကူစွာ သယ်ပို့နိုင်ခြင်း၊ ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေ လုံလောက်စွာရရှိခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်သည့် ရေကြီးနစ်မြုပ်မှုများကို အချိန်တိုအတွင်း လျှော့နည်းသက်သာစေခြင်းတို့ကြောင့် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ပြီး စားနပ်ရိက္ခာဖူလုံနိုင်မည့်အပြင် တောင်သူလယ်သမားများအတွက်လည်း ဝင်ငွေတိုးတက်စေမည်ဖြစ်ကြောင်း ပြောသည်။



ဖော်ထုတ်ထားသော စနစ်ကျလယ်ယာမြေများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်က ဇီးဖြူပင် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး ဦးထွန်းဝင်း (Director, FARM Project)မှ စနစ်ကျ လယ်ယာမြေဖော်ထုတ်ပြီး လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပေးသည်။

ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က စီမံကိန်းအကောင်အထည်ဖော်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြပေးပြီး နေပြည်တော်ကောင်စီဝင်ဦးအေးမောင်စိန်က ဖော်ဆောင်ပြီးစနစ်ကျလယ်ယာ မြေတွင် တောင်သူများ ပြန်လည်နေရာချထားမှု အစီအစဉ် ပုံစံအား ဇီးဖြူပင်ကျေးရွာအုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

**စိုးမိုး(ပြန်/ဆက်)**

# ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးမှု သရုပ်ပြပြီး ရွှေခရုများကို စုပေါင်းကောက်ယူဖျက်ဆီး

**မြိတ် ဇူလိုင် ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းမှ ဒေသခံတောင်သူများသည် စိုက်ပျိုးမှုအလေ့အကျင့်ကောင်းများကို သိရှိလာစေရန် ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးမှု သရုပ်ပြပွဲနှင့် စပါးခင်းများကို ဖျက်ဆီးသော ရွှေခရုများကို စုပေါင်းကောက်ယူဖျက်ဆီးပွဲကို ဇူလိုင် ၄ ရက်က မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စုရှိ တောင်သူတစ်ဦး၏ လယ်ငါးဧကစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။



ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးမှုကို သရုပ်ပြသစဉ်။

ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဇော်က စပါးကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် မိုးရာသီတွင် ကျရောက်လေ့ရှိသော ရွှေခရုများအကြောင်းကို အသိပညာပေးဟောပြောပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြတ်စိုးက လယ်ယာလုပ်သားရှားပါးမှုပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် ကုန်ကျစရိတ်လျှော့ချရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးနှင့် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးမှုကို စိုက်ပျိုးရေးဝန်ထမ်းများက လက်တွေ့သရုပ်ပြခဲ့ကြပြီးနောက် ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ၊ စန္ဒဝတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ဌေးနှင့် ဒေသခံတောင်သူများ စုပေါင်းကာ စပါးစိုက်ခင်းအတွင်းရှိ ရွှေခရုများကို ကောက်ယူဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ညောင်ဦးမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိ

**ညောင်ဦး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများကို အဆင်ပြေစွာလုပ်ကိုင်နိုင်ရေးအတွက် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၆ ရက်မှ စတင်ထုတ်ချေးပေးခဲ့ကာ ယနေ့အထိ ဆက်လက်၍ ချေးငွေများ ထုတ်ပေးနေကြောင်း သိရသည်။

ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မန်နေဂျာ ဒေါ်ရွှေဇင်ဌေးက "ကျွန်မတို့ ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေနဲ့ အခုနှစ်အတွက် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေတွေကို မေ ၆ ရက်ကစပြီး ထုတ်ချေးပေးခဲ့တာဖြစ်ပါတယ်။ ချေးငွေထုတ်ပေးတဲ့ စနစ်ကတော့ တောင်သူတစ်ဦးချင်း လယ်ယာမြေပိုင်ဆိုင်မှုအထောက်အထား ပုံစံ(၇) မူရင်းတင်ပြပြီးတော့ တောင်သူကိုယ်တိုင် အာမခံစနစ်နဲ့ ထုတ်ချေးပေးတာဖြစ်ပါတယ်။ ဇွန်လကုန်အထိ ကျေးရွာအုပ်စု ၅၂ စုမှ တောင်သူဦးရေ ၆၂၉၆ ဦးရဲ့စပါးစိုက်ဧက ၅၄၆ ဧကနဲ့ အခြားသီးနှံစိုက်ဧက ၃၉၈၂၀ အတွက် ချေးငွေကျပ် ၄၀၆၃၉၀၀၀၀၀ ကို ထုတ်ချေးပြီးသွားပြီဖြစ်ပါတယ်။ ကျန်ရှိတဲ့ကျေးရွာတွေကိုလည်း ရုံးဖွင့်ရက်တိုင်း ဆက်လက်ထုတ်ချေးပေးနေပါတယ်။ စက်တင်ဘာလကုန်မှာ အပြီးသတ် ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါဘဏ်ခွဲမှ ယခုနှစ်တွင် မြို့နယ်အတွင်း ရှိ ကျေးရွာအုပ်စု ၇၅ အုပ်စု ကျေးရွာပေါင်း ၂၂၀ ခန့်မှ တောင်သူဦးရေ ၁၃၂၀၀ ခန့် အား ချေးငွေများထုတ်ပေးရန် လျာထားကြောင်း၊ ချေးငွေပမာဏအနေဖြင့် ငွေကျပ် သိန်းပေါင်း ၈၀၀၀၀ ကျော်အထိဖြစ်ကြောင်း၊ ချေးငွေများထုတ်ပေးရာတွင် စပါး တစ် ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှင့် အခြားသီးနှံတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သူကောင်းတည်မြစ်ရေတင်စိုက်တောင်သူများ ဆင်းပဒေသာ (၁၁) မြေပဲမျိုးရရန် ခက်ခဲနေ

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ၂၀၁၈ ခုနှစ် ဆောင်းမြေပဲစိုက်ရာသီက ဒေသခံတောင်သူအချို့နှင့် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့ အကျိုးတူ ဆင်းပဒေသာ(၁၁)မြေပဲမျိုးကို စိုက်ပျိုးခဲ့ကြသည်။ ထိုသို့စိုက်ပျိုးခဲ့ကြရာ တောင်သူကိုးဦး၏ မြေဧက ၃၀ ဒသမ ၅၀ မြေကွက်ပေါ်မှ ဆင်းပဒေသာ (၁၁) မြေပဲတင်းအရေအတွက် ၁၀၀၀ ခန့်ထွက်ခဲ့သည်။

ထိုသို့တင်းတစ်ထောင်ထွက်ခဲ့သော်လည်း အမြတ်ရသည့်တောင်သူဦးရေနည်းပြီး အရှုံးပေါ်သည့် တောင်သူဦးရေက ခုနစ်ဦးခန့် ရှိခဲ့သည်။ တောင်သူဒေါ်အုန်းမြင့်ခိုင်က "ကျွန်မတို့ကတော့ အရှုံးပေါ်ခဲ့ပေမယ့် ဒီပဲမျိုးကို စိတ်မကုန်ပါဘူး။ ဒီပဲမျိုးကို ကိုယ့်ဒေသစိုက်နည်းစိုက်ဟန်နဲ့ စိုက်ကြည့်ချင်ပါသေးတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စိုက်မယ်ဆိုရင်မြေပဲရနိုင်ပါတယ်။ ကျွန်မတို့က ဆောင်းမြေပဲစိုက်ခဲ့စဉ်က ယာခင်းထဲက ထွက်တဲ့မြေပဲရတာ သူတို့ကို အကုန်အပ်ရမယ်ဆိုလို့အပ်ပါတယ်။ နောက်ပြီး ဒီမျိုးကို ပြန်ထုတ်ပေးမယ်လို့လည်း ပြောပါတယ်။ အခုလိုမိုးမှာ ဆက်လက်ပြီး စိုက်ချင်တော့ ဒီပဲမျိုးကမရှိဘူးဖြစ်နေတယ်။ ဒီပဲမျိုး မရောက်လာသေးဘဲဖြစ်နေတယ်။ ဒီပဲမျိုးကိုပဲ ဆက်လက်ပြီး စိုက်ချင်ပါသေးတယ်။ အဲဒီလိုစိုက်ချင်တဲ့အတွက် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်အသင်းက ထုတ်ပေးမယ့် မြေပဲဆင်းပဒေသာ(၁၁)မျိုးကိုမျှော်နေပါတယ်"ဟု ပြောသည်။

"ကျွန်မကတော့ မဖြစ်စလောက်ကလေးတော့မြတ်ပါတယ်။ ဆောင်းမြေပဲသီးနှံကို ပေါင်တင်စနစ်နဲ့စိုက်ခဲ့ပါတယ်။ ပေါင်တင်စနစ်နဲ့ စိုက်တာဆိုတော့ တစ်ဧကစိုက်ခစျေးနှုန်းကလည်းများပါတယ်။ ထွန်စက်နဲ့ ပေါင်ဖော်စိုက်တဲ့စိုက်ခက တစ်ဧက ငွေကျပ် ၄၀၀၀၀ပေးရတာများလွန်းတယ်။ အလားတူ ဒေသရိုးရိုးထွန်နဲ့လည်း စိုက်ခဲ့ပါတယ်။ ဒေသရိုးရိုးထွန်နဲ့ စိုက်နည်းစိုက်ဟန်က ကုန်ကျ စရိတ်သွင်းအားစုနည်းတယ်။ အဲဒါကြောင့် ဒေသစိုက်နည်းစိုက်ဟန်နဲ့ စိုက်တာက ပိုပြီးတွက်ခြေကိုက်တယ်။ ကျွန်မတို့က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆင်းပဒေသာ (၁၁)မျိုး ကိုတော့ စိုက်ချင်ပါသေးတယ်။ စိုက်ချင်ပေမယ့် စိုက်ချိန် ရောက်နေပြီ။ အခုအချိန်အထိ မြေပဲမျိုးမရောက်ရှိသေးတဲ့အတွက် မျှော်နေရတယ်။ ဆင်းပဒေသာ (၁၁) မြေပဲမျိုးကို ဝယ်ရင်လည်း ခက်နေတယ်။ ဝယ်ရင်လည်း ဈေးကမြင့်လွန်းနေတယ်။ အဲဒါကြောင့် ပေးနေကျအတိုင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များ အသင်းကပေးစေလိုပါတယ်"ဟု မြေပဲစိုက်ရန်ဆန္ဒရှိနေသူ အခြားတစ်ဦးကလည်း ပြောသည်။

သို့အတွက်ကြောင့် ယခင်နှစ်က ဆောင်းမြေပဲစိုက်ခဲ့သည့် တောင်သူအချို့က ယခုနှစ်မိုးတွင်းအခါ မိုးသီးနှံအဖြစ် ဆင်းပဒေသာ(၁၁)မျိုး မြေပဲစိုက်ပျိုးရန် အခက်အခဲဖြစ်နေကြောင်းနှင့် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ "မျိုးမြေပဲကို တောင်သူတွေအတွက် ထုတ်ပေးမယ်။ ကျွန်တော်တို့ပေးဖို့ အစီအစဉ်ရှိပေမယ့် တစ်ယောက်တည်း မဟုတ်တဲ့အတွက် ညှိနှိုင်းရဦးမှာပါ" ဟု ပြောသည်။

**ကျော်ဌေး**

# လောက်ကိုင်မြို့နယ်၌ ငမြောင်တောင်ပိုး စုပေါင်းကာကွယ်နှိမ်နင်းရေးဆောင်ရွက်

**လောက်ကိုင် ဇူလိုင် ၇**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရွှေယင်စီးကျေးရွာအုပ်စု ပါစင်ကျော်ကျေးရွာရှိ တောင်သူ ဦးဝူရှောက်ရင်း၏ အစေ့ထုတ်ပြောင်းစိုက်ခင်းတွင် ဇူလိုင် ၂ ရက်က ဖောငမြောင်တောင်ပိုး စုပေါင်းကာကွယ်နှိမ်နင်းရေး ဆောင်ရွက်သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်က ငမြောင်တောင်ပိုးကျရောက်မှုအခြေအနေနှင့် စုပေါင်းကာကွယ်နှိမ်နင်းရေး ဆွေးနွေးပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးဝေက ငမြောင်တောင်ကျရောက်လာမှု အခြေအနေနှင့် ပျံ့နှံ့မှုမြန်ဆန်ပုံ၊ ဘက်စုံကာကွယ်နှိမ်နင်းရန်နည်းလမ်းများကို လည်းကောင်း၊ လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းကာကွယ်နှိမ်နင်းရန် လိုအပ်မှုတို့ ကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်လွင်က ငမြောင်တောင်ပိုးကျရောက်ပါက ထိရောက်စွာ ကာကွယ်နှိမ်နင်းရေးအတွက် အသုံးပြုသင့်သည့် ပိုးသတ်ဆေးများ၊ ပိုးသတ်ဆေး စနစ်တကျ ပက်ဖျန်းနည်းမှန်ကန်စေရန် ပိုးဥနှင့် လောက်ကောင်ငယ်အဆင့်တွင် နှိမ်နင်းပါက ပိုမိုထိရောက်စေမည်ဖြစ်ကြောင်း စသည့် ဘက်စုံနှိမ်နင်းရေးနည်းများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိခ်**



ငမြောင်တောင်ပိုး စုပေါင်းကာကွယ်နှိမ်နင်းရေး ဆွေးနွေးကြစဉ်။

# အောက်တိုဘာ ၁ ရက်တွင် တစ်တိုင်းပြည်လုံး ယူနီကုဒ်သို့ ကူးပြောင်းမည်

ရန်ကုန် ဇူလိုင် ၇

**နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းညွှန်မှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ပညာရှင်များပူးပေါင်း၍ တစ်တိုင်းပြည်လုံးရှိ ကွန်ပျူတာသုံး မြန်မာဘာသာစကား ဖတ်ရှုရေးသားသူများသည် ၂၀၁၉ ခုနှစ် အောက်တို ဘာ ၁ ရက်တွင် နိုင်ငံတကာသုံး စံချိန်စံညွှန်းနှင့် ကိုက်ညီသော မြန်မာ ယူနီကုဒ်စံစနစ်သို့ တစ်ပြိုင်တည်းကူးပြောင်းနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့က ရန်ကုန်မြို့ MICT Park ၌ ကျင်းပသည့် ယူနီကုဒ်သုံး မြန်မာစာစနစ်ပြောင်းလဲအသုံးပြုရေး စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။**

အမျိုးသားစံချိန်စံညွှန်း ကောင်စီသည် စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ MMS ISO/IEC 10646:2017 သတင်းအချက်အလက်နည်းပညာ၊ နိုင်ငံတကာသုံး ယူနီကုဒ်စံစနစ်အား မြန်မာစံချိန်စံညွှန်းအဖြစ် သတ်မှတ်ကြောင်း ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၂၂/၂၀၁၉)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် အစိုးရဌာနများသည် ISO 10646 နိုင်ငံတကာသုံး ယူနီကုဒ်စံစနစ်နှင့် ကိုက်ညီသော မြန်မာယူနီကုဒ်သို့ အောင်မြင်စွာကူးပြောင်းခဲ့ပြီးဖြစ်သည်။ ကျန်ရှိသော နည်းပညာအခက်အခဲအချို့ကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အောက်မှ Natural Language Processing Lab (NLP Lab) နှင့် ပြည်ပပညာရှင်များ ပူးပေါင်းဖြေရှင်းပေးလျက်ရှိကြောင်း သိရသည်။




ယူနီကုဒ်သုံး မြန်မာစာစနစ် ပြောင်းလဲအသုံးပြုရေး စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက ယူနီကုဒ်စံစနစ်သုံး မြန်မာစာစနစ်က သတင်းအချက်အလက်တွေကို စနစ်တကျသိမ်းဆည်းနိုင်ခြင်း၊ လွယ်ကူတိကျစွာ ပြန်လည်ရှာဖွေနိုင်ခြင်း၊ မြန်မာစာစနစ်အတိုင်း အလွယ်တကူအက္ခရာစဉ်နိုင်ခြင်း၊ ဘာသာပြန်ဆိုမှုမှာလည်း အခြားဘာသာတစ်ခုကို မြန်မာဘာသာသို့ အပြန်အလှန်ပြန်ဆိုမှုကို ပိုမိုအဆင်ပြေချောမွေ့စေခြင်း၊ မြန်မာဘာသာစကားကို ကွန်ပျူတာစနစ်တွင် အပြည့်အဝအသုံးချလာနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားတွေကိုလည်း ယူနီကုဒ်စနစ်မှာ အလွယ်တကူအသုံးပြုနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကြောင့် ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ်ကို စံချိန်စံညွှန်းအဖြစ် ပြောင်းလဲအသုံးပြုရခြင်းဖြစ်ကြောင်း ပြောသည်။

လူသုံးအများဆုံး Operating System များဖြစ်သည့် Microsoft Windows, Apple Mac OS, Linux, Google Android, Apple iOS စသည့်စနစ်များတွင် မြန်မာယူနီကုဒ်ကို အလိုအလျောက်ထောက်ပံ့ပေးထားပြီးဖြစ်သည်။ ထို့ပြင် Microsoft Office, Google, YouTube, Facebook, Messenger, Viber စသည့် မြန်မာနိုင်ငံတွင် အသုံးများသည့် Website များ၊ လူမှုကွန်ရက်များ၊ Mobile Application များနှင့် Office productivity software များသည်လည်း မြန်မာယူနီကုဒ်ကို လက်ခံကျင့်သုံးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က "မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဟာ မြန်မာစာစံစနစ်ရဲ့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေ၊ အကြံပြုမှုတွေကို ဆောင်ရွက်နေပါတယ်။ ယူနီကုဒ်စနစ် ပြောင်းလဲဖို့ အကောင်အထည်ဖော်မှု အစီအစဉ်တွေမှာလည်း သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေ၊ လုပ်ငန်းကြီးတွေ၊ နည်းပညာကုမ္ပဏီတွေ၊ ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ယူနီကုဒ်စံစနစ်ကို Database များ၊ Spreadsheet များတွင် ထည့်သွင်းသုံးစွဲရာတွင် sorting, searching စသည့် ထောက်ပံ့မှုများ ရရှိမည်ဖြစ်သည့်အတွက် လုပ်ငန်းသုံး ဆော့ဖ်ဝဲများ၊ ဌာနဆိုင်ရာ e-Government application များနှင့် အမျိုးမျိုးသော နောက်ဆုံးပေါ် နည်းပညာအသုံးချစနစ်များအတွက် ပိုမိုကောင်းမွန်ပြည့်စုံသော ထောက်ပံ့မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သည် ယခုအခါတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ ဆက်သွယ်ရေးအော်ပရေတာများ၊ မီဒီယာလုပ်ငန်းများ၊ အသင်းအဖွဲ့များ၊ ကွန်ပျူတာလုပ်ငန်းများ၊ ဆော့ဖ်ဝဲရေးဆွဲသူများ၊ မိုဘိုင်းဖုန်းထုတ်လုပ်သူများ၊ အပြည်ပြည်ဆိုင်ရာ နည်းပညာကုမ္ပဏီကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ မြန်မာစာအဖွဲ့နှင့် ပညာရှင်များဖြင့် ပူးပေါင်း၍ မြန်မာစာသုံးစွဲသူများ မြန်မာယူနီကုဒ်သို့ တစ်ပြိုင်တည်းကူးပြောင်းရာတွင် အဘက်ဘက်မှ အဆင်ပြေချောမွေ့စေရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးသောင်းစုငြိမ်းက "ဒီယူနီကုဒ်စံစနစ်နဲ့ ပတ်သက်ပြီး ၁၉၉၈ ခုနှစ်ကတည်းက ပညာရှင်တွေအားလုံးက ကြိုးစားပမ်းစားလုပ်ခဲ့ကြတာ ဆယ်စုနှစ် နှစ်ခုကျော်ကြာခဲ့ပါပြီ။ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှာ အစိုးရဌာနတွေအတွင်းမှာ ယူနီကုဒ်ကို စပြီးပြောင်းပြီး သုံးခဲ့ပါတယ်။ အဲဒီမှာ ပြည်ထောင်စုဖော့ဖ်-၃ ဆိုပြီး သတ်မှတ်သုံးခဲ့ပါတယ်။ အဲဒါကို ကွန်ပျူတာအသင်းချုပ်ကနေ လိုအပ်တဲ့အချက်တွေကို တောက်လျှောက် ဆက်ပြီးပေးနေပါတယ်။ ဝန်ကြီးဌာနထဲမှာ ဧပြီ ၁ ရက်ကစပြီး သုံးခဲ့တာမှာ ဘာအခက်အခဲရှိလဲ၊ အဆင်မပြေတာရှိလား၊ စက်တွေ အချင်းချင်းပေးပို့လို့ရလား၊ အဲဒါရဲ့ အတွေ့အကြုံအရ လိုအပ်ချက်လေးတွေကို တွေ့မြင်ထားတာရှိပါတယ်။အဲဒါတွေကို ကွန်ပျူတာအသင်းချုပ်ကနေ ပညာရှင်တွေနဲ့ ဖွဲ့ထားတဲ့အဖွဲ့က ဆောင်ရွက်နေပါတယ်။ အသင်းအဖွဲ့ထဲမှာရှိတဲ့ ပညာရှင်တွေရော၊ ပြင်ပပညာရှင်တွေရော ပူးပေါင်းပြီး ဒီယူနီကုဒ်စံစနစ်ကို အားလုံးအဆင်ပြေချောမွေ့အောင် ဝိုင်းပြီးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာယူနီကုဒ်သို့ ကူးပြောင်းရေးလုပ်ငန်းစဉ်များကို မြန်မာစာသုံးစွဲသူများ သိရှိနားလည်စေရန်နှင့် ကျယ်ပြန့်စွာသိရှိကြရန် ဆိုရှယ်မီဒီယာတွင် ထင်ပေါ်ကျော်ကြားသည့် Key Opinion Leader (KOL) များ၏ အကူအညီ များကိုလည်း ရယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကူညီကြမည့် KOL အမည်စာရင်းကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၁ ရက်တွင် ယူနီကုဒ်ကူးပြောင်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကြုံတွေ့ရမည့် နည်းပညာအခက်အခဲများကို ဖြေရှင်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"အခက်အခဲတွေကို ကြိုသိရအောင် ကြိုတင်စမ်းသပ်ဖို့လည်း လိုပါတယ်။ ကြိုသိလာရင် ပိုပြီးဖြေရှင်းပေးလို့ရပါတယ်။ ရည်ရွယ်ချက်ကောင်းတစ်ခုနဲ့ အားလုံးကောင်းဖို့ ပြောင်းလဲတာကို အောင်မြင်အောင် ဝိုင်းဝန်းကြပါလို့ ပြောချင်ပါတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်က ပြောသည်။

စမ်းသပ်မှု အောင်မြင်သည့်အခါ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မြန်မာစာ အသုံးပြုသူများအားလုံး တစ်ပြိုင်တည်း မြန်မာယူနီကုဒ်သို့ ကူးပြောင်းသွားနိုင်မည်ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က မျှော်မှန်းထားကြောင်း သိရသည်။

အသေးစိတ်သိလိုပါက ဆက်သွယ်ရန် မြန်မာယူနီကုဒ်ဆိုင်ရာ အချက်အလက်များ www.mcf.org.mm၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဖုန်း ၀၁-၆၅၂၃၀၇၊ office@mcf.org.mm၊ မြန်မာယူနီကုဒ်စံစနစ်ဆိုင်ရာ အချက်အလက်များ unicodetoday.org တို့တွင် ကြည့်ရှုဆက်သွယ်နိုင်ကြောင်း သိရသည်။ ။

**သတင်း -ရီရီမြင့်၊**
**ဓာတ်ပုံ - သန်းထိုက်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေး

**ပုသိမ် ဇူလိုင် ၇**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးလက်ရေရရှိရေး(အိမ်သွယ်ရေတိုင်စနစ်) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား တိုင်းဒေသကြီး ဦးစီးမှူး ဦးနေထက်ရှိန်၊ ခရိုင်ဦးစီးမှူး ဦးစတင့်ဝေ၊ မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်နှင့် ဝန်ထမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် သစ်ပုတ်ကုန်းကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကွင်းပေါက်ကြီးကျေးရွာအုပ်စု အိမ်ချောင်းလေးကျေးရွာတွင် မွမ်းမံရန်ပုံငွေ ခွင့်ပြုငွေကျပ် ၃ ဒသမ ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၃၅ သန်းဖြင့် အိမ်ခြေ ၁၂၀ အား အိမ်သွယ်ရေတိုင်စနစ်ဖြင့် ရေပေးဝေနိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

၀၀၇

# အမြို့မြို့အနယ်နယ်၌ အာဇာနည်နေ့ အထိမ်းအမှတ်အကြိုပွဲများ ကျင်းပ

**ကမာရွတ်**

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသော (၇၂) နှစ်မြောက် အာဇာနည်နေ့အကြို စာပေဟောပြောပွဲကို ဇူလိုင် ၆ ရက်က ကမာရွတ်မြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းနာယက ရွှေကူမေနှင်းနှင့် ဦးငွေတိုး (မောင်ကျော်ကျော်-ကွင်းကောက်)တို့ က အာဇာနည်နေ့နှင့် ပညာရေးအတွေးအမြင်၊ ပညာရေးဆိုင်ရာများအကြောင်းကို ဟောပြောခဲ့ကြသည်။ အဆိုပါ စာပေဟောပြောပွဲများကို အာဇာနည်နေ့မတိုင်မီ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌လည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အာဇာနည်နေ့နှင့် အနုပညာစာဖတ်ဝိုင်းဆွေးနွေးပွဲကိုလည်း ဇူလိုင် ၇ ရက်နှင့် ၁၂ ရက်တို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**တာမွေ**

တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူလေးများ အသိဉာဏ်ပညာ ဗဟုသုတပြည့်စုံကြွယ်ဝသော ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ် လူတော်လူကောင်းများအဖြစ် ပေါ်ထွန်းလာစေရေး၊ အားလပ်ချိန်တွင် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာစေရေး၊ ကျောင်းသား ကျောင်းသူလေးများ၏ ကာယ၊ ဉာဏနှင့် တီထွင်ဖန်တီးမှု စွမ်းရည်များ တိုးတက်မြင့်မားလာပြီး ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုစိတ်များဖြစ်ပေါ်လာစေရေး၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံ အကြောင်းအရာများကို သိရှိပြီး အာဇာနည်နေ့ကို ကျောင်းသား ကျောင်းသူများက မမေ့မလျော့မှတ်မှတ်ရရရှိစေရန် အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေရန်အတွက်ရည်ရွယ်၍ မြို့နယ်ပညာရေးဌာနမှ စီစဉ်ကျင်းပသော (၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကာတွန်းနှင့် ပန်းချီပြိုင်ပွဲများကို ဇူလိုင် ၆ ရက်က တာမွေမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများကျင်းပရာ တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ မြို့နယ်ပညာရေးဌာနမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမောင်မောင်အေးနှင့် အဖွဲ့ဝင်များ ရောက်ရှိပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူလေးများ၏ သက်ဆိုင်ရာကဏ္ဍများအလိုက် ဝင်ရောက်ယှဉ်ပြိုင်နေမှုများအား လိုက်လံကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့သည်။ **နိုင်လင်းအောင် (တာမွေ)**

**ညောင်တုန်း**

ညောင်တုန်းမြို့တွင် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း/အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ဇူလိုင် ၅ ရက်က ကျင်းပသည်။

(၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲများသို့ မြို့နယ်အတွင်းရှိအခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှအထက်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၄၅ ဦးက အာဇာနည်နေ့ကို အကြောင်းပြု၍လည်းကောင်း၊ အလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၈၂ ဦးသည် ယနေ့တိုင် မမေ့နိုင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၂၇ ဦးက မမေ့အပ်သည့် အာဇာနည် ဆောင်ပုဒ်ခေါင်းစဉ်များဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၅၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအား အသက်စွန့်လှူတော်ပေးခဲ့သည့်အာဇာနည်ကြီးများအား ယနေ့တိုင်မမေ့အပ်ဘဲ အစဉ်သတိရစေရန်အတွက် ကျောင်းသား ကျောင်းသူများ စာဖတ်ခြင်းအသိတိုးပွားပြီး စာစီစာကုံးရေးသားမှုအရည်အသွေး တိုးတက်လာစေရန် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ (၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲကျင်းပရာသို့ ဒုတိယမြို့နယ်ပညာရေးမှူး ဦးထိန်လင်းနှင့် ဒုလက်ထောက်ကြီးကြပ် ဒေါ်ခင်ဥမ္မာဦး၊ ဒေါ်ခင်စန္ဒာဝင်းနှင့် ဆရာ ဆရာမ ၂၆ ဦးက ကြီးကြပ်စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

**ငရုတ်ကောင်း**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့ရေကျော်ကျေးရွာအုပ်စု စမ်းချောင်းကျေးရွာ အလယ်တန်းကျောင်းခွဲမှ ကြီးမှူးပြီး ငရုတ်ကောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ဇူလိုင်၅ ရက်က အဆိုပါစာသင်ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စမ်းချောင်းကျေးရွာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်က အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ကျော်မာလာလွင်က အာဇာနည်စိတ်ဓာတ်များပေါ်ပေါက်လာစေရန်နှင့် လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပြီးနောက် ရေကျော်ကျေးရွာအုပ်စု၊ သလဲဒိုးကျေးရွာ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးအောင်ခိုင်ဆွေက အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ အတုယူဖွယ်စိတ်ဓာတ်များ အကြောင်းပြောကြားခဲ့သည်။ **ပြုံးမောင်မောင်(ပြန်/ဆက်)**

## ကွန်ပျူတာပညာရှင်အသင်းဝင်များအတွက် မိုဘိုင်းအက်ပလီကေးရှင်းရေးပေးရန် စိတ်ပါဝင်စားသည့် ကုမ္ပဏီများအား ဖိတ်ခေါ်ထား

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းသို့ အသင်းဝင်လိုသူများနှင့် အသင်းဝင်များကြား အသင်းနှင့်ချိတ်ဆက်နိုင်ရန် ဝန်ဆောင်မှုများ ပါဝင်သော မိုဘိုင်းအက်ပလီကေးရှင်းတစ်ခုကို ရေးသား ဝန်ဆောင်မှုပေးရန် စိတ်ပါဝင်စားသည့် ကုမ္ပဏီများအား မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ဖိတ်ခေါ်ထားသည်။

ကွန်ပျူတာပညာရှင်အသင်းသို့ အသင်းဝင်လိုသူများ အသင်းဝင်ရန် လျှောက်ထားခြင်း၊ အသင်းဝင်များ သက်တမ်းတိုးခြင်း၊ Event များအတွက် အသင်းဝင်များအား ဖိတ်ကြားခြင်း၊ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးများကို Online Payment ဖြင့် ပေးဆောင်ခြင်း၊ အသင်းသားများအတွက် အသင်းမှပြန်ပေးမည့် Points များ သတ်မှတ်ခြင်းနှင့် အသင်းမှ ကျင်းပသည့် ပွဲအခမ်းအနားများတွင် အသင်းဝင်များတက်ရောက်မည့် Attendance များ ပေးပို့ခြင်း စသည့် လုပ်ဆောင်ချက်များပါသော မိုဘိုင်းအက်ပလီကေးရှင်း တစ်ခုကို ရေးသားပေးရန်နှင့် ထို အက်ပလီကေးရှင်းကို နှစ်စဉ် Maintenance နှင့် Support လုပ်ပေးမည့် ဝန်ဆောင်မှုပေးရန် စိတ်ပါဝင်စားသည့် ကုမ္ပဏီများအား ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် ဇူလိုင် ၁၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ (Expression of Interest-EOI)ကို MICT Park အဆောင်(၉)ရှိ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း၊ အီးမေးလ် office@mcpamyanmar.org သို့ တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။ တင်သွင်းလာသည့် EOI များအတွက် Request For Proposal(RFP) ကို ဇူလိုင် ၂၀ ရက်တွင် ပြန်ထုတ်ပေးမည်ဖြစ်ပြီး RFP ရရှိသူများသည် Technical Proposal ကို ဩဂုတ် ၃ ရက် နောက်ဆုံးထား၍ ပြန်တင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကုမ္ပဏီများအား ပဏာမ ရွေးချယ်ကာ ရွေးချယ်ခံရသည့် ကုမ္ပဏီများက ဝန်ဆောင်မှုများနှင့်ပတ်သက်၍ လာရောက်ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ပဏာမ ရွေးချယ်မည့်ရက်နှင့် နောက်ပိုင်းအစီအစဉ်များအတွက် သတ်မှတ်ရက်များကို ထပ်မံ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ သိရသည်။

**သူရဖြိုး**

## ဟွာဝေး P30 ဖုန်းများဖြင့် ရိုက်ကူးခဲ့သည့် ဓာတ်ပုံများဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

စမတ်ဖုန်းများ၏ ကင်မရာလုပ်ဆောင်ချက်များ အဆင့်မြင့်လာချိန်တွင် ဖုန်းကင်မရာများသည် ပရော်ဖက်ရှင်နယ်ကင်မရာကြီးများနီးပါး ရိုက်ကူးလာနိုင်ပြီဖြစ်ရာ ဟွာဝေး၏ အဆင့်မြင့်စမတ်ဖုန်းကင်မရာ ပါဝင်သော P30 Series ဖုန်းများဖြင့် ဓာတ်ပုံရိုက်ကူးခြင်း အတွေ့အကြုံများဆိုင်ရာ ဆွေးနွေးပွဲကို ဇူလိုင် ၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဓာတ်ပုံဆရာ ကိုဝေလင်းက ဓာတ်ပုံရိုက်ကူးခြင်းနှင့်ပတ်သက်သည့် အခြေခံဗဟုသုတများ၊ မိုဘိုင်းဖုန်းဖြင့် Portrait ဓာတ်ပုံ ရိုက်ကူးခြင်းနှင့် ဖုန်းတွင်းပါ application များ အသုံးပြုပြီး ဓာတ်ပုံများကို ပြန်လည်ပြင်ဆင်ခြင်း အစရှိသည့် ဗဟုသုတများကို ဝေမျှဆွေးနွေးခဲ့ပြီး မော်ဒယ်လ်အဖြစ် May Grace က ပါဝင်ပံ့ပိုးကာ ဆွေးနွေးပွဲတက်ရောက်သူများက Look, Cafe’ Soul Search နှင့် Rain Outdoor Night ဟူသည့် Theme သုံးမျိုးဖြင့် မော်ဒယ်လ်အား ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ဆွေးနွေးပွဲသို့တက်ရောက်ခဲ့သူတစ်ဦးက “ဟွာဝေးက workshop လုပ်ပေးတဲ့အတွက် ကင်မရာကို ဝါသနာပါတဲ့သူတွေ၊ ဓာတ်ပုံလှလှလေးတွေ ရိုက်ချင်တဲ့သူတွေအတွက် အလွန်အဆင်ပြေပါတယ်။ တော်တော်များများက ကင်မရာတော့ ကိုင်ထားကြတယ်။ ဖုန်းတွေရှိကြတယ်။ ဒါပေမယ့် ဓာတ်ပုံတစ်ပုံ လှဖို့အတွက် ဘယ်လိုရိုက်ရမယ်ဆိုတာ မသိဘူး။ အခု ဓာတ်ပုံ ဘယ်လိုရိုက်ပေးရမယ်ဆိုတာ သိသွားတဲ့အတွက် အကျိုးကျေးဇူး အများကြီးရပါတယ်”ဟု ပြောသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဟွာဝေးစမတ်ဖုန်း သုံးစွဲသူများနှင့်အတူ အခြားသော စမတ်ဖုန်းသုံးစွဲသူများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြပြီး မိုဘိုင်းဖုန်းဖြင့် ပိုမိုလှပသေသပ်သော ပုံရိပ်များ ရိုက်ကူးလိုခြင်း၊ ဟွာဝေး P30 Series ၏ လုပ်ဆောင်ချက်များကို လက်တွေ့အသုံးပြုလိုခြင်း၊ Mobile Photography နှင့် ပတ်သက်သည့် ဗဟုသုတများကို ပိုမိုလေ့လာလိုခြင်း စသည့်ရည်ရွယ်ချက်များဖြင့် တက်ရောက်ခဲ့ကြကာ P30 Series စမတ်ဖုန်းများ၏ လုပ်ဆောင်ချက်များကို လက်တွေ့ လေ့လာအသုံးပြုနိုင်ခဲ့ကြကြောင်း ဟွာဝေးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**




## ဗီယက်နမ်ထုတ် စမတ်ဖုန်းအမှတ်တံဆိပ်သစ် ပြည်တွင်းဈေးကွက်၌ စတင်မိတ်ဆက်

**ရန်ကုန် ဇူလိုင် ၇**

ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းနည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Bkav ၏ ထုတ်ကုန်ဖြစ်သော Bphone အမှတ်တံဆိပ် စမတ်ဖုန်းများကို မြန်မာနိုင်ငံဈေးကွက်သို့ ဇူလိုင် ၄ ရက်က စတင်မိတ်ဆက်ခဲ့သည်။ Bkav သည် ဗီယက်နမ်နိုင်ငံ၏ ဆိုက်ဘာလုံခြုံရေး၊ ဆော့ဖ်ဝဲ၊ စမတ်ဖုန်းနှင့် Smart Home ကဏ္ဍများတွင် ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်ရာ ၄င်း၏စမတ်ဖုန်းများတွင်လည်း ထိုကဏ္ဍများမှ ဆန်းသစ်တီထွင်ထားသော နည်းပညာများကို ထည့်သွင်းထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်သို့ စတင်မိတ်ဆက်လိုက်သည့် စမတ်ဖုန်းသစ် နှစ်မျိုးမှာ Bphone 3 နှင့် Bphone 3 Pro တို့ဖြစ်ပြီး မျက်နှာပြင်အကျယ်မှာ ခြောက်လက်မရှိကာ Resolution သည် 2160x1080 pixels အရည်အသွေးရှိ Full HD ဖြစ်သည်။ ဖုန်း၏ မျက်နှာပြင်ကိုသာမက ကျောဘက်ကိုလည်း Gorilla Glass များဖြင့် ဖုန်းအုပ်ထားကာ ဘေးဘောင်များမှာ အလူမီနီယံဘောင်ဖြစ်သည်။ ဖုန်းဒီဇိုင်းပိုင်းတွင် ထူးခြားချက်မှာ ဖုန်း Screen ၏ အပေါ်ပိုင်းတွင် ကင်မရာနှင့် စပီကာအတွက် နေရာများရှိသော်လည်း Screen အောက်ဘက်တွင် လုံးဝ ဘောင်များမရှိအောင် ပြုလုပ်ထားခြင်းဖြစ်သည်။ အောက်ဘက်ဘောင်တွင် နေရာလွတ်မထားသောကြောင့် navigation button များ မပါတော့သဖြင့် အသုံးပြုရာတွင် Gesture စနစ်ဖြင့် သုံးစွဲရမည်ဖြစ်သည်။

ကင်မရာပိုင်းတွင် ကျောဘက်ကင်မရာသည် ၁၂ မဂ္ဂါပစ်ဇယ် ကင်မရာနှစ်လုံးကို Lens တစ်ခုတည်းတွင် ထည့်သွင်းထားသော Dual ကင်မရာဖြစ်သည်။ အလွန် လျင်မြန်သော Focus စနစ်နှင့် AI နည်းပညာများ ပါဝင်သလို ညဘက်ရိုက်ကူးသည့်ပုံများတွင် အစက်အပြောက်များမပါဝင်အောင် ဖယ်ရှားပေးမည့် နည်းပညာများ ပါဝင်သည်။ ဗီဒီယိုများကို 4K Resolution ဖြင့် ရိုက်ကူးနိုင်သည်။

Bphone 3 နှင့် 3Pro ဖုန်းများတွင် ထူးခြားချက်များမှာ IP68 စံနှုန်း ရေစိုခံနိုင်မှုကြောင့် ရေအောက်ထဲတွင်ပင် ဓာတ်ပုံများ ရိုက်ကူးနိုင်ခြင်းဖြစ်သည်။ ထို့အပြင် Bkav သည် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးဆောင်ကုမ္ပဏီဖြစ်၍ ၄င်း၏ Bphone 3 တွင် ခိုးယူခံရမှုမှ ကာကွယ်နိုင်သည့် Anti-theft စနစ်ကို ထည့်သွင်းပေးထားရာ ဖုန်းကို ခိုးခံရသည့်တိုင် Factory Reset လုပ်၍မရဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ ဆက်မသုံးနိုင်အောင် ပြုလုပ်ထားသည်။ ဖုန်းပျောက်သွားပါက ဖုန်းပိုင်ရှင်အား ဆက်သွယ်ရန် အချက်များကို ဖုန်းမျက်နှာပြင်တွင် ပြသပေးနေမည့် လုပ်ဆောင်ချက်လည်း ပါဝင်သည်။

စက်လည်ပတ်မှုစနစ်ပိုင်းတွင်လည်း Qualcomm ၏ Snapdragon Chipset များကို အသုံးပြုထား၍ အက်ပလီကေးရှင်းအမျိုးမျိုးကို အဆင်ပြေစွာ သုံးစွဲနိုင်မည်ဖြစ်သလို လေးလံသော ဂိမ်းများကိုပင် ချောမွေ့စွာ ကစားနိုင်မည့် Graphic Support လည်း ပါဝင်သည်။

Bphone 3 နှင့် Bphone 3 Pro ဖုန်းများတွင် ကွာခြားချက်အနေဖြင့် Chipset ပိုင်းတွင် Bphone 3 က Snapdragon 636 Chipset ကို အသုံးပြုထားပြီး Bphone 3 Pro က Snapdragon 660 ကို အသုံးပြုထားသည်။ RAM နှင့် အင်တာနယ်မင်မိုရီအပိုင်းတွင် Bphone 3 က RAM 3GB, မင်မိုရီ 32GB ဖြစ်ပြီး Bphone 3 Pro က RAM 4GB, မင်မိုရီ 64GB ဖြစ်သည်။ ဖုန်းအားသွင်းစနစ်တွင် Bphone 3 က USB 2.0(Type C)သာ ပါဝင်ပြီး Bphone 3 Pro က USB 3.1(Type C)ဖြစ်ရာ အားသွင်းရာတွင်သာမက TV များနှင့် ချိတ်ဆက်နိုင်မှုတွင်ပါ အားသာချက်များရှိသည်။ ဘက်ထရီပိုင်းတွင်မူ ဖုန်းနှစ်မျိုးစလုံးတွင် 3000 mAh ရှိသော ဘက်ထရီ ပါဝင်ပြီး လျင်မြန်စွာ အားသွင်းနိုင်သည့် Quick Charge 4.0 စနစ် ပါဝင်သည်။



ဈေးနှုန်းမှာ Bphone 3 က ကျပ် ၄၉၉၀၀၀ ဖြစ်ကာ Bphone 3 Pro က ကျပ် ၆၉၉၀၀၀ ဖြစ်ပြီး ကိုယ်ထည်အရောင်အနေဖြင့် အဖြူနှင့် အနက်တို့ကို ရနိုင်မည်ဖြစ်သည်။ ဖုန်းများကို ဇူလိုင် ၄ ရက်မှစ၍ မြန်မာနိုင်ငံဈေးကွက်တွင် စတင် ရောင်းချပြီး Mytel ဆိုင်ပေါင်း ၁၀၀ ခန့်တွင် ဝယ်ယူနိုင်မည်ဖြစ်ပြီး အရည်အသွေးမြင့် ဖုန်းကာဗာနှင့် ဖုန်းမျက်နှာပြင်ကို ကာကွယ်ပေးမည့် Tempered Glass ကိုလည်း ထည့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စတင်ရောင်းချချိန်တွင် Bphone 3 ကို ပထမဆုံးဝယ်ယူသူ အယောက် ၇၀၀ သည် ဖုန်းတစ်လုံးလျှင် ကျပ် ၄၀၀၀၀ လျှော့ဈေးနှင့် Bphone 3 Pro ကို ဝယ်ယူသူ အယောက် ၃၀၀ သည် ဖုန်းတစ်လုံးလျှင် ကျပ် ၇၀၀၀၀ လျှော့ဈေးဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် Bphone အမှတ်တံဆိပ် ဈေးကွက်ချဲ့ထွင်ခြင်းအတွက် Bkav အနေဖြင့် ရန်ကုန်တွင် ရုံးခန်းဖွင့်လှစ်သွားမည်ဖြစ်သလို လက်ရှိအချိန်တွင် အသုံးပြုသူများအား ဝန်ဆောင်မှုပေးရန် တရားဝင် အာမခံစင်တာ သုံးခုနှင့် အရောင်းဆိုင်ပေါင်း ၃၀ နီးပါးကိုလည်း တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်ဆောင်းဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် Mytel နှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## Shop.com.mm နှင့် CB ဘဏ်တို့ ပူးပေါင်း၍ အတိုးမဲ့ အရစ်ကျဈေးဝယ်နိုင်သည့်အစီအစဉ် ပြုလုပ်ထား

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ၏ အကြီးမားဆုံး အွန်လိုင်းရှော့ပင်ဝက်ဘ်ဆိုက်ဖြစ်သော Shop.com.mm နှင့် CB ဘဏ်တို့ ပူးပေါင်း၍ CB ခရက်ဒစ်ကတ် ကိုင်ဆောင်သူများအတွက် အတိုးမဲ့ အရစ်ကျ ဈေးဝယ်နိုင်မည့် အစီအစဉ်တစ်ခုကို ဇွန်လကုန်ပိုင်းက စတင်မိတ်ဆက်ထားကာ ထိုအစီအစဉ်ကို နိုဝင်ဘာလကုန်အထိ ပြုလုပ်ထားမည်ဖြစ်ကြောင်း သိရသည်။

ထိုအစီအစဉ်အရ Shop.com.mm တွင် အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်သူများအနေဖြင့် CB ဘဏ်၏ ခရက်ဒစ်ကတ်များဖြစ်သော Visa သို့မဟုတ် Master ကတ်များဖြင့် ငွေရှင်းပါက အရစ်ကျငွေပေးချေခြင်း အစီအစဉ်ကို ရယူနိုင်မည့် Link တစ်ခုကို ရရှိမည်ဖြစ်ကာ ထို Link အတိုင်းဝင်၍ ဆက်လက်ဆောင်ရွက်ခြင်းဖြင့် အတိုးမဲ့ ခြောက်လ အရစ်ကျငွေချေ၍ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

Shop.com.mm မှ အုပ်ချုပ်မှုဒါရိုက်တာက “ထူးခြားတဲ့ ငွေပေးချေမှုနည်းလမ်းတစ်ရပ်ကို CB ဘဏ်နဲ့အတူ ပူးတွဲလုပ်ဆောင်နိုင်တဲ့အတွက် များစွာ စိတ်လှုပ်ရှားမိပါတယ်။ အတိုးနှုန်း လုံးဝမရှိဘဲ Shop မှ ပစ္စည်းတွေကို CB ဘဏ်ကတ်အသုံးပြုသူတွေအနေနဲ့ ခြောက်လ အရစ်ကျစနစ်နဲ့ ပေးချေနိုင်တော့မှာပါ။ အခုအချိန်ကစပြီး နိုဝင်ဘာလကုန်အထိ ဒီအခွင့်အရေးကို ရယူနိုင်ပြီး ကျွန်တော်တို့ Shop က ကျင်းပတဲ့ ဈေးရောင်းပွဲတော် အသေးအကြီး အားလုံးမှာလည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

Shop.com.mm အွန်လိုင်းရှော့ပင်ဝက်ဘ်ဆိုက်ကို ၂၀၁၄ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဝက်ဘ်ဆိုက်တွင် ရောင်းချလိုသူများသည် ကုန်ပစ္စည်းအမျိုးမျိုးကို ဝင်ရောက်ရောင်းချနိုင်ကြရာ လက်ရှိအချိန်တွင် ရောင်းချသူပေါင်း ၁၅၀၀ ကျော်ရှိကာ ကုန်ပစ္စည်းပေါင်း နှစ်သိန်းကျော်ကို ရောင်းချလျက်ရှိသည်။ ကုန်ပစ္စည်း အမျိုးအစားများအနေဖြင့် အီလက်ထရောနစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများ၊ အဝတ်အထည်များ၊ အိမ်သုံးစက်ပစ္စည်းများ၊ အလှကုန်များကို အဓိက ရောင်းချပြီး လူသုံးကုန်၊ စားသောက်ကုန်များလည်း ရှိသည်။

ငွေပေးချေမှုတွင် အိမ်အရောက်ငွေချေစနစ်ဖြင့်လည်းကောင်း၊ Visa သို့မဟုတ် Master ကတ်များဖြင့်လည်းကောင်း ပေးချေနိုင်ပြီး ပြဿနာတစ်ခုခုဖြစ်လျှင် ခုနစ်ရက်အတွင်း ပြန်လဲနိုင်ခွင့်ရှိသည်။ နိုင်ငံတကာ အွန်လိုင်းရှော့ပင်လုပ်ငန်းကြီးဖြစ်သော Alibaba က Shop.com.mm ကို ၂၀၁၈ ခုနှစ်တွင် ဝယ်ယူခဲ့ပြီးနောက် Shop ဝက်ဘ်ဆိုက်တွင် Alibaba ၏ ကမ္ဘာ့ထိပ်တန်း နည်းပညာများကို မိတ်ဆက်ခဲ့ရာ ပို၍ အောင်မြင်လာခဲ့ပြီး လက်ရှိအချိန်တွင် လစဉ်ပုံမှန်သုံးစွဲနေသူ တစ်သန်းခန့်ရှိနေကြောင်း သိရသည်။

**အာကာစိုး**

## ဟွာဝေး Y9 Prime ဝယ်သူများမှ ၁၀ ဦးကို ချင်းမိုင်ခရီးစဉ် မဲဖောက်ပေးမည်

**ရန်ကုန် ဇူလိုင် ၇**

ဟွာဝေး၏ စမတ်ဖုန်းများထဲတွင် ပထမဆုံး Pop-Up Selfie ကင်မရာ ပါဝင်လာသည့် Y9 Prime 2019 ကို ဇူလိုင်လအတွင်း ဝယ်ယူသူများထဲမှ ၁၀ ဦးအား မဲဖောက်၍ ချင်းမိုင်သို့ နှစ်ညအိပ်၊ သုံးရက် စရိတ်ငြိမ်း အလည်အပတ်ခရီးစဉ် ပို့ဆောင်ပေးသွားမည့် ကံစမ်းမဲအစီအစဉ်တစ်ခုကို ပြုလုပ်ထားကြောင်း ဟွာဝေးမြန်မာမှ သိရသည်။

အဆိုပါ ကံစမ်းမဲအစီအစဉ်တွင် ပါဝင်နိုင်ရန်အတွက် Y9 Prime 2019 ဖုန်းကို ဇူလိုင်လအတွင်း ဝယ်ယူသူများသည် ဝယ်ယူထားသည့် ဘောက်ချာဖြတ်ပိုင်းနှင့် ဖုန်း ဘူးခွံကို ဓာတ်ပုံရိုက်ကာ မိမိ၏ ဖေ့စ်ဘုတ်ပေါ်တွင် Public Post ဖြင့် မည်သည့်အကြောင်းကြောင့် Huawei Y9 Prime 2019 ကို ဝယ်ယူဖြစ်ကြောင်း ရေးသား၍ Hashtag အဖြစ် #HUAWEIY9Prime2019 ဟုတွဲကာ တင်ရမည်ဖြစ်ကြောင်း၊ ထို့နောက် ထိုပို့စ်ကို screenshot ရိုက်၍ Huawei Mobile Page သို့ Message ပို့ပေးရမည်ဖြစ်ကြောင်း၊ ပေးပို့သူများထဲမှ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်သူ၊ အကြောင်းအရာ ပြည့်စုံစွာ ဖော်ပြထားသူများအား စိစစ်ရွေးချယ်ပြီး ရွေးချယ်ထားသူများထဲမှ ၁၀ ဦးကို ထပ်မံ၍ မဲနှိုက်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

Huawei Y9 Prime 2019 သည် Pop-Up Selfie ကင်မရာပါဝင်သည့် စမတ်ဖုန်းအမျိုးအစားများထဲတွင် ဈေးနှုန်းအသက်သာဆုံး ဖုန်းတစ်လုံးအဖြစ် ရပ်တည်လျက်ရှိသလို ပါဝင်သည့် အဆင့်မြင့် လုပ်ဆောင်ချက်များနှင့် ဒီဇိုင်းပိုင်း လှပခြင်း၊ ဘက်ထရီပိုင်း ကောင်းမွန်ခြင်းတို့ကြောင့် စိတ်ဝင်စားမှု များပြားလျက်ရှိကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# ထားဝယ်ခရိုင်၌ ကျေးလက်လမ်း မိုင် ၂၀၀၀ နီးပါးကို ကျေးလက်လမ်းဦးစီးဌာနက ပြုပြင်နေ

**ရန်ကုန် ဇူလိုင် ၇**

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်လမ်းများကို ခရိုင်အလိုက် တာဝန်ယူ၍ ပြုပြင်မှုများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ထားဝယ်ခရိုင်အတွင်း၌ လမ်းမိုင်ပေါင်း ၁၉၆၈ မိုင်ကျော်ကို ပြုပြင်ထားကြောင်း သိရသည်။

အဆိုပါ လမ်းများကို တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ထားဝယ်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၆၂၄၂ ဒသမ ၄၇၁ သန်း၊ ၂၀၁၈ ခုနှစ် ခြောက်လ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၅၃၅၇ ဒသမ ၄၄၇ သန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၄၂၃၀၃ ဒသမ ၀၇၇ သန်း စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၇၃၉၀၂ ဒသမ ၉၉၅ သန်းတို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ လမ်းပြုပြင်မှုများအနေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကျောက်လမ်းအမာခံခင်းခြင်း၊ မြေသားလမ်းသစ်ဖောက်ခြင်းနှင့် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



ထားဝယ်ခရိုင် ကျေးလက်လမ်းဦးစီးဌာနက ဖောက်လုပ်ခဲ့သော ကျေးလက်လမ်းတစ်လမ်း

# မြို့နယ်များ၌ ပြည်သူ့စကားဝိုင်းများ ကျင်းပ

**ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားစေရန်နှင့် ၎င်းတို့ ကြုံတွေ့နေရသည့် အခက်အခဲများကို သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တိုက်ရိုက်ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကာ ပြည်သူ့စကားဝိုင်းများကို မြို့နယ်အသီးသီး၌ ကျင်းပပေးလျက်ရှိသည်။**

**လွိုင်ကော်**

လွိုင်ကော်မြို့မြို့နယ်ခန်းမ၌ ဇူလိုင် ၆ ရက်က ကျင်းပခဲ့သည့် 'သုတစုံလင် သိကြားစေချင်' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းတွင် ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစန်းနွယ်က အမှာစကားပြောကြားသည်။ ထို့နောက် လွိုင်ကော်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလှအောင်က လယ်ယာမြေဥပဒေ၊ လယ်ယာမြေပုံစံ(၇)၊ အိမ်မြေဂရန် စသည့် မြေယာအကြောင်း သိကောင်းစရာများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းဇော်ထွန်းက ကယားပြည်နယ်အတွက် အားထားရသည့် ခရီးသွားလာရေးလုပ်ငန်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုယုလွင်က စားသုံးသူရေးရာ သိမှတ်စရာများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က ရင်းနှီးမြှုပ်နှံမှုအကြောင်း သိကောင်းစရာများကို ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသည့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**လွိုင်ကော်သား**

**မြောင်းမြ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ 'လူကုန်ကူးမှု ပပျောက်ရေး ပြည်သူအားလုံးပါဝင်ပေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြောင်းမြမြို့ ဘုရားချောင်း မူလတန်းကျောင်းခန်းမ၌ ဇူလိုင် ၇ ရက်က ကျင်းပခဲ့ရာ မြောင်းမြခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်(ပင်းတယမီးအိမ်ရှင်)၊ ခရိုင်ဥပဒေရုံးမှ ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ကို၊ ဒုရဲအုပ်တင်ကိုကိုလင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သင်းငွေရီနှင့် Youth Club အဖွဲ့ဝင် ဦးစိုးမိုးတို့က လူဦးရေထိန်းချုပ်မှုနှင့် လူကုန်ကူးမှုပြဿနာ၊ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ပြစ်မှုအကြောင်းအရာများ၊ လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေး၊ လူကုန်ကူးမှုပပျောက်ရေးအတွက် ပညာရေးဖြင့် ထောက်ပံ့ပေးရန် စသည်တို့ကို ဦးဆောင်ဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်သော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက သိလိုသည်များကို မေးမြန်းကြပြီး ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဖြေကြားခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**တောင်ကုတ်**

တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၆ ရက်က ကမ်းဒေးကျေးရွာ အထကကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်က မူးယစ်ဆေးဝါး ပေါ်ပေါက်လာပုံနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပေါ်စေရေးအတွက် ရှောင်ရန် ဆောင်ရန်များနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးစန်းဝင်းက ပြည်သူ့စကားဝိုင်းများ ကျင်းပသည့် ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ၏ အခန်းကဏ္ဍကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးသန်းဦးက ဥပဒေဆိုင်ရာကိစ္စများကိုလည်းကောင်း၊ ကျေးလက်သားဖွားဆရာမ ဒေါ်နန်းစိုးက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း ဟောပြောခဲ့သည်။ ထို့နောက် လွှတ်တော်ကိုယ်စားများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ထွီးခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ဥပဒေအရာရှိတို့က ဒေသခံပြည်သူများနှင့် ကျောင်းသူ ကျောင်းသားများ သိရှိလိုသည်များကို ပြန်လည်ဖြေကြားဆွေးနွေးကာ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်မြစ်ရေတင်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ရန် ရေများဖြန့်ဝေပေးနေသည့် တောင်ဇင်း ကျေးလက်မြစ်ရေတင်လုပ်ငန်း ရေစက်ရုံအမှတ်(၆)နှင့် နပ္ပလင်ကျေးရွာရှိ နပ္ပလင်ရေစက်ရုံ အမှတ်(၅)တို့မှ ရေများ စနစ်တကျ ဖြန့်ဝေပေးနိုင်ရန်အတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတေဇာထွန်းနှင့် ဝန်ထမ်းများက ဇူလိုင် ၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူးသည် တောင်ဇင်းမြစ်ရေတင်လုပ်ငန်း ရေစက်ရုံအမှတ်(၆)နှင့် နပ္ပလင်ကျေးရွာရှိ နပ္ပလင်ရေစက်ရုံအမှတ်(၅)တို့မှ စက်ရုံတာဝန်ခံများနှင့်တွေ့ဆုံ၍ မြစ်ရေတင်စနစ်ဖြင့် ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးရာတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိအောင် စနစ်တကျ ဖြန့်ဝေသွားကြရန်နှင့် ရေစက်ရုံများရှိ ရေမော်တာများနှင့် ရေစုပ်စက်များကို ပျက်စီးဆုံးရှုံးမှုမဖြစ်အောင် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ကြရန် ဆွေးနွေးခဲ့ပြီး ရေစက်ရုံများရှိ ရေမော်တာ၊ ရေစုပ်စက်နှင့် ရေသိုလှောင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ရေစက်ရုံတာဝန်ခံများက မိမိတို့ ရေစက်ရုံအလိုက် ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးနေမှု အခြေအနေများနှင့် သောက်သုံးရေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြကာ မြို့နယ်ဦးစီးမှူးက မြစ်ရေတင်စနစ်ဖြင့် ရေဖြန့်ဝေပေးရာတွင် သောက်သုံးရေ ရယူသုံးစွဲနေကြသည့် ပြည်သူများ ရေပြတ်လပ်မှုမရှိစေရေးအတွက် အလေးထား ဆောင်ရွက်ပေးသွားရန်နှင့် စက်ရုံများ၌ မီးဘေးလုံခြုံရေးလုပ်ငန်းများကိုလည်း ဂရုစိုက်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

**လှိုင်ဝင်းလေး(ပုဂံမြေ)**

# ပန်းချီဆရာ ၇၀ ကျော်၏ လက်ရာများပြသသည့် မိုးရာသီအမှတ်တရပန်းချီပြပွဲကျင်းပ



ပန်းချီပြခန်းအတွင်း ကြည့်ရှုနေသော ပန်းချီဝါသနာရှင်များ

**မန္တလေး ဇူလိုင် ၇**

၂၀၁၉ ခုနှစ် မိုးရာသီအမှတ်တရ ပန်းချီပြပွဲကို မန္တလေး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေးတောင်ခြေရှိ မန္တလေးတောင် ပန်းချီအရောင်းပြခန်း၌ ဇူလိုင် ၆ ရက်မှ စတင်ကာ ဇူလိုင် ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပန်းချီပြပွဲ ဖွင့်ပွဲတွင်မြန်မာနိုင်ငံရေဆေးပန်းချီအသင်း နာယကဦးခင်မောင်သန်းက အမှာစကားပြောကြားပြီး နာယကဦးဇော်ဝင်း(သစ်ထွင်း)က မိုးရာသီအမှတ်တရ ပန်းချီပြပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ နာယကဦးလှထွန်းနှင့် အသင်းဥက္ကဋ္ဌ ဦးမာလာတို့က မုဒိတာစကားများ ပြောကြားသည်။ ဖွင့်ပွဲသို့ မြန်မာနိုင်ငံရေဆေးပန်းချီအသင်းဝင်များနှင့် ပြင်ဦးလွင်၊ စစ်ကိုင်း၊ ပုဂံ၊ မုံရွာ၊ မြင်းခြံမြို့များမှ ပန်းချီဆရာများ၊ ပန်းချီဝါသနာရှင်များ တက်ရောက်ခဲ့သည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာ၊ ဆရာမ ၇၀ ကျော်တို့ ရေးဆွဲထားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်နှင့် ခဲပန်းချီကား ၉၀ ကျော်တို့ကို ခင်းကျင်းပြသနေကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**

# ပေါင်မြို့နယ်၌ စာကြည့်တိုက်များဖောင်ဒေးရှင်း ဖွဲ့စည်း

**ပေါင် ဇွန် ၇**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်သူများ စာပေဖတ်ရှုသည့်အလေ့အကျင့် ပိုမိုအားကောင်းလာစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ လုပ်ကိုင်နေသူများ အပြန်အလှန် အတွေ့အကြုံဖလှယ်ကာ စာကြည့်တိုက်လုပ်ငန်းများတွင် လူငယ်လူရွယ်များ ပါဝင်လာစေရေးအတွက် ပေါင်မြို့နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဖွဲ့စည်းခြင်း အခမ်းအနားကို ဇူလိုင် ၆ ရက်က မြို့နယ် ပြန်/ဆက်ဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီချိုက ဌာနအနေဖြင့် ရပ်ကွက်/ကျေးရွာများရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေနှင့် ယခု မြို့နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း ဖွဲ့စည်းပြီးပါက လုပ်ငန်းများဆောင်ရွက်ရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် နည်းပညာအကူအညီများလည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် မွန်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးချိုချိုက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် မြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားကာ မြို့နယ်အတွင်းရှိ စာကြည့်တိုက်များမှ ကော်မတီဝင်များက စာကြည့်တိုက်လုပ်ငန်းများတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ဆက်လက်၍ အများသဘောဆန္ဒဖြင့် ဥက္ကဋ္ဌ ဦးခင်မောင်ဝေ အပါအဝင် ၁၃ ဦးကို ရွေးချယ်၍ မြို့နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းကို ဖွဲ့စည်းခဲ့ပြီး မွန်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းက မြို့နယ်အတွင်းရှိ ရှင်သန်ဖွံ့ဖြိုးနေသော စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို လှူဒါန်းခဲ့သည်။

**ကိုဟိန်း(ပေါင်)**

# ကော့သောင်းမြို့၌ ရာသီတုပ်ကွေးကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုပြုလုပ်

**ကော့သောင်း ဇူလိုင် ၇**

ရာသီတုပ်ကွေး ကာကွယ်ရေး အသိပညာပေးသည့် လူထုလှုပ်ရှားမှု ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ကော့သောင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ NGO အဖွဲ့များ ပူးပေါင်းပါဝင်ကာ ကော့သောင်းမြို့ပေါ်လူစည်ကားရာ နေရာများ၊ ပိတောက်ရွှေဝါရပ်ကွက်နှင့် အဝိုင်းပတ်လမ်းဆုံတို့တွင် လူထုအသိပညာပေးမှုများကို ဇူလိုင် ၇ ရက်က ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ကော့သောင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ဇော်၏ လမ်းညွှန်မှုဖြင့် ဒုတိယဦးစီးမှူး ဒေါက်တာဖြူဖြူဆွေ ဦးဆောင်သည့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ATM အဖွဲ့စသည့် ပူးပေါင်းအဖွဲ့များက လမ်းပေါ်ဖြတ်သန်းသွားလာနေကြသည့် ပြည်သူများအား ရာသီတုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

# ရှမ်းပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် ကျောက်မဲမြို့၌ လူထုစုပေါင်း သစ်ပင်စိုက်ပွဲကျင်းပ

**ကျောက်မဲ ဇူလိုင် ၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု ဒုတိယအကြိမ် လူထုစုပေါင်းပါဝင်သည့် သစ်ပင်စိုက်ပွဲကို ကျောက်မဲမြို့နယ် လုံဝယ်ကျေးရွာ လုံဝယ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဇူလိုင် ၆ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပွဲတွင် ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်က အမှာစကားပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောက်မဲခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီဝင်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ သစ်ပင်ချစ်မြတ်နိုးသူများ၊ ကျေးရွာနေပြည်သူများ စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင်၊ ယမနေပင်၊ ပျဉ်းကတိုးပင်၊ မဲဇလီပင်၊ ရေသင်းဝင်ပင်၊ ရေပိတုန်းပင်နှင့် ယူကလစ်ပင် ၁၀၀ စီ၊ သရက်ပင်၊ ထောပတ်ပင်နှင့် ပိန္နဲပင် ၇၀ စီနှင့် ကံ့ကော်ပင် ၅၀ စုစုပေါင်း သစ်ပင် ၉၆၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တကယ့်ကို ကြင်ကြင်နာနာနဲ့ လူနာကိုပြုစုချင်တဲ့နှလုံးသား ရှိတဲ့လူမျိုးမှ သူနာပြုလုပ်နိုင်တာလေ

## သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာနှင့် တွေ့ဆုံခြင်း

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း

**ယနေ့ချိန်ခါသည် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်များ စတင်လျှောက်ထားနိုင်သော အချိန်ကာလဖြစ်သည်။ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီးသော ကျောင်းသား ကျောင်းသူများအတွက် ရွေးချယ်စရာ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဘာသာရပ်တို့ကို သင်ကြားပေးမည့် တက္ကသိုလ်တို့ကား များပြားလှသည်။ ထိုသို့ ရွေးချယ်စရာများလှသော တက္ကသိုလ်အသီးသီးအနက် ကျောင်းသား ကျောင်းသူတို့အနေဖြင့် မိမိဝါသနာပါရာ ဘာသာရပ်ကို အဓိကထား ဦးစားပေး လျှောက်ထားကြစေလိုသည်။ ကျောင်းသား ကျောင်းသူလေးများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားမှု လွယ်ကူစေရန်အတွက် အသက်မွေးဝမ်းကျောင်းမှု တက္ကသိုလ်များကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် အဓိက လိုအပ်လျက်ရှိသော သူနာပြုများနှင့်သက်ဆိုင်သည့် သူနာပြုတက္ကသိုလ်အကြောင်းကို သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာနှင့် မြန်မာ့အလင်းက သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။**



ဒေါက်တာမြတ်သန္တာ

**မေး။ ။သူနာပြုတက္ကသိုလ်နဲ့ သင်ရိုးညွှန်းတမ်းအကြောင်းကို အရင်ဆုံး ရှင်းပြပေးပါ။**

ဖြေ။ ။သူနာပြုတက္ကသိုလ်က နှစ်ခုရှိပါတယ်။ ရန်ကုန်နဲ့ မန္တလေးပါ။ သူနာပြုတက္ကသိုလ်(ရန်ကုန်)ကို ၁၉၈၆ ခုနှစ်မှာ သူနာပြုသင်တန်းကျောင်းအဖြစ် စတင်ထူထောင်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ သူနာပြုတက္ကသိုလ်အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီးတဲ့ ကလေးတွေကျတော့ သူနာပြုတက္ကသိုလ်တွေကို Bachelor Program အတွက် လျှောက်တာပါ။ Bachelor of Nursing Science Program က လေးနှစ်ပါ။ အခု သူနာပြုသင်ရိုးညွှန်းတမ်းအသစ် (Outcome based curriculum)နဲ့ သင်ပြီး Semester Credit Unit ၊ GPA System ကျင့်သုံးပါတယ်။ သင်ရိုးညွှန်းတမ်းမှာ Ethics နဲ့ Professionalism ကို အသားပေးထားပြီး ကျောင်းသားများအနေနဲ့ critical thinking, problem solving, communication skills ရရှိအောင် life long learners တွေဖြစ်အောင် သင်ယူလေ့လာပုံနည်းစနစ်အမျိုးမျိုးကို အသုံးပြုပါတယ်။

သူနာပြုတက္ကသိုလ်တွေက ရန်ကုန်နဲ့ မန္တလေးမှာ ၂၅၀ စီ လက်ခံပါတယ်။ တစ်ခါတလေကျတော့လည်း ၂၅၀ အတိအကျ မဟုတ်ပါဘူး။ လျှောက်တဲ့ကျောင်းသားတွေရဲ့ ဖြေတဲ့စာစစ်ဌာနအပေါ် မူတည်ပြီး တချို့နှစ်တွေမှာ ရန်ကုန်က ပိုများပြီး တစ်ခါတလေကျတော့လည်း မန္တလေးမှာ ပိုများပါတယ်။

**မေး။ ။သင်ကြားရေးအပိုင်းကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ကျွန်မတို့အနေနဲ့ Nursing training အတွက် သင်ကြားရေးဆေးရုံ ၁၇ ရုံကို ပို့ပါတယ်။ ရန်ကုန်ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံ၊ JICA ၊ ကလေးဆေးရုံ၊ အရှေ့ပိုင်းဆေးရုံ၊ အနောက်ပိုင်းဆေးရုံ၊ နား နှာခေါင်း လည်ချောင်း အထူးကုဆေးရုံ၊ မျက်စိဆေးရုံ စသဖြင့် အကုန်လုံးနဲ့ ချိတ်ဆက်ထားပါတယ်။ အဲဒီဆေးရုံများမှာရှိတဲ့ သူနာပြုဆရာမကြီးများ၊ Clinical Instructor များက လက်တွေ့ပိုင်းဆိုင်ရာများကို ထိထိရောက်ရောက် သင်ကြားပေးပါတယ်။

သူနာပြုတက္ကသိုလ်တွေမှာ Bachelor degree ရနိုင်တဲ့ ပေါင်းကူးသင်တန်း BNSc(Bridge) Program လည်း ရှိပါတယ်။ လုပ်ငန်းခွင်မှာရှိတဲ့ ဆရာမကြီးများနဲ့ ဒီပလိုမာရပြီးတဲ့ သူတွေအတွက် ဖွင့်ထားတာပါ။ အရင်တုန်းက နှစ်နှစ်တက်ရတယ်။ အခုတော့ တစ်နှစ်ဖြစ်သွားပါပြီ။

**မေး။ ။ BNSc(Bridge) Program အကြောင်းကို ဆက်ပြီးရှင်းပြပေးပါ။**

ဖြေ။ ။၂၀၁၉ ခုနှစ်ကစပြီး BNSc(Bridge)ကို အဝေးသင်အစီအစဉ်နဲ့တက်နိုင်အောင်BNSc(Bridge)Off-Campus Program ဆိုပြီး ဖွင့်လှစ်ထားပါတယ်။ ဆရာမကြီးတွေ အလုပ်လုပ်တဲ့နေရာနဲ့ အနီးဆုံး သူနာပြုသင်တန်းကျောင်းနဲ့ချိတ်၊ အဲဒီကျောင်းနဲ့ ကျွန်မတို့တက္ကသိုလ်နဲ့ချိတ်ပြီး သုံးပွင့်ဆိုင်အစီအစဉ်နဲ့ ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။

အခုဆိုရင် သူနာပြုတက္ကသိုလ်(ရန်ကုန်)မှာ အဲဒီသင်တန်းတက်နေတဲ့ ဆရာမကြီးတွေ ၂၁၃ ဦး ရှိပါတယ်။ ဆရာမကြီးတွေက သိပ်ပြီး စိတ်အားထက်သန်ပါတယ်။ ဘွဲ့လည်းရမယ်။ ပိုပြီးတော့လည်း ပညာရပ်တွေကို ဆည်းပူးနိုင်တယ်။ အိုးမကွာ အိမ်မကွာ ဆေးရုံမှာအလုပ်လုပ်ရင်းနဲ့ တက်လို့ရအောင် စီစဉ်ထားခြင်းဖြစ်ပါတယ်။ အဲဒီသင်တန်းမှာ ဘာသာရပ် ခုနစ်ခု သင်ကြားပေးပါတယ်။ သူနာပြုပညာနဲ့ပတ်သက်တဲ့ လက်တွေ့အခြေခံထက် အုပ်ချုပ်မှုတို့၊ စီမံခန့်ခွဲမှုတို့၊ သုတေသနတို့၊ နောက် ခေါင်းဆောင်မှုနဲ့ပတ်သက်တာတို့ ထည့်သွင်းထားပါတယ်၊ ဘွဲ့ရလို့ရှိရင် တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းတွေမှာ ပြန်ပြီးအလုပ်လုပ်နိုင်တဲ့အတွက် သင်ကြားရေးနဲ့ ပတ်သက်တဲ့ ဘာသာရပ်လည်း ပါပါတယ်။

အဝေးမှာနေတဲ့အခါမှာ တစ်ယောက်တည်း စာဖတ်ရတာ ခက်ခဲမှာစိုးလို့ အင်တာနက် မက်ဆင်ဂျာအုပ်စုတွေ လုပ်ပေးပြီးတော့ ဘယ်သင်တန်းကျောင်းက ဘယ်နေ့ ဘယ်အချိန်မှာ ဆွေးနွေးပွဲတွေလုပ်မယ်ဆိုပြီးတော့ အချိန်စာရင်း ဆွဲထားပေးပါတယ်။ အပတ်တိုင်းရှိပါတယ်။ သတ်မှတ်ထားတဲ့ အချိန်မှာ ပေါ့နော်။ နောက်တစ်ခါ Zoom ပေါ့။ တစ်ယောက်မျက်နှာ တစ်ယောက်လည်း မြင်ရတယ်။ ဝီရိယကောင်းကြပါတယ်။ အချိန်ရောက်ရင် အကုန် line ပေါ်တက်လာကြတယ်လို့ ပြောပါတယ်။ တချို့ကျတော့ စာအုပ်အထူကြီးတွေ မဖတ်ချင်ကြဘူး။ ဒါတွေဖတ်ရမယ့်အစား တစ်ယောက်ယောက်က ဘေးနားက ရှင်းပြနေသလိုဆိုရင် သူတို့အတွက် လွယ်ကူမယ် ထင်လို့ ကျွန်မတို့က အဲဒီစာတွေကို ဘာသာပြန်ပြီးတော့ ကက်ဆက်ထဲမှာ ထည့်ပေးထားပါတယ်။ ဘယ်စာအုပ်၊ ဘယ်စာမျက်နှာကို ဖတ်ချင်ရင် ကက်ဆက် ဘယ်ခလုတ်ကိုနှိပ်ပါဆိုတဲ့ လမ်းညွှန်ချက်ကလေးတွေ ထည့်ထားပေးလိုက်ပါတယ်။ ဆရာမကြီးတွေ အဲဒါလေးတွေ ဖွင့်ပြီးနားထောင်ရင် အဲဒီစာအုပ်ထဲမှာပါတဲ့အတိုင်း အကုန်လုံးကို ရှင်းပြသွားတယ်ဆိုတော့ ဒီကက်ဆက်လေးတွေကလည်း တော်တော်လေး အထောက်အကူဖြစ်တယ်လို့ ပြောပါတယ်။



သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ တက်ရောက်သင်ကြားနေသော သင်တန်းသူလေးများ

**မေး။ ။သူနာပြုတက္ကသိုလ်က သင်တန်းတွေအကြောင်းလည်း ပြောပြပေးပါ။**

ဖြေ။ ။သူနာပြုတက္ကသိုလ်(ရန်ကုန်)မှာ ဘွဲ့ကြိုသင်တန်းတွေအပြင် အထူးပြုသူနာပြုဒီပလိုမာ ကိုးလသင်တန်း ခုနစ်ခု(Orthopaedic Nursing, Mental Health Nursing, Eye, Ear, Nose, Throat, Head and Neck Nursing, Dental Health Nursing, Child Health Nursing, Critical Care Nursing, Cardiovascular Nursing)၊ သူနာပြုမဟာသိပ္ပံသင်တန်း ကိုးခု(Orthopaedic Nursing, Mental Health Nursing, Maternal Health Nursing, Child Health Nursing, Critical Care Nursing, Community Health Nursing, Adult Health Nursing, Nursing Administration and Management, General Nursing)၊ အရေးပေါ် သူနာပြုစုမှုပညာ ဒီပလိုမာ(၁၅)လ သင်တန်း၊ အရေးပေါ်သူနာပြုစုမှုလက်မှတ်ရ (၆)လသင်တန်းတို့ကိုလည်း ဖွင့်လှစ်ပို့ချလျက်ရှိပါတယ်။ ၂၀၂၀ ပညာသင်နှစ်ကစပြီး သူနာပြုပါရဂူသင်တန်းကိုလည်း ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ ရန်ကုန်တိုင်းအတွင်းက မဟုတ်ရင်၊ ပြီးတော့ ဆွေမျိုးသားချင်းလည်းမရှိဘူး၊ နေစရာအခက်အခဲရှိတယ်ဆိုရင် အဆောင်လျှောက်နိုင်ပါတယ်။ အဆောင်မှာ ပထမနှစ်ကလေးတွေ၊ ဒုတိယနှစ်ကလေးတွေနဲ့ အခု တတိယနှစ်အထိ ထားနိုင်ပါတယ်။ မိန်းကလေး၊ ယောကျာ်းလေးဆောင် သီးသန့်ရှိပါတယ်။

**မေး။ ။သူနာပြုတက္ကသိုလ်ရဲ့အစီအစဉ်တွေကို ရှင်းပြပေးပါ။**

ဖြေ။ ။ကျွန်မတို့ဆီမှာ စာကြည့်တိုက် Facility လည်း ကောင်းပါတယ်။ Skill Lab တွေရှိတယ်။ ဆေးရုံတွေမပို့ခင်မှာ သူနာပြုလုပ်ထုံးလုပ်နည်းနဲ့ ပတ်သက်တဲ့ Fundamental အပိုင်းတွေကို Skill Lab မှာ လေ့ကျင့်သင်ကြားပေးပါတယ်။

တစ်လတစ်ခါလည်း Lunch time talk တွေ စီစဉ်ပေးပါတယ်။ အားကစားပြိုင်ပွဲ၊ အေရိုးဗစ်၊ ဘော်လီဘော၊ ရိုးရာ ခလေ့ထုံးစံပွဲတွေ၊ ထမနဲထိုးပြိုင်ပွဲ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲ စသဖြင့် ရှိတဲ့အတွက် ပျော်စရာကောင်းပါတယ်။ သူနာပြုတက္ကသိုလ်တွေက ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ ကျောင်းသား ကျောင်းသူအားလုံး လာပြီးဆုံတဲ့နေရာပေါ့နော်။ အထူးသဖြင့် ဘွဲ့နှင်းသဘင် ဂုဏ်ပြုညစာစားပွဲတွေမှာဆိုရင် သူနာပြုကျောင်းသား ကျောင်းသူ တိုင်းရင်းသား အုပ်စုတွေအကုန်လုံး သူ့အုပ်စုနဲ့သူ ရိုးရာအကတွေနဲ့ ဖျော်ဖြေကြပါတယ်။ ချင်းအက၊ ရခိုင်အက၊ ထားဝယ်အက အစုံပါပဲ။

**မေး။ ။နိုင်ငံတော် ကျန်းမာရေးကဏ္ဍအတွက် သူနာပြုတွေရဲ့ အရေးပါပုံကို ရှင်းပြပေးပါ။**

ဖြေ။ ။နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာမှာ သူနာပြုများရဲ့အခန်းကဏ္ဍက အရေးကြီးပါတယ်။

Sustainable Development Goals ၁၇ ခုထဲက ကျန်းမာရေးနဲ့ပတ်သက်တဲ့ Goal သုံးခု ပြည့်မီအောင်၊ Universal Health Coverage ရရှိနိုင်အောင်၊ ပြည်သူလူထု ကျန်းမာရေးအဆင့်အတန်း တိုးတက်လာအောင်၊ မကူးစက်နိုင်တဲ့ရောဂါတွေ ကူးစက်နိုင်တဲ့ရောဂါတွေ လျော့နည်းအောင်၊ မိခင်၊ ကလေးသေနှုန်း လျော့နည်းအောင် ဆောင်ရွက်ရာမှာ သူနာပြုတွေရဲ့စွမ်းဆောင်မှုအပေါ် အများကြီး မူတည်ပါတယ်။ မြန်မာနိုင်ငံမှာ သူနာပြုလိုအပ်ချက်ရှိနေတော့ သူနာပြုတွေကို များများမွေးထုတ်ရမှာပါ။ အခုဆိုရင် သူနာပြုတက္ကသိုလ်တွေ၊ သူနာပြုသင်တန်းကျောင်းတွေကနေ မွေးထုတ်နိုင်တာ တစ်နှစ်ကို နှစ်ထောင်လောက် ရှိမှာပါ။ မြန်မာပြည်အနှံ့မှာ သူနာပြုသင်တန်းကျောင်းတွေ ရှိပါတယ်။ သူနာပြုသင်တန်းကျောင်းတွေက သုံးနှစ် သူနာပြုဒီပလိုမာသင်တန်းတွေ ပေးပါတယ်။

**မေး။ ။အခြား ဘာများဖြည့်စွက်ပြီး ပြောကြားချင်ပါသလဲ။**

ဖြေ။ ။သူနာပြုအလုပ်ဆိုတာ တော်ရုံတန်ရုံ မလုပ်နိုင်ပါဘူး။ တကယ်ကို ကြင်ကြင်နာနာနဲ့ လူနာကိုပြုစုချင်တဲ့ နှလုံးသားရှိတဲ့လူမျိုးမှ သူနာပြုလုပ်နိုင်တာလေ။ အလုပ်လုပ်နေတဲ့ သူနာပြုတွေ၊ ဆေးရုံဆေးခန်း၊ ပြည်သူ့ကျန်းမာရေးဌာန၊ တက္ကသိုလ်၊ သင်တန်းကျောင်း အကုန်လုံးက တော်တော်လေး အနစ်နာခံပြီးတော့ စိတ်စေတနာကောင်းကောင်းနဲ့ အလုပ်လုပ်ပေးနေကြတာပါ။ သူနာပြုတွေကို ချီးကျူးရမှာ၊ ကျေးဇူးတင်ရမှာပါ။

ကျွန်မတို့ တက္ကသိုလ်အနေနဲ့ WHO နဲ့တွဲပြီး သူနာပြုသားဖွား ပညာရပ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ WHO ကလည်း ၂၀၂၀ ပြည့်နှစ်ကို သူနာပြုသားဖွားများရဲ့နှစ်လို့ သတ်မှတ်ထားပါတယ်။ အဲဒီအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှာ အခမ်းအနားများ ကျင်းပသွားဖို့ စီစဉ်နေသလို ကျွန်မတို့ဆီမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဦးဆောင်မှုနဲ့ မြန်မာနိုင်ငံ သူနာပြုသားဖွားကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုသားဖွားအသင်းတို့နဲ့ ပူးပေါင်းပြီး အခမ်းအနားကျင်းပနိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။ ။

# စာရေးဆရာမ စိမ့်စမ်းဖြူ(ဆေးတက္ကသိုလ်)၏ "သခင့်ကိုရှာ" လုံးချင်းဝတ္ထုသစ် မိတ်ဆက်ပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၇**

စာရေးဆရာမ စိမ့်စမ်းဖြူ(ဆေးတက္ကသိုလ်)၏ "သခင့်ကိုရှာ" လုံးချင်းဝတ္ထုသစ် မိတ်ဆက်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Junction City ရှိ စာပေလောက စာအုပ်ဆိုင်၌ ကျင်းပသည်။

စာရေးဆရာမ စိမ့်စမ်းဖြူ (ဆေးတက္ကသိုလ်)က မိမိအနေဖြင့် စာကောင်းပေမွန်များ ပိုမိုဖန်တီးနိုင်ရန် ကြိုးစားလျက်ရှိကြောင်း၊ သခင့်ကိုရှာစာအုပ်သည် စာပေလောကထဲသို့ ဝင်ရောက်စဉ်က ရေးသားခဲ့သောဝတ္ထုတိုကို ဝတ္ထုရှည်အနေဖြင့် ပြန်လည်ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ အတိတ်နှင့်ပစ္စုပ္ပန်ကို ရောပြွမ်း၍ တင်ပြပုံနည်းသစ်ဖြင့် ရေးသားထားကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍ အသိပညာတစ်ခု ရရှိမည်ဖြစ်ကြောင်း၊ ဒဏ္ဍာရီဖြစ်ရပ်တစ်ခုကို နောက်ခံပြီး ရေးသားထားသော စာအုပ်ဖြစ်၍ ဗဟုသုတ၊ စိတ်အပန်းဖြေ စာအုပ်တစ်အုပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စာရေးဆရာမ စိမ့်စမ်းဖြူ(ဆေးတက္ကသိုလ်)၏ "သခင့်ကိုရှာ" လုံးချင်းဝတ္ထုသစ်ကို စာပေချစ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် Smart စာပေမှ မြန်မာတစ်ပြည်လုံးသို့ ဇူလိုင်လဆန်းတွင် တစ်အုပ်လျှင် ၂၅၀၀ နှုန်းဖြင့် ဖြန့်ချိထုတ်ဝေလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ဦးကျော်ထွန်းဦး
### မြို့နယ်မန်နေဂျာ(ငြိမ်း)
### ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(စစ်တွေ)
### အသက်(၇၁)နှစ်

(ဦးထွန်းစိန်)-ဒေါ်ဒုံးမတို့၏သား၊ ရဲဝင်းနိုင်၊ စုနန္ဒာကျော်၊ မင်းမြတ်ကျော်၊ မြဖူးကျော်၊ နေထူးကျော်၊ (သင်းစန္ဒီကျော်)၊ နေဝင်းကျော်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ဒေါ်ပုစိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၉ရက်(တနင်္လာနေ့)တွင် စစ်တွေမြို့၊ အာကျိပ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ဝေ(ခ)ဒေါ်နီနီ
### (နတ်တလင်း)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ် ၁၀၇၅နေ (ဦး ကိုကို-ဒေါ်ခင်ခင်)တို့၏သမီး၊ (ဦးလှနွယ်-ဒေါ်ခင်မြ)တို့၏သမီးချွေးမ၊ ဦးအေးဝင်း(လ/ထ အထွေထွေမန်နေဂျာ၊ ငြိမ်း၊ သစ်ထုတ်ရေးဌာန၊ မြန်မာ့သစ်လုပ်ငန်း)၏ချစ်လှစွာသောဇနီး၊ ကိုလင်းကျော်ထွန်း-မမေမြတ်ဖြူ၊ မဆုရည်မွန်(Singapore)၊ ကိုပြည့်ဖြိုးအောင်၊ ကိုရောင်ခြည်ငြိမ်းချမ်း-မဆုရည်လှိုင်(USA)၊ မောင်ဝင်းမင်းဖြိုးတို့၏ချစ်လှစွာသောမိခင်၊ မောင်လင်းထက်ကျော်(1st year Chemical Engineering,YTU)၊ မထက်ထက်သဒ္ဒါ(G-7, I, TTC) တို့၏အဘွားသည် ၇-၇-၂၀၁၉ရက် ညနေ ၃း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀ နာရီတွင် ထွက်ခွာ ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ရီ (ပခုက္ကူ)
### B.E(Electrical Power)(၁၉၇၆)
### ပ.အင်ဂျင်နီယာ(ငြိမ်း)၊ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)
### အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှတ် ၁၀၇(က)၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ မြို့ဟောင်းအလယ်ရပ်နေ (ဦးဟုတ်စွန်-ဒေါ်သိန်းရင်)တို့၏သမီး၊ (ဦးအုန်းစိန်-ဒေါ်သန်းအေး)တို့၏သမီးချွေးမ၊ (ဦးတင်အောင်-ဒေါ်တင်မြင့်)၊ ဦးအောင်ဆန်း-ဒေါ်မြသွေးတို့၏ညီမ၊ ဦးဇော်ဝင်း(Total Myanmar-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးဇော်မြင့်ဦး-ဒေါ်မီမီလှိုင်၊ ဦးအောင်ကိုကိုမင်း-ဒေါ်မေထူးဇော်၊ ဦးကောင်းမြတ်ဇော်-ဒေါ်ဟေမာနွေဦးတို့၏ ချစ်လှစွာသောမိခင်၊ မောင်လင်းထွဋ်ဇော်၊ မောင်ဟန်မိုးဇော်၊ မောင်ကောင်းခန့်ဇော်၊ Valeria မင်းတို့၏ဘွားဘွားသည် ၇-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ အမှတ် ၁၆၁(BB)နေ ဦးစိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မတို့၏အမှုသည် ဦးစိုးအောင်၏ ဖြူနှင်းအောင်ကုမ္ပဏီလီမိတက်ပိုင်ငွေကျပ်များအား ဦးကျော်ဇောနိုင်မှ အလွဲသုံးစား ပြုလုပ်ပြီး ယနေ့တိုင် တွေ့ဆုံညှိနှိုင်းဖြေရှင်းခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်နေသည့်အတွက် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းပေးပါရန်နှင့် ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ခြင်းကိုလက်ခံသူ- | |
|---|---|---|
| **ဦးစိုးအောင်** | **ဒေါ်သီတာခင်လတ်** | **ဒေါ်နှင်းဆုအောင်** |
| **၁၂/မဂတ(နိုင်)၀၁၆၀၂၆** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ် ၁၆၁(BB)၊** | **စဉ်-၅၂၆၅** | **စဉ်-၁၄၉၄၁** |
| **နတ်မောက်ရပ်ကွက်၊** | **ဖုန်း-၀၉-၉၅၁၁၉၅၆၁၄** | |
| **တာမွေမြို့နယ်၊ ရန်ကုန်မြို့** | | |

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ စိတ္တသုခလမ်း၊ မြေကွက်အမှတ် (၉၆၁)၊ (၄၀×၆၀) ပေအကျယ်ရှိ ဦးတင်စိုးအမည်ပေါက် ပါမစ်မြေအမျိုးအစားဖြစ်ပြီး အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်မောင်တင် ၉/ကပတ(နိုင်)၀၉၈၂၀၇ထံမှ ဒေါ်ခင်စန်း ၁၂/လမန(နိုင်)၀၂၉၅၂၈မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်အောင် (LL.B)၊ စဉ်-၁၄၂၃၅**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀)၊ ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၀၁၅၄၃၁၀၁၊ ၀၉-၄၂၁၁၅၈၉၈၉၊ ၀၉-၄၂၈၂၅၂၅၂၆**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဆရာမကြီး ဒေါ်မြသန်း(ခ)ဒေါ်အမာ (မော်လမြိုင်)
### လူထုပညာရေးမှူး အပတ်စဉ်(၂)ဘီလူးကျွန်း
### အလက(၂)မော်လမြိုင်(ကွင်းကျောင်း)
### ကုက္ကိုင်း အမက၊ အထက(၄)တောင်ဥက္ကလာ
### အသက်(၉၈)နှစ်

မော်လမြိုင်မြို့၊ မောင်ငံရပ်နေ (ဦးဖိုးသင်-ဒေါ်နှင်းရင်)တို့၏သမီး၊ ဦးစစ်အိုင်(တပ်မတော် -လေ၊ ငြိမ်း)၊ဒေါ်သန်းသန်း၊ (ဦးလှထွန်း)-ဒေါ်နုနု၊ ဦးသန်းရွှေ(ကပရ)ငြိမ်း-ဒေါ်ခင်ဝေကြည် (အလက-၃၊ ဗဟန်းကျောင်းအုပ်၊ ငြိမ်း)၊ (ကိုမြတ်စိုး)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၇-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) ည ၆း၄၂ နာရီတွင် အမှတ် ၃၈၈၊ သူရလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၇-၂၀၁၉ ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းမြင့်
### အသက်(၉၇)နှစ်

ဦးဖိုးထပ်-ဒေါ်သိန်းခင်တို့၏သမီး၊ (ဦးမောင်မောင်ကြွယ်)၏ဇနီး၊ ဦးခင်မောင်မြင့်၊ ဒေါ်ခင်မြင့်အေး၊ ဦးဇော်ဝင်း၊ ဒေါ်စန်းစန်းဦး၊ ဦးတင့်ဆွေ၊ဒေါ်စိုးစိုးအောင်တို့၏မိခင်၊ မောင်ရဲမြတ်၊ ဆုစံဇော်ဝင်း၊ အိယမုံဇော်ဝင်း၊ ယွန်းပိုပိုအောင်၊ မောင်ဘုန်းမြတ်စံတို့၏ အဘွားသည် ၇-၇-၂၀၁၉ရက် နံနက် ၆း၃၀နာရီတွင် အမှတ်(၂)၊ လွတ်လပ်ရေးလမ်း၊ (ခ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းသိန်း
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၄/၃၇နေ (ဦးဘတင်-ဒေါ်တင်တင်မြ)တို့၏သမီး၊ (အရာခံဗိုလ်ဦးစိန်ဝှက်)၏ဇနီး၊ ဒုအရာခံဗိုလ်ကိုကိုကြီး(ငြိမ်း)-ဒေါ်ခင်ခင်လေး၊ ဗိုလ်မှူးညီညီလတ် OTS-81(ငြိမ်း)-ဒေါ်လှမဋ္ဌူ၊ အရာခံဗိုလ်ညီညီဌေး GE(968)-ဒေါ်စန်းစန်းကြူ၊ ဗိုလ်ကြီးညီညီအေး[OTS-98 (ငြိမ်း)]-ဒေါ်တင်တင်နွယ်၊ (ဦးအောင်ကြည်သိန်း)-ဒေါ်ခင်နန်းစိန်၊ ဒေါ်နန်းမြင့်စိန် (ပွင့်ဖြူစတိုး)၊ ဦးညီညီမြတ် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်မေစိုး၊ ဦးပညာဝံသ(ဓမ္မသုခတရားရိပ်သာ)တို့၏မိခင်၊ မြေး၁၁ ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၇-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ အမှတ် ၁၆၁(BB)နေ မဖြူနှင်းခိုင်(ဘ)ဦးစိုးအောင်၏သမီးဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

မဖြူနှင်းခိုင် ၁၂/တမန(နိုင်) ၁၁၇၆၉၂နှင့်မောင်ကျော်ဇောနိုင် ၁၂/တမန(နိုင်) ၁၀၁၅၇၄တို့သည် ၄-၉-၂၀၁၄ရက်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။ ၇-၂-၂၀၁၉ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးနောက် မဖြူနှင်းခိုင်နေထိုင်သော နေအိမ်တွင်းမှ တန်ဘိုးကြီးပစ္စည်းများနှင့် အရေးကြီးစာချုပ်စာတမ်းများ ယူဆောင်သွားသည့်အတွက် ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းပေးပါရန်နှင့် ဖြေရှင်းခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ခြင်းကိုလက်ခံသူ- | |
|---|---|---|
| **မဖြူနှင်းခိုင်** | **ဒေါ်သီတာခင်လတ်** | **ဒေါ်နှင်းဆုအောင်** |
| **၁၂/တမန(နိုင်)၁၁၇၆၉၂** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ် ၁၆၁(BB)၊** | **စဉ်-၅၂၆၅** | **စဉ်-၁၄၉၄၁** |
| **နတ်မောက်ရပ်ကွက်၊** | **ဖုန်း-၀၉-၉၅၁၁၉၅၆၁၄** | |
| **တာမွေမြို့နယ်၊ ရန်ကုန်မြို့** | | |

---

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### တောင်ကြီးမြို့နယ်တရားရုံး
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇၂ နှင့်ဆက်နွယ်သည့်
### ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၂၂

| | | |
|---|---|---|
| ဦးစက်တင် | **နှင့်** | (၁) ဗိုလ်မှူးဉာဏ်ထွန်း(ငြိမ်း) |
| | | (၂) ဒေါ်ညွှန့်ညွှန့်ရီ |
| **ဒီကရီအနိုင်ရသူ** | | **တရားရုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံကွင်းဝင်းအတွင်း၊ တိုက်အမှတ်(၅)နေ အမှတ် (၁) တရားရုံး ဗိုလ်မှူးဉာဏ်ထွန်း(ငြိမ်း) (ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တောင်ကြီးမြို့၊ မြို့နယ်တရားရုံး၏ ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစက်တင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက် (၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်နိုးပွင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး
## ဒေါ်ခင်ယု
## အုတ်ဖိုမြို့
### အသက်(၁၀၂)နှစ်

(ဦးပန်းဒါး-ဒေါ်စိန်ကျော့)တို့၏သမီး၊ သီတဂူ ဦးမောင်သောင်း-သီတဂူဒေါ်ကြည်ဝင်း(ရန်ကုန်ထရန်စဖော်မာကုမ္ပဏီနှင့် အောင်သောင်းကုမ္ပဏီ)၊ ဦးမြင့်အေး-ဒေါ်သောင်းမြင့်၊ ဦးအေးထွန်း-ဒေါ်သန်းမြင့်၊ ဦးလှကျော်-ဒေါ်ဖြူတို့၏မိခင်၊ ဦးထွန်းလင်းသောင်း၊ ဦးသန့်ဇင်သောင်း၊ ဒေါ်မြဟေမာသောင်း၊ မြေး ၁၃ယောက်၊မြစ် ၁၇ယောက်တို့၏အဘွားသည် ၇-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၇း၁၀နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ(လှိုင်သာယာ)၌ ကွယ်လွန်သွားပါသဖြင့် ၉- ၇-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရွှေပြည်သာမြို့နယ်၊ ၃၆ရပ်ကွက်၊ ရွှေဗဟိုပတ်လမ်း၊ အမှတ် ၄၁၅နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဦးထင်လင်း
### ခရိုင်လယ်ဝန်ဟောင်း(ကြေးတိုင်နှင့်မြေစာရင်း)
### Linpo Co.,Ltd
### အသက်(၇၇)နှစ်

မြိတ်မြို့၊ ဗိုလ်ချုပ်လမ်း၊ ဆိပ်ငယ်ရပ်၊ အမှတ် ၁၀၁နေ (ဦးသိန်းတင်-ဒေါ်စောရီ)တို့၏သားကြီး၊ ဒေါ်ပို့ပို့(ခ)ဒေါ်စိမ်းယုသွယ်၏ခင်ပွန်း၊ ဒေါ်ခင်ဥမ္မာလင်း၊ ဒေါ်ချောကလျာလင်း၊ ဒေါ်စောစန္ဒာလင်းတို့၏ဖခင်၊ အလက်စန္ဒားကျော်ကျော်ဦး၊ နှိုင်းတရကျော်တို့၏အဘိုးသည် ၃-၇-၂၀၁၉ရက် နံနက် ၉း၁၁နာရီတွင် အမေရိကန်နိုင်ငံ Jacksonville မြို့၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့)တွင် Jacksonville မြို့၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းကြေကွဲစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်၊ ရွှေဂုံပလာဇာဝင်း၊ Land Mark Tower၊ အမှတ် ၁၁၀၁၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဉာဏ်မျိုးထွန်း
### (Stephen)
### Golden Coment Co.,Ltd
### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ် E4-302၊ ရှုခင်းသာအိမ်ရာနေ (ဦးနေမျိုး)-ဒေါ်လှလှအေးတို့၏သား၊ ကိုကျော်သက်နိုင်-မမျိုးသဉ္ဇာမောင်၊ မမျိုးရီမာမောင်တို့၏အစ်ကို၊ ဒေါ်မျိုးမြတ်မြတ်စု၏ချစ်လှစွာသောခင်ပွန်း၊ မနှင်းပွင့်ဟေမာန်ဦး၏ဖခင်သည် ၆-၇-၂၀၁၉ရက် (စနေနေ့) ည ၁၀း၀၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(ရှုခင်းသာအိမ်ရာနှင့် သုဝဏ္ဏ နေအိမ်တို့မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးလှတင် (သထုံ)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၄)၊ အမှတ် ၁၂၉/၁နေ (ဒေါ်ကြည်ကြည်ဝင်း)၏ခင်ပွန်း၊ ဒေါက်တာမိုးမမတင်(ပါမောက္ခ-ငြိမ်း၊ ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး)၊ ဦးမိုးသူရတင်-ဒေါ်ဖြူဖြူဝင်း၊ ဦးမိုးသီဟတင်(လိုင်စင်ရအင်ဂျင်နီယာ)-ဒေါ်နှင်းဝေချို၊ ဒေါက်တာအေးချမ်း(တွဲဖက်ပါမောက္ခ၊ သချာင်္ဌာန၊ နည်းပညာတက္ကသိုလ်၊ ပင်လုံ)၊ ဒေါ်ငြိမ်းချမ်း(ကထိက၊ သချာင်္ဌာန၊ အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ ရန်ကုန်)-ဦးထူးရာဇာကျော် (ကထိက၊ မြို့ပြဌာန၊ နည်းပညာတက္ကသိုလ်၊ ကလေး)တို့၏ဖခင်သည် ၇-၇-၂၀၁၉ရက် နံနက် ၉း၁၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးမျိုးချစ် (သံတွဲ)
### အသက်(၆၉)နှစ်

သံတွဲမြို့နေ ဦးချစ်ဖေ-(ဒေါ်ခင်လေး)တို့၏သား၊ (ဦးထွန်းတင်-ဒေါ်လှမြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်တင်မမ၏ခင်ပွန်း၊ ဦးကျော်ထွေး-ဒေါ်ခင်ခင်ချစ်၊ ဦးဝင်းသန်း-ဒေါ်ယုပပတို့၏ အစ်ကို၊ ဦးဇော်နိုင်-ဒေါ်အိအိကေခိုင်၊ ဦးကျော်ကိုကိုထက်-ဒေါ်ဖြူနွယ်တို့၏ ချစ်လှစွာသောဖခင်၊ မအင်ကြင်းဆွေ၊ မသုသုရွှေစင်၊ မထက်မှူးအိမ်၊ မထက်ရတီခြယ်တို့၏အဘိုးသည် ၆-၇-၂၀၁၉ရက် (စနေနေ့) ည ၈း၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကောလိယလမ်း၊ အမှတ် ၄၇၁/ခနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၉ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊သမိန်ဗရန်းလမ်းတို၊ အမှတ် (၂၇)၊ မြေတိုင်းရပ်ကွက်အမှတ် (၄အေ.S -၉၂)၊ မြေကွက်အမှတ်(၁၉၅)၊ ဧရိယာ ၀ဒသမ၀၃၅ဧကေရှိ အစိုးရမြေအား မြေငှားစာချုပ်(အထူးဂရန်)ခွင့်ပြုပေးပါရန် ဒေါ်တင်တင်နွယ် ၇/တငန(နိုင်)၀၀၅၄၄၅မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/8799 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်IK/1187၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## သတ်ကိုးသတ်ဘုရင်အမည်ဖြင့် မြန်မာ့လက်ဝှေ့ပြိုင်ပွဲကြီး မန္တလေး၌ ကျင်းပမည်

စာမျက်နှာ - ၁၂

## ရမ်းဗြဲမြို့နယ်၌ စက်လှေနစ်မြုပ်၍ ပျောက်ဆုံးနေသူ ငါးဦးအနက် သုံးဦးပြန်လည်တွေ့ရှိ

စာမျက်နှာ - ၁၃

## နိုင်ငံရေးမုန်တိုင်းကြားသို့ တိုးဝင်သွားသော ရေယာဉ်မှူး

စာမျက်နှာ - ၁၅

# MNL ပွဲစဉ်(၁၅) ရခိုင်အသင်းက ဇွဲကပင်ကို အနိုင်ယူ

**ရန်ကုန် ဇူလိုင် ၇**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ရခိုင်အသင်း ပွဲပြီးခါနီးဂိုးဖြင့် အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက ဇွဲကပင်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် အရှုံးမှ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် အဆင့်(၆)နေရာကို ရယူနိုင်ခဲ့ပြီး ဇွဲကပင်အသင်းမှာမူ တန်းဆင်းဇုန်မှလွတ်ရန် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ခြေစွမ်းမကွာသောကြောင့် ပွဲမှာ အပြန်အလှန်

စာမျက်နှာ ၁၂ ကော်လံ ၁ ◆



MNL ပွဲစဉ်(၁၅) ဇွဲကပင်နှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်




အိုင်ဗရီကို့စ်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ထပ်မံဆွတ်ခူးရရှိခဲ့သော သက်ထားသူဇာကို အခြားဆုရကစားသမားများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-သက်ထားသူဇာ (Facebook)

# International Series ကြက်တောင်ရိုက်ပြိုင်ပွဲ မြန်မာကြက်တောင်မယ် သက်ထားသူဇာ ထပ်မံဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၇

**မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ဇူလိုင် ၄ ရက် မှ ၇ ရက်အထိ အိုင်ဗရီကို့စ်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲပြီး ချန်ပီယံဆု ထပ်မံဆွတ်ခူးရရှိခဲ့သည်။**

သက်ထားသူဇာသည် ယခုပြိုင်ပွဲတွင် ဒုတိယအဆင့်မှ စတင်ကစားခဲ့ရပြီး မောရစ်သျှအားကစားမယ် ဖူကူနီကို ၂၁-၁၅ မှတ်၊ ၁၄-၂၁ မှတ်၊ ၂၁-၁၉ မှတ်ဖြင့် ၂-၁ ပွဲ၊ ကွာတားဖိုင်နယ်တွင် ပါကစ္စတန်ကစားသမား ရှာဇက် ကို ၂၁-၁၇ မှတ်၊ ၂၁-၁၃ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် အီရန်ကစားသမား ဆိုရာယာကို ၂၁-၁၉ မှတ်၊ ၂၁-၁၉ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဗိုလ်လုပွဲတွင် ယခုပြိုင်ပွဲ၏ ဆီဒင်သတ်မှတ်ချက် အဆင့်(၁)ရ အိန္ဒိယကစားသမား ကူဒါရာဗီလီကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ဗိုလ်လုပွဲတွင် ၂၁-၁၈ မှတ်၊ ၂၁-၁၃ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းနေသည့် သက်ထားသူဇာအတွက် ယခုနှစ်အတွင်း ငါးကြိမ်မြောက်ရရှိသည့် ချန်ပီယံဆုရခဲ့ပြီး လာမည့်ပြိုင်ပွဲများအတွက်လည်း ယုံကြည်မှုရှိစေခဲ့သည်။ သက်ထားသူဇာသည် ၂၀၁၈ အောက်တိုဘာမှ ၂၀၁၉ ဇူလိုင်လအထိ နိုင်ငံတကာပြိုင်ပွဲများ၌ ချန်ပီယံဆု ခြောက်ကြိမ်၊ ဒုတိယဆု တစ်ကြိမ်

စာမျက်နှာ ၁၂ ကော်လံ ၄ ❇

# ၂၀၁၉ ကိုပါအမေရိကဖလား တတိယနေရာလုပွဲ အာဂျင်တီးနားတို့ ချီလီကို အနိုင်ယူ

**ဆောပေါလို ဇူလိုင် ၇**

ကိုပါအမေရိကဖလား တတိယနေရာလုပွဲကို ဇူလိုင် ၇ ရက် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် အရီနာကိုရင်သီယန်ကွင်းကြီး၌ အာဂျင်တီးနားနှင့် ချီလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် အာဂျင်တီးနားအသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အာဂျင်တီးနားအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် မက်ဆီ၊ အဂူရိုနှင့်ဒိုင်ဘာလာတို့ ပွဲထွက်ခဲ့ပြီး ချီလီအသင်းသည် ၃-၅-၂ ပုံစံဖြင့် ဆန်ချက်ဇ်နှင့် ဗားဂက်စ်တို့ တိုက်စစ်အတွဲ ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၁၂ မိနစ်တွင် အဂူရိုက အာဂျင်တီးနားအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၂၂ မိနစ်တွင် ဒိုင်ဘာလာက အာဂျင်တီးနားအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ပွဲချိန် ၃၇ မိနစ်တွင် ချီလီ နောက်တန်းကစားသမား မက်ဒယ်လ်နှင့် အာဂျင်တီးနားအသင်း ခေါင်းဆောင် မက်ဆီတို့ အချင်းများရာမှ နှစ်ဦးစလုံး တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ နှစ်သင်းစလုံး တစ်ယောက်လျော့ဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရာမှ အာဂျင်တီးနား အသင်းသည်

စာမျက်နှာ ၁၂ ကော်လံ ၄ ❑



အာဂျင်တီးနားအသင်းတိုက်စစ်မှူး မက်ဆီ ချီလီဘက်သို့ ထိုးဖောက်ကစားစဉ်။

